ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## ပညာရှိတို့၏နေခြင်း

ပညာရှိသည် မေ့လျော့ခြင်းကိုပယ်ဖျောက်၍ မမေ့မလျော့နေကြ၏။ ပညာဖြင့်မေ့လျော့သော၊ စိုးရိမ်မှုရှိသောသတ္တဝါ၊ သူမိုက်တို့ကို ရှုကြည့်၏။ မမေ့မလျော့သောသတိဖြင့် စိုးရိမ်ပူပန်ခြင်း၊ တပ်မက်စွဲလမ်းခြင်းမရှိအောင် နေအပ်၏။ ပညာရှိတို့၏နေခြင်းဖြင့်နေအပ်၏။

**အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၈)**

၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၅ ရက်၊ စနေနေ့။ 9, Saturday July 2016 (၈၆၁၇)



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ဓာတ်အားထုတ်လုပ်နိုင်သည့် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာအောင်သူ၊ ဦးဖေဇင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ မန္တလေးမြို့ တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရဟတ်ယာဉ်များဖြင့် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်ရွက်နေရာတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် တမံကိုကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးစန်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မြစ်ငယ်မြစ်ပေါ်ရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်လျာထားသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**

### ရွှေဈေးအမြင့်ဆုံးစံချိန်တင်

**ရန်ကုန် ဇူလိုင် ၈**

ယနေ့နံနက် မြန်မာအခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၃၅၅၀၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး ညနေပိုင်းတွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၃၇၄၀၀ ရှိခဲ့သည်။ ကမ္ဘာ့ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၅၅ ဒေါ်လာရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရန်ကုန်ရွှေအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က "ကမ္ဘာ့ရွှေဈေးတက်လို့ မြန်မာ့ရွှေဈေး မြင့်တက်တာဖြစ်ပါတယ်။ နောက်ပြီး ဗြိတိန်နိုင်ငံက EU မှ ခွဲထွက်တာကြောင့်လည်း ပါတာပေါ့။ ဒီနေ့ရွှေဈေးက မြန်မာ့ရွှေဈေးကွက်သမိုင်းမှာ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ■**




## နှစ်နိုင်ငံဆက်ဆံရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး

သတင်း စာမျက်နှာ - ၃



ကြေးမုံ

# နိုင်ငံတော်၏ အမျိုးသားစီးပွားရေးစံပေတံ

ပြည်ပနိုင်ငံများမှ အေးခဲကြက်သား၊ ဝက်သားနှင့် အမဲသားများအား တင်သွင်းခွင့်ပြုမည်ဆိုသော သတင်းထွက်ပေါ်လာပါသည်။ ပြည်သူများ နေ့စဉ်စားသုံးနေသော အသားဈေးနှုန်းများ ကျဆင်းရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်းလည်း ကြားသိရပါသည်။ ပြည်သူများ၏ လူနေမှုစရိတ်ကျဆင်းစေရန် ရည်ရွယ်ဆောင်ရွက်သော ကိစ္စဖြစ်၍ ဤဆောင်ရွက်ချက်၏ စေတနာအကြောင်းခံအပေါ် သံသယဝင်စရာ အချက်အလက် မရှိဟုယုံကြည်ပါသည်။ သို့သော် ဤသို့ ပြည်ပမှ အေးခဲအသားများ တင်သွင်းခွင့်ပြုခြင်းကြောင့် ပြည်သူလူထု၏လူနေမှုစရိတ် မည်မျှသော အတိုင်းအတာအထိ ကျဆင်းနိုင်သည်ကို သိရှိရန်လိုအပ်သကဲ့သို့ ဤလုပ်ဆောင်ချက်နှင့်အတူ မည်သို့သော ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်ကိုလည်း စိစစ်သုံးသပ်ရန် လိုအပ်ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်သည့် 2015 MYANMAR STATISTICAL YEARBOOK အရ တစ်နိုင်ငံလုံးအပေါ် ခြုံကြည့်မည်ဆိုလျှင် အသားအတွက် ကုန်ကျစရိတ်သည် လစဉ်မိသားစုကုန်ကျစရိတ်၏ ၈ ဒသမ ၂၁ ရာခိုင်နှုန်းရှိပါသည်။ သို့ဖြစ်ပါ၍ သက်သာလာသော အသားအတွက် ကုန်ကျစရိတ်သည် ပြည်သူတို့၏ လူနေမှုစရိတ်ကျဆင်းရေး၌ သိသာသော အကျိုးသက်ရောက်မှု မရှိနိုင်ဟု ယူဆရမည်ဖြစ်ပါသည်။ သို့သော် ဤဆောင်ရွက်ချက်ကြောင့် မည်သို့သော ဘေးထွက်ဆိုးကျိုးများ မရှိစေကာမူ ပြည်သူတို့၏ လစဉ်ကုန်ကျစရိတ် သက်သာမှုသည် မည်မျှ နည်းပါးနည်းပါး လိုလိုလားလားဆောင်ရွက်ရမည်သာဖြစ်ပါသည်။ ဤအခြေအနေ၌ ပြည်ပမှတင်သွင်းလာသော အေးခဲအသားများသည် မည်သို့သော ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်ဆိုသောအချက်မှာ အရေးပါလာပါသည်။

ဥပမာအနေဖြင့် ကြက်သားကိစ္စကို စဉ်းစားကြည့်ပါက မြန်မာနိုင်ငံ၏ ကြက်သားဈေးနှုန်းသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြင့်မားနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ပြည်ပမှ တင်သွင်းလာသော အေးခဲကြက်သားသည် ပြည်တွင်းကြက်သားဈေးနှုန်းထက် ပိုသက်သာမည်မှာ မှန်သော်လည်း ပြည်တွင်းကြက်သားထုတ်လုပ်သူများ၏ ဈေးကွက်ကိုမူ ပြည်ပအေးခဲကြက်သားများအား ခွဲဝေပေးရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ကြက်မွေးမြူသော လုပ်ငန်းအများစုသည် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကြက်မွေးမြူရေးလုပ်ငန်းသည် ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းငယ်မျိုးဖြစ်ပါသည်။ ထို့ကြောင့် ပြည်ပအေးခဲကြက်သားတို့သည် ပြည်သူတို့ကြား ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းကို အတိုင်းအတာတစ်ခုအထိ ထိခိုက်စေမည်ဖြစ်ပါသည်။ ကြက်မွေးမြူရေးလုပ်ငန်းတို့ ထိခိုက်ပြီဆိုပါက ဤလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော ကြက်စာလုပ်ငန်း၊ ကြက်မွေးမြူရေးဆေးဝါးလုပ်ငန်း အစရှိသောလုပ်ငန်းများလည်း ထိခိုက်ပြီး ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေရပေါက်ရလမ်းတို့ကို ထိခိုက်စေမည်ဖြစ်ပါသည်။ အလေးအနက်ထား သုံးသပ်သင့်သည်မှာ ဤသို့သောဘေးထွက်ဆိုးကျိုးများသည် သာမန်ပြည်သူလူထုများကိုသာ ပိုအထိနာစေသောအချက်ဖြစ်ပါသည်။ စီးပွားရေးသဘောအရသုံးသပ်ပါကလည်း ပြည်ပအေးခဲကြက်သားကို တင်သွင်းခြင်းသည် ပြည်တွင်းမှငွေများ ပြည်ပသို့ စီးထွက်ခြင်းဖြစ်ပြီး ပြည်တွင်းမွေးမြူရေးလုပ်ငန်းများ တိုးပွားဖွံ့ဖြိုးလာခြင်းသည် ပြည်တွင်းအလုပ်အကိုင်များတိုးချဲ့ ဖန်တီးခြင်းဖြစ်သကဲ့သို့ ပြည်သူတို့၏ ဝင်ငွေ(တစ်နည်းအားဖြင့်ဆိုသော်) ပြည်သူတို့၏ သုံးစွဲနိုင်စွမ်းကိုပွားများစေခြင်းလည်း ဖြစ်ပါသည်။

စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ကြက်သားဈေးသည် ကြက်မွေးမြူရေးခြံပေါက်ဈေးနှင့် ပြည်သူလူထုတို့ နေ့စဉ်ဝယ်ယူနေကြသော ရပ်ကွက်ဈေး ပေါက်ဈေးတို့ကြား ကွာဟချက် အဆမတန်ကြီးမားနေခြင်းဖြစ်ပါသည်။ အကြမ်းဖျင်းပြောရပါက ရပ်ကွက်ဈေး ကြက်သားပေါက်ဈေးသည် ကြက်မွေးမြူရေးခြံပေါက်ဈေးထက် ၁၀၀ ရာခိုင်နှုန်းကျော်များပြားနေပါသည်။ မွေးမြူရေးခြံနှင့် ရပ်ကွက်ဈေးပေါက်ဈေး အကြားမည်သို့သော အကြောင်းကြောင့် ဤမျှကွာခြားသွားသည်ကို အသေအချာလေးလေးနက်နက်စိစစ်သုံးသပ်သင့်ပါသည်။ ပြည်သူတို့ ပေးနေရသော ကြက်သားဈေးနှုန်းသည် ဤအကြောင်းအရင်းကြောင့် အဆမတန်ဈေးကြီးခြင်းဖြစ်ပါက ပြည်ပမှ အေးခဲကြက်သားတင်သွင်းခွင့် ပြုသည်ထက် အဆိုပါအကြောင်းအရင်းကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ပါသည်။ နိဂုံးချုပ်တင်ပြရပါက မြန်မာနိုင်ငံ၏ပစ္စုပ္ပန်အမျိုးသားရေးလိုအပ်ချက်သည် တိုင်းပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ပြီး ပြည်သူတို့၏ ဝင်ငွေတိုးပွားစေရန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများအား ကိုင်တွယ်စီမံသည့်အခါ ဤအမျိုးသားရေး လိုအပ်ချက်စံပေတံဖြင့်သာ တိုင်းတာဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ။

# ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ အခက်အခဲရှိက ဖြေရှင်းဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုချက်ပေးပို့နိုင်

**နေပြည်တော် ဇူလိုင် ၈**

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များနှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သည့်အလျောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များနှင့်အညီ ကုန်သွယ်မှုတိုးမြှင့်ရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဖြေလျှော့ပေးရေး၊ ကုန်သွယ်ပညာပေးရေးကိစ္စရပ်များကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ကုန်သွယ်မှုပြုလုပ်နေသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုင်စင်ရယူခြင်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ဝန်ကြီးဌာနမှ ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်အတွက် အကြံပြုချက်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) နေပြည်တော် Fax ဖုန်းအမှတ် ၀၆၇ ၄၀၈၀၀၄ သို့လည်းကောင်း၊ gmail လိပ်စာ moc.mopolicy 2015 @gmail.com သို့လည်းကောင်း ပေးပို့နိုင်ပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ကလောဒေသ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်ပေါ်ရေး ဖိုရမ်ကျင်းပ



**နေပြည်တော် ဇူလိုင် ၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် GIZတို့ ပူးပေါင်းစီစဉ်မှုဖြင့် ကလောဒေသ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ဖြစ်ပေါ်ရေးဖိုရမ်ကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက ကလောမြို့နယ် စည်ပင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန တောင်ကြီးရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က အင်းလေးကန်ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုစီမံချက် မဟာဗျူဟာ (၉) ရပ်အနက် တစ်ခုအပါဝင်ဖြစ်သော တောတွင်းခရီးကြမ်း လမ်းလျှောက်ခရီးစဉ်များတွင် လိုက်ပါဆောင်ရွက်သူများ၏ အရည်အချင်းမြှင့်တင်ခြင်း၊ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းဟူ၍ ပါရှိကြောင်း၊ Community Based Tourism အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရပ်ရွာများအတွက် အကျိုးအမြတ်များ ရရှိစေရန်သာမက အလုပ်အကိုင်အခွင့်အလမ်းများပါ ရရှိနိုင်မည်ဖြစ်ပါကြောင်းနှင့် ခရီးသွားဧည့်သည်များအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များအား ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ GIZ မှ Mr. Mike Hayner က Sustainable Tourism နှင့်ပတ်သက်၍လည်းကောင်း၊ ပအိုဝ်းဒေသ CBT စီမံကိန်းမန်နေဂျာ ဦးခွန်ထွန်းဦးက CBT ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကလောဒေသတွင် တောတွင်းခရီးကြမ်း လမ်းလျှောက်ခြင်းနှင့်ပတ်သက်၍ ဦးစိုင်းကျော်သူထွေးက ခရီးစဉ်များ သွားလာရသည့်အခြေအနေများ၊ အားနည်းချက်၊ အားသာချက်များကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင် ဦးဝင်းတင်က တောတွင်းခရီးကြမ်း လမ်းလျှောက်ခြင်းတွင် ဧည့်လမ်းညွှန်များလိုက်နာရမည့် အချက်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန တောင်ကြီးရုံးခွဲမှညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်နှင့်တာဝန်ရှိသူများ၊ ကလောမြို့နယ်လွှတ်တော်ကိုယ်စားလှယ်၊ ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ ကလောမြို့နယ်စည်ပင်သာယာရေးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပအိုဝ်းဒေသ (CBT)မှ စီမံကိန်းမန်နေဂျာ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များ၊ GIZမှ တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(ကြေးမုံ)**




# သရက်မြို့တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

**သရက် ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရန် ရည်ရွယ်၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ယမန်နေ့က သရက်မြို့ပေါ် အထက၊ အလက၊ အမက၊ မူကြိုကျောင်းနှင့် မြို့ပေါ် ရပ်ကွက်အချို့တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ပြည်တော်အေးရပ်ကွက် ညောင်လေးပင်အပိုင်းနှင့် ထုံးတောင်ကျေးရွာအတွင်းရှိ လူနေအိမ်များတွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာပြည့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၅၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

## လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်

လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ ရန်ကုန် မြို့တော်ခန်းမ၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)**



**✱ ရွှေဖုံးမှ**
ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက စီမံကိန်း ကုန်ကျစရိတ်၊ ဘဏ္ဍာရေးနှစ်အလိုက် အမြတ်ရရှိမှုနှင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးဝေနိုင်မှု၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားထုတ်လုပ်နိုင်သည့် စက်ရုံများအခြေအနေ၊ ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားပေးဝေနိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးသောင်းဟန်က မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာတပ်ဆင်အင်အားနှင့် ဓာတ်အားလိုင်းများအခြေအနေ၊ တိုင်းဒေသကြီးအတွင်း နှစ်အလိုက်ဓာတ်အားသုံးစွဲမှုနှင့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်မှု အခြေအနေများ၊ ဓာတ်အားဖြန့်ဖြူးရေး တာဝန်ယူထားသည့် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများဖြစ်သော ဝမ်းတွင်း၊ နဘူးအိုင်၊ မင်းဘူးမြို့နယ်များရှိ နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်းများနှင့် ချောင်းသာရှိ လေစွမ်းအင်သုံးစီမံကိန်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်မပျက်ယွင်းစေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ထိခိုက်မှုမရှိစေရေး၊ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် တာဝန်ယူမှုရှိစေရေးစသည့် ကိစ္စရပ်များကို အလေးအနက်ထား မှာကြားပြီး တာဝန်ရှိသူများနှင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ၊ လုပ်ဆောင်ရန်ကျန်ရှိနေသည့် ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြရာ ဓာတ်အားပေးစက်ရုံ မှတ်တမ်းပြခန်း၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းငွေက စက်ရုံတည်ဆောက်ခဲ့မှု အဆင့်ဆင့်အား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဓာတ်အားထိန်းချုပ်ခန်းအား ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်အေးမင်းဖြူကစက်ရုံမှ ဓာတ်အားထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံ ရှုရပ်သို့ ရောက်ရှိပြီး ၂၀၀၆ ခုနှစ်က ဓာတ်အားပေးစက်ရုံ တည်ဆောက်စဉ် တူးဖော်တွေ့ရှိခဲ့သော နှစ်သန်း ၅၅၀ ခန့်ရှိ အသွင်ပြောင်းသဲကျောက်တုံးတွင် နိုင်ငံတော်သမ္မတက မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် မန္တလေးမြို့သို့ ရောက်ရှိကြပြီး မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်စေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများပေးအပ် လှူဒါန်းသည်။

ထိုမှတစ်ဆင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိပြီး ရွှေသင်္ကန်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကာ ကြေးရုပ်ပြတိုက်နှင့် သမိုင်းပန်းချီပြတိုက်များကို ကြည့်ရှုလေ့လာ၍ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မန္တလေးမြို့ အရှေ့တောင်ဘက် (၃၁)မိုင်အကွာ (ရဲ-ယမန်းရွာ)အနီး မြစ်ငယ်မြစ်ပေါ်တွင် တည်ရှိသည်။ ရေလှောင်တမံသည် ကွန်ကရစ်တမံ အမျိုးအစား ဖြစ်ကာ တမံအလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေ ၊ ရေပိုလွှဲအကျယ် ၄၄၈ ပေ ရှိသည့် ရေလှောင်တမံဖြစ်ပြီး ကန်ရေပြည့်ရေလှောင် ပမာဏ ၂၁ ဒသမ ၁၄ သိန်းဧကပေ ဖြစ်သည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် ဖရန်စစ် တာဘိုင်အမျိုးအစား စက်လေးလုံး တပ်ဆင်ထားပြီး လျှပ်စစ်ဓာတ်အား စုစုပေါင်း ၇၉၀ မဂ္ဂါဝပ် ထွက်ရှိကာ နှစ်စဉ်ပျမ်းမျှကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်နိုင်သည်။ အဆိုပါ စီမံကိန်းကို ၂၀၀၁ခုနှစ်တွင် စီမံကိန်းအကောင်အထည် ဖော်နိုင်ရေးအတွက် ဒီဇိုင်းပုံစံထုတ်ခြင်းနှင့် တင်ဒါစံချိန်စံညွှန်းများပြုစုခြင်း ဆောင်ရွက်ရန် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Co.,Ltd. နှင့် စာချုပ်ချုပ်ဆို၍ တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် အပြီးသတ်တည်ဆောက်ပြီးစီးခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ဘုရားဖူး လာရောက်ကြသည့် ပြည်သူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နှစ်နိုင်ငံ ဆက်ဆံရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၈**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. GENG Huichang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. GENG Huichang အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**■ မြန်မာ့ရွှေဈေးမှ**
အမြင့်ဆုံးစံချိန်တင်ဈေး ဖြစ်ခဲ့ပါတယ်”ဟုပြောသည်။

“ကမ္ဘာ့ရွှေဈေးနှင့်အတူ မြန်မာ့ရွှေဈေးမြင့်တက်တာ မြန်တဲ့အတွက် အချိန်မရွေးပြန်ကျသွားနိုင်ကြောင်း” ရွှေအသင်းမှ ဝါရင့်ရွှေဝယ်/ရောင်း တစ်ဦးက ဖြည့်စွက်ပြောကြားသည်။

ရွှေလက်ဝတ်ရတနာအရောင်းဆိုင်များတွင် ၁၅ ပဲရည် ရွှေတစ်ကျပ်သား ငွေကျပ် ၇၈၅၀၀၀ဖြင့် ရောင်းဝယ်ပြီး ပြင်ပငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာ ၁၁၇၄ ကျပ်ရှိကြောင်း သိရသည်။

**မောင်အေး(သတင်းစဉ်)**

## ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်

**ပဲခူး ဇူလိုင် ၈**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက် ၉ နာရီက တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်များ၊ ငါးဘာသာဂုဏ်ထူးရှင်များ၊ နိုင်ငံတော်အဆင့် ဝိပ္ပဘာသာတွဲအမှတ်အများဆုံးရရှိသော ကျောင်းသားကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးမြို့နယ် ငါးမြို့နယ်၊ စာသင်ကျောင်း ငါးကျောင်း၊ ကိုယ်ပိုင်စာသင်ကျောင်း သုံးကျောင်းတို့ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများကို အသီးသီးပေးအပ် ချီးမြှင့်ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဒဲလက်စ်ဆန္ဒပြပွဲအတွင်း လက်ဖြောင့်သေနတ်သမားများ၏ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ငါးဦး သေဆုံး

**ဒဲလက်စ် (အမေရိကန်ပြည်ထောင်စု)ဇူလိုင် ၈**


အမေရိကန်ပြည်ထောင်စုတောင်ပိုင်း တက္ကဆက်ပြည်နယ် ဒဲလက်စ်မြို့၌ဖြစ်ပွားခဲ့သော လူစုလူဝေးဆန္ဒပြပွဲတစ်ခု အတွင်း လက်ဖြောင့်သေနတ်သမားများက ရဲတပ်ဖွဲ့ဝင် ငါးဦးကို ပစ်သတ်ခဲ့ကြောင်း ဒဲလက်စ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဇူလိုင် ၇ ရက်ညပိုင်းက ဒဲလက်စ်မြို့လယ်တွင် ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲအတွင်း သံသယရှိသူနှစ်ဦးခန့်က ရဲတပ်ဖွဲ့ကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယခု ရက်သတ္တပတ်အတွင်း လူဝီစီယားနားနှင့် မင်နီဆိုးတား ပြည်နယ်များ၌ ရဲတပ်ဖွဲ့က လူမည်းနှစ်ဦးကို သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်၍ လူပေါင်း ၁၀၀၀ နီးပါးက ကန့်ကွက်ဆန္ဒပြလျက်ရှိသည်။ ရဲတပ်ဖွဲ့ဝင် ၁၀၀ မှာ ဆန္ဒပြမှုဖြစ်ပွားရာ နေရာတွင် ကင်းလှည့်စောင့်ကြပ်လျက်ရှိသည်။

ပစ်ခတ်ခံခဲ့ရသည့် ရဲတပ်ဖွဲ့ဝင် ၁၁ ဦးအနက် ငါးဦး သေဆုံးခဲ့ပြီး ပစ်ခတ်မှုဖြစ်ပွားရာနေရာအနီးမှ လူ လေးဦး ကို ဖမ်းဆီးထိန်းသိမ်း၍ စစ်ဆေးမေးမြန်းလျက်ရှိကြောင်း ရဲတပ်ဖွဲ့ကဆိုသည်။ ရဲတပ်ဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်နေ သူက ရဲတပ်ဖွဲ့ဝင်များကို ထပ်မံသတ်ဖြတ်သွားမည်ဖြစ် ကြောင်း၊ ဒဲလက်စ်မြို့တော်အတွင်း ဗုံးများစွာထောင်ထား ကြောင်း ပြောကြားသည်။ ဖြစ်နိုင်ဖွယ်ရာ ဖောက်ခွဲရေး ပစ္စည်းများကို ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိသည်။

ပစ်ခတ်မှုအတွင်း သံသယရှိသူ မည်မျှပါဝင်သည်ဆို သည်ကို မသိရသေးကြောင်းနှင့် လက်ဖြောင့်သေနတ် သမားအချို့မှာ ထွက်ပြေးတိမ်းရှောင်နေဖွယ်ရှိကြောင်း စုံစမ်းစစ်ဆေးသူများကဆိုသည်။ ရဲတပ်ဖွဲ့က လူမည်းများ ကို ပစ်သတ်မှုကြောင့် ဝါရှင်တန်နှင့်နယူးယောက်အပါအဝင် အမေရိကန်ပြည်ထောင်စုတစ်ဝန်း ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်စေခဲ့သည်။

**အင်န်အိတ်ချ်ကေ။**




# အီရတ်တွင် ရှီယာဂူပိမာန်တိုက်ခိုက်ခံရမှုကြောင့် ၃၅ ဦး သေဆုံး

**ဘဂ္ဂဒက် ဇူလိုင် ၈**

အီရတ်နိုင်ငံအလယ်ပိုင်းတွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ရှီယာဂူပိမာန် တစ်ခုကို အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၃၅ ဦး သေဆုံးခဲ့ရသည်။

အဆိုပါတိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၉၀ အကွာရှိ ဘလဒ်မြို့တွင် ဇူလိုင် ၇ ရက်ညပိုင်းက တိုက်ခိုက်ခံရ ခြင်းဖြစ်ပြီး လူ ၅၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖောက်ခွဲရေးဝတ်စုံ ဝတ်ဆင်ထားသည့် အမျိုးသားတစ်ဦးက ဆာရစ်မိုဟာမတ်ဘင်အလီအယ်လ်ဟာဒီ၏ ဂူပိမာန်ဝင်ပေါက်အနီးတွင် ဖောက်ခွဲမှုပြုလုပ်ခဲ့ပြီးနောက် အခြားတိုက်ခိုက်ရေးသမားများက အဆောက်အအုံအတွင်းသို့ ဝင်ရောက်ပြီး ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြကြောင်း အီရတ်လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

လူအများအပြားက အဆိုပါ အဆောက်အအုံအတွင်း မွတ်စလင်ဘာသာဝင်တို့ အလေးအမြတ်ထားသည့် ရာမဒန်ဥပုသ်ကာလပြီးဆုံးမှု အထိမ်းအမှတ်ပြုလုပ်ရန် စုဝေးနေကြစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုသည် အိုင်အက်စ်အဖွဲ့နှင့် ဆက်နွယ်မှုရှိပြီး ယင်းအဖွဲ့က တိုက်ခိုက်ခြင်းဖြစ်ကြောင်း အမာကျူ သတင်းဌာနက ပြောကြားသည်။ လုံခြုံရေးတာဝန်ရှိသူများက ယင်းတိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် တနင်္ဂနွေနေ့ကလည်း ဘဂ္ဂဒက်မြို့ရှိ ရှီးယိုက်ဘာသာဝင်အများစု နေထိုင်ရာ ခရိုင်တစ်ခုကို အကြမ်းဖက်ဗုံးဖောက်ခွဲ တိုက်ခိုက်ခံရမှုကြောင့် လူ ၂၉၂ ဦးသေဆုံးခဲ့ရပြီး အမေရိကန်တို့ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့သည့် ၂၀၀၃ ခုနှစ်နောက်ပိုင်း လူသေဆုံးမှုအများဆုံး တိုက်ခိုက်ခံရမှုဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**



# ဥရောပသမဂ္ဂ၏ အထူးကိုယ်စားလှယ်သစ်အဖြစ် ဝါရင့်သံတမန်တစ်ဦးကို ဗြိတိန်ဝန်ကြီးချုပ်လျာထား

**လန်ဒန် ဇူလိုင် ၈**

ဥရောပကော်မရှင်၌ ဗြိတိန်နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ပြင်သစ်နိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ဂျူလီယန်ကင်းအား ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဇူလိုင် ၈ ရက်တွင် အမည်စာရင်း တင်သွင်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် လွန်ခဲ့သည့်လက ပြည်သူများ မဲပေးဆုံးဖြတ်ခဲ့ပြီးနောက် ဥရောပကော်မရှင်နာအဖြစ် တာဝန်ယူထားသူ ဂျိုနာသန်ဟီးလ် နုတ်ထွက်ခဲ့ပြီး ၎င်း၏ ရာထူးနေရာတွင် ဂျူလီယန်ကင်းက ဆက်ခံနိုင်ရန် ရည်ရွယ်ကြောင်း ကင်မရွန်း၏ ပြောခွင့်ရပုဂ္ဂိုလ်က သတင်းထောက်များကို ပြောကြားသည်။

ဆာဂျူလီယန်ကင်းသည် အတွေ့အကြုံ ရင့်ကျက်သော သံတမန်တစ်ဦး ဖြစ်ကြောင်း၊ ၎င်းသည် အထူးသဖြင့် ဥရောပရေးရာများတွင် ကျွမ်းကျင်သူဖြစ်ကြောင်း၊ အီးယူကော်မရှင်တွင် ၎င်းအနေဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည်ဟု ဝန်ကြီးချုပ်ကင်မရွန်းက ထင်မြင်ယူဆကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ဗြိတိန်နိုင်ငံသည် လောလောဆယ် ကာလတွင် အီးယူ၌ တင်းပြည့်အဖွဲ့ဝင် ဖြစ်နေဆဲဖြစ်ကြောင်း၊ အစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်းမှာ ဥရောပသမဂ္ဂအတွင်း ဗြိတိန်နိုင်ငံ၏ အခန်းကဏ္ဍကို ဆက်လက်ထိန်းထားရန်ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးလုပ်ငန်းစဉ်ကို နှစ်နှစ်ကြာမျှ အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**

# ပဲ့ထိန်းဒုံးကျည်တိုက်ဖျက်ရေး ဒုံးကျည်စနစ် တောင်ကိုရီးယား၌ဖြန့်ကြက်ရန် အမေရိကန်သဘောတူ

**ဆိုးလ် ဇူလိုင် ၈**

မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ခြိမ်းခြောက်နေမှုကို ရင်ဆိုင်ဟန့်တားနိုင်ရေးအတွက် တောင်ကိုရီးယား၌ ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့တွင် အဆင့်မြင့်နည်းပညာသုံး ဒုံးကျည်ကာကွယ်ရေးစနစ် တပ်ဆင်ရန် အမေရိကန် အစိုးရအဖွဲ့နှင့် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။

THAAD ဟု အမည်ပေးထားသော ပဲ့ထိန်းဒုံးကျည် တိုက်ဖျက်ရေးဒုံးကျည်စနစ်ကို မြောက်ကိုရီးယား ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ဖြန့်ကြက်မည် ဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါဒုံးကျည်စနစ်ကို မကြာမီ ဖြန့်ကြက်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၌ THAAD ဒုံးကျည်စနစ် ဖြန့်ကြက်ခြင်းကို တရုတ်နိုင်ငံက အပြင်းအထန် ကန့်ကွက်ထားသည်။ ယခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားလက်နက် စမ်းသပ်ပစ်ခတ်ခြင်းနှင့် တာဝေးပစ်ဒုံးကျည်ပစ်ခတ်ခြင်းတို့ကို အကြောင်းပြု၍ ယင်းနိုင်ငံအပေါ် ကုလသမဂ္ဂက ဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ရာတွင် တရုတ်နိုင်ငံက ထောက်ခံခဲ့သည်။ သို့ရာတွင် THAADစနစ် ဖြန့်ကြက်ခြင်းသည် ဒေသဆိုင်ရာ တည်ငြိမ်မှုကို ပျက်ပြားစေနိုင်သည်ဟု တရုတ်အစိုးရက ကန့်ကွက်ပြောကြားခဲ့သည်။

**ရိုက်တာ။**



# အင်အားပြင်း တိုင်ဖုန်း နီပါတက် တရုတ်(တိုင်ပေ)တွင် တိုက်ခတ် လျှပ်စစ်ဓာတ်အားနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများပြတ်တောက်

**တိုင်ပေ ဇူလိုင် ၈**

အင်အားပြင်းထန်သည့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း နီပါတက်သည် ဇူလိုင် ၇ ရက်က တရုတ်(တိုင်ပေ)တွင် ဖြတ်သန်းတိုက်ခတ်ခဲ့ရာ ထောင်နှင့်ချီသော ပြည်သူများအား ၎င်းတို့၏နေအိမ်များမှ ဘေးအန္တရာယ်လွတ်ကင်းရာဒေသများသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်းနှင့် ယင်းပြင်းထန်သည့်လေမုန်တိုင်းဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားပေးစနစ်တွင် ထိခိုက်ပျက်စီးမှုများနှင့်ကြုံတွေ့ရပြီး တရုတ်(တိုင်ပေ)ပြည်တွင်းလေကြောင်း ပျံသန်းမှုခရီးစဉ် ၆၀၀ ကျော်အား ဖျက်သိမ်းခဲ့ရကြောင်း အရေးပေါ်လုပ်ငန်းများဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

တရုတ်(တိုင်ပေ) အရှေ့တောင်ပိုင်းဒေသတစ်ဝန်းလုံးရှိ ဒေသများကို ဖြတ်သန်းတိုက်ခတ်ခဲ့သည့် မုန်တိုင်းဒဏ်ခံမြင်ကွင်းများကို ရုပ်မြင်သံကြားပြကွက်များ၌ ပြသရာတွင် ကြီးမားသောကြော်ငြာဆိုင်းဘုတ်ကြီးများနှင့် အဆောက်အအုံများ၏အပျက်အစီးများ၊ တိမ်းမှောက်နေသော မော်တော်ဆိုင်ကယ်များကို တွေ့မြင်ရသည်။ ယင်းမြင်ကွင်းများနှင့်အတူ ယခုနှစ်အတွင်းတိုက်ခတ်သည့် လေပြင်းမုန်တိုင်းကြောင့်ဖြစ်ပေါ်သည့် မြေပြိုမှုမြင်ကွင်းများလည်းပါဝင်သည်။

တရုတ်(တိုင်ပေ)ရေလက်ကြားကို အဆိုပါအပူပိုင်းမုန်တိုင်းသည် ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် ဖြတ်ကျော်သွားပြီးနောက် အင်အားလျော့ပါးကာ တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသ အရှေ့တောင်ပိုင်းရှိ ဖူကျင့်ပြည်နယ်အတွင်းသို့ ဦးတည်ဝင်ရောက်သွားခဲ့သည်။

ယင်းမုန်တိုင်း၏အရှိန်ကြောင့် အဆိုပါဒေသ၏ အလယ်ပိုင်းနှင့်တောင်ပိုင်းဒေသများ၌ လေပြင်းများ တိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးမှုများဖြစ်ပွားခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းမုန်တိုင်းဒဏ်သက်ရောက်မှုကြောင့် ဒေသခံပြည်သူ ၁၅၄၀၀ ကိုနေအိမ်များမှ ပြောင်းရွှေ့ပေးခဲ့ရပြီး ဒေသခံလူ ၄၃၂၀၀၀ နီးပါးမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြုံတွေ့နေရကြောင်း အရေးပေါ်ဌာနတာဝန်ရှိသူများက ပြောကြားသည်။ **ဆင်ဟွာ။**

# BRT Lite ယာဉ်ရပ်မှတ်တိုင်များ ဖျက်ဆီးခံရ၊ ယာဉ်စီးခမပေးချေဘဲ စီးနင်းနေမှုများ ကြုံတွေ့နေ

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်မြို့တွင် ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက်မှ BRT Lite စနစ်ဖြင့် ယာဉ်နောက်လိုက် မပါဝင်သော ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေရသည့် ယာဉ်လိုင်းပြေးဆွဲလျက်ရှိရာတွင် ယာဉ်လိုင်းတစ်လျှောက် ယာဉ်ရပ်မှတ်တိုင်အချို့ ဖျက်ဆီးခံရခြင်းနှင့် ခရီးသည်အချို့မှာလည်း ယာဉ်စီးခ ပေးချေခြင်းမရှိဘဲ စီးနင်းနေမှုများကို ကြုံတွေ့နေရကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

အဆိုပါ ဘတ်စ်ကားလိုင်းပြေးဆွဲရာလမ်းကြောင်းတစ်လျှောက်တွင် ယာဉ်ရပ်မှတ်တိုင်များကို သီးခြားဆောင်ရွက်ပေးထားပြီး ယာဉ်လမ်းကြောင်းများကို ညွှန်ပြထားသော်လည်း စည်းကမ်းမဲ့ဖျက်ဆီးထားမှုများ ရှိနေကြောင်း သိရသည်။

“ယာဉ်ရပ်မှတ်တိုင်တွေ ဖျက်ဆီးခံနေရတာ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အနှုးအညွတ် မေတ္တာရပ်ခံလျက်ရှိပါတယ်။ အများပြည်သူဘက်ကလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ စီစီတီဗွီကင်မရာမှတ်တမ်းတွေကဖြစ်စေ၊ မိဘပြည်သူတွေက ဆက်သွယ်သတင်းပေးပို့တာဖြစ်စေ တည်ဆဲဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူသွားပါမယ်။ ဒီယာဉ်လိုင်းစနစ်အောင်မြင်ဖို့ဆိုတာ အသိပညာပေးတာနဲ့တင် မလုံလောက်ပါဘူး။ ပြည်သူလူထု ပူးပေါင်းပါဝင်မှ အောင်မြင်မှာပါ။ ကားပေါ်တန်းစီတက်တဲ့အလေ့အထ၊ ပိုက်ဆံ ထည့်တဲ့အလေ့အထ၊ ငွေပေးကတ်ကို စက်နဲ့ပေးတဲ့အလေ့အထတွေကနေ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ဘတ်စ်ကားလိုင်းလိုမျိုး ရေရှည်အောင်မြင်အောင်လုပ်နိုင်ဖို့ အားလုံးပူးပေါင်းပါဝင်ဖို့ လိုပါတယ်”ဟု အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဖျက်ဆီးခံထားရသည့် BRT Lite ယာဉ်ရပ်မှတ်တိုင်တစ်ခု။

ယင်းအပြင် အဆိုပါယာဉ်လိုင်းစနစ်သည် ယာဉ်နောက်လိုက်မပါဝင်ဘဲ ယာဉ်နောက်လိုက်ထံ ငွေပေးချေနေရသည့် အခက်အခဲများ ကင်းလွတ်စေရန်နှင့် ငွေအကြွေပြဿနာ၊ ယာဉ်နောက်လိုက်နှင့် ဆက်ဆံရေးမပြေလည်မှုပြဿနာများ မဖြစ်ပေါ်စေရန် နိုင်ငံတကာမြို့ပြများရှိ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်များတွင် အသုံးပြုနေသည့် ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေသည့် စနစ်ကို ကျင့်သုံးလျက်ရှိရာ ခရီးသည်အချို့မှာ ယာဉ်စီးခပေးချေခြင်းမရှိဘဲ စီးနင်းနေခြင်း၊ ငွေပေးချေကတ်မရှိသူများအတွက် ယာဉ်စီးခ ကျပ် ၃၀၀ ကို ငွေထည့်ပုံးထဲသို့ ထည့်ဝင်စေသော်လည်း အပြည့်အဝပေးချေမှုမရှိဘဲ စီးနင်းနေခြင်းများကို ကြုံတွေ့နေရသည်ဟု သိရသည်။

“ယာဉ်စီးခကို ငွေဖြည့်ကတ်(Anypay Card) နဲ့ပေးတဲ့စနစ်ကို လုပ်ထားပေမယ့် ကြိုတင်ဝယ်မထားတဲ့သူတွေအတွက် အဆင်ပြေစေဖို့ကားပေါ်မှာ ထားထားတဲ့ ငွေထည့်ပုံးထဲကို ယာဉ်စီးခ ကျပ် ၃၀၀ ကိုယ်တိုင်ထည့်စနစ်နဲ့ စီးနင်းလို့ရအောင် လုပ်ထားပေးပါတယ်။ ဒါပေမယ့် ငွေရေတွက်ရင် ဆုတ်ပြဲနေတဲ့ငွေတွေ၊ တစ်ပိုင်းသာပါတဲ့ငွေတွေ၊ ကျပ် ၁၀ တန်၊ ကျပ် ၂၀ တန်တွေ ထည့်ထားပြီး ကားခအပြည့်အဝမပေးဘဲ စီးနေတာတွေရှိပါတယ်” ဟု အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ယာဉ်လိုင်းစနစ်ကို စီးနင်းသူခရီးသည်များက ကြိုက်နှစ်သက်မှုရှိကြပြီး လမ်းကြောင်းတိုးချဲ့ပြေးဆွဲပေးရန်နှင့် ကားအစီးရေ တိုးချဲ့ပြေးဆွဲပေးရန် တောင်းဆိုမှုများကြောင်း သိရသည်။ လက်ရှိတွင်လည်း ပြည်ပမှ ယာဉ်အသစ်များမှာယူကာ ခရီးစဉ်တိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိသည်။ သက်ဆိုင်ရာအနေဖြင့်လည်း အဆိုပါ ယာဉ်လိုင်းကဲ့သို့ အများပိုင်စနစ်ဖြင့် ဝန်ဆောင်မှုအခြေပြုသော ဘတ်စ်ကားလိုင်းများ ရန်ကုန်မြို့တွင် သတ်မှတ်ပြေးဆွဲသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ သို့ရာတွင် ရေရှည်ဝန်ဆောင်မှုကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်ရန်မှာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းနှင့် ကုမ္ပဏီများတွင်သာမက အများပြည်သူ၏ ကူညီ ပူးပေါင်းဆောင်ရွက်မှုသည်လည်း လိုအပ်မည်ဖြစ်ကြောင်း ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီမှ တာဝန်ရှိသူကတစ်ဦးက သုံးသပ်သည်။

BRT Lite ဘတ်စ်ကားလိုင်း၏ ယာဉ်စီးခ ငွေပေးချေကတ်ရောင်းချခြင်းနှင့် ငွေဖြည့်ခြင်းများအတွက် မှတ်တိုင်ရှစ်ခုဖြစ်သော ထောက်ကြန့်၊ ၈မိုင်၊ မာလာ၊ မြေနီကုန်း၊ သမ္မတ၊ ဝါယာလက်၊ လမ်းနီ၊ ဗိုလ်တထောင် မှတ်တိုင်တို့တွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၀၀၁)

# မနော်ဒါးခူ(သို့မဟုတ်) စွမ်းအောင်ကြိုးပမ်းနေသူ

**ရန်ကုန် ဇူလိုင် ၈**

“အစ်ကို၊ အစ်မတွေက သူတို့လိုမျိုး လိုက်ရေးဆိုလို့ ကိုယ့်ဘာသာကိုယ် လေ့ကျင့်ရင်းရေးတတ်သွားတာပါ။ ဘေးနားကနေမိဘတွေ၊ အစ်ကို၊ အစ်မတွေက ကိုင်တွယ်ပေးပြီး လေ့ကျင့်ပေးခဲ့ပါတယ်။ သမီးက ကျောင်းတက်ပြီး စာသင်ချင်ခဲ့တယ်လေ” ဟု မွေးကတည်းက လက်နှစ်ဖက်လုံးမပါရှိသူဖြစ်သော်လည်း ခြေထောက်ဖြင့် စာရေးနိုင်အောင် သူငယ်တန်းမတက်မီကပင် ကြိုးစားလေ့ကျင့်ခဲ့သူ မနော်ဒါးခူကပြောသည်။

၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း သူငယ်တန်းမှ စတုတ္ထတန်းထိ အမှတ် ၅၄ ခြေလျင်တပ်ရင်း တပ်တွင်း မူလတန်းကျောင်း၌ ပညာသင်ကြားခဲ့ပြီး ၂၀၀၆ ခုနှစ် မှ ၂၀၁၆ ခုနှစ်အထိ ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ သူမအနေဖြင့် ပညာသင်ယူခဲ့သည်။

“ကျောင်းတက်ခဲ့တဲ့ နေ့တွေမှာ နှိမ်ချဆက်ဆံတဲ့ အပြုအမူမျိုးတွေ မရှိပါဘူး။ ဆရာ ဆရာမတွေက ဖေးမပြီးတော့ ဝမ်းပန်းတသာနဲ့ လက်ခံပေးပါတယ်”ဟု သူမအသက် ၇ နှစ်အရွယ် ကျောင်းစတက်ခဲ့စဉ်က အတွေ့အကြုံကို မနော်ဒါးခူကပြောပြသည်။

ဖခင် တပ်ကြပ်စောသာဒေါနှင့် မိခင် နော်ဖောကိုတို့၏ ငါးယောက်မြောက် ရင်သွေးရတနာဖြစ်သည့် မနော်ဒါးခူသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ချီးမြှင့်သည့် ယခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူ ထူးချွန်လူငယ်အဖြစ် ရွေးချယ်ခြင်းခံရသူဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ် ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်၍ ကျေးဇူးတင်လွှာ ထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့သည့် မွေးရာပါ လက်နှစ်ဖက်မပါရှိသူ မနော်ဒါးခူကို ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဇူလိုင် ၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

“ဂုဏ်ပြုချီးကျူးမယ်ဆိုတာ ကြိုမသိခဲ့ရဘူး။ ၆ ရက်နေ့မှသိခဲ့ရတာ။ နိုင်ငံတော်က အခုလို ဂုဏ်ပြုတော့ ဝမ်းသာတယ်။ ကျေးဇူးလည်းတင်တယ်”ဟု မနော်ဒါးခူ၏မိခင် နော်ဖောကို ကပြောသည်။ မွေးရာပါ လက်နှစ်ဖက်ချို့ယွင်းချက်ပါလာခဲ့သည့် မနော်ဒါးခူမှာ အသက် ၈ နှစ်အရွယ်မှစ၍ လက်နှစ်ဖက်မှ အရိုးများ ရှည်ထွက်လာပြီး ရှည်ထွက်လာသည့် အရိုးနှင့်အတူ အသားကလိုက်ပါလာနိုင်ခြင်းမရှိသည့်အတွက် နှစ်နှစ်တစ်ခါ ဆေးရုံတက်ဖြတ်ရသည့်အခါတိုင်း “တပ်မတော်က လူကြီးတွေက လက်ခွဲစိတ်ဖို့လုပ်တိုင်းကူညီပေးခဲ့ပါတယ်”ဟု မနော်ဒါးခူကပြောသည်။

၁၉၉၆ ခုနှစ်က အမှတ် ၅၄ ခြေလျင်တပ်ရင်းရှိ ဆေးခန်းတွင် မနော်ဒါးခူကို မွေးဖွားခဲ့သူ မိခင်နော်ဖောကိုက “သမီးလေးက သားသမီးတွေထဲမှာ အငယ်ဆုံးလည်းဖြစ်၊ မသန်စွမ်းလည်းဖြစ်တော့ ငယ်ငယ်ကတည်းက သူစိတ်ဓာတ်မြင့်မားဖို့ အမြဲသွန်သင်ခဲ့တယ်။ အားပေးစကားပြောခဲ့တယ်။ စိတ်ဓာတ်မကျအောင် အားပေးရတာပေါ့။ စာတွေရေးတတ်ဖို့ လေ့ကျင့်ပေးရတာပေါ့” ဟု ပြောသည်။

မနော်ဒါးခူ၏ မိဘများမှာနွမ်းပါးသူများဖြစ်သည့်အတွက် ကျောင်းနေစဉ်ကာလတစ်လျှောက် ပြင်ပကျူရှင်များ လုံးဝတက်ရောက်နိုင်ခြင်း မရှိသော်လည်း ဆရာ ဆရာမများက ကျောင်းစာသင်ချိန်အတွင်း၌သာ ပိုမို အလေးထားဂရုတစိုက် သင်ကြားပေးခဲ့ကြသည့်အတွက် သူငယ်တန်းမှ အဋ္ဌမတန်းအထိ နှစ်စဉ်အောင်မြင်စွာဖြေဆိုနိုင်ခဲ့သည်။ နဝမတန်းတက်ချိန်တွင် ကျန်းမာရေး အခြေအနေကြောင့် ပထမတစ်နှစ်ကျရှုံးခဲ့ပြီး နောက်နှစ်တွင် အောင်မြင်ခဲ့သည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်နှစ်ကျရှုံးခဲ့ပြီး အစ်မဖြစ်သူ၏ ကူညီမှု၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)ရှိ တပ်မိသားစုများ၏ ကူညီစောင့်ရှောက်မှု၊ မိဘ ဆရာသမားများ၊ သူငယ်ချင်းများ၏ ကူညီဖေးမမှု၊ မလျှော့သောဇွဲဖြင့် ဆက်လက်ဖြေဆိုရာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ အမှတ်ပေါင်း ၂၆၉ မှတ်ဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီဖြစ်သည်။

“၁၀တန်းကို ၁၈ နှစ်ကစတက်ခဲ့တာ သုံးကြိမ်မြောက်ဖြေပြီးမှအောင်တာပါ။ လွိုင်ကော်တက္ကသိုလ်မှာ တက်ဖို့စဉ်းစားထားပါတယ်” ဟု မနော်ဒါးခူက ဆိုသည်။



မနော်ဒါးခူမှာ လက်နှစ်ဖက်ချို့ယွင်းချက်ရှိရုံသာမဟုတ်ဘဲ ခြေထောက်တစ်ဖက်ကလည်း တို၍သေးကွေးရာ အဆင်ပြေစွာသွားလာနိုင်စေရန် ယခုအခါ ဖခင်ဖြစ်သူ စောသာဒေါ၏ တပ်မတော်မှ အထက်အရာရှိများက ခြေတုတပ်ဆင်ပေးမည်ဖြစ်သောကြောင့် အောင်ပန်းမြို့သို့ ရောက်ရှိနေကြောင်း မနော်ဒါးခူ၏ပြောပြချက်အရသိရသည်။

အတ္ထုပ္ပတ္တိစာပေများ၊ ဆရာ ဇော်ဂျီစသည့် စာရေးဆရာများ၏ စာပေများနှင့် ခွန်အားဖြစ်စေမည့် စာပေများကို နှစ်သက်စွာ ဖတ်ရှုတတ်သည့် မျိုးဆက်သစ်လူငယ်တစ်ဦးဖြစ်သည့် မနော်ဒါးခူက ပညာတတ်ဘွဲ့ရဖြစ်ပြီးပါက စာသင်ရန် အခက်အခဲရှိသည့် ကလေးငယ်များအား ပညာဒါနအနေဖြင့် စာသင်ကြားပေးရန်ဆန္ဒရှိသည်ဟု ဆိုသည်။

မသန်စွမ်းကလေးများအတွက်သာမက လူငယ် လူရွယ်၊ ကျောင်းသားကျောင်းသူတိုင်း အားကျအတုယူဖွယ်ရာဖြစ်သည့် မနော်ဒါးခူ၏ မိခင်ဖြစ်သူက “မသန်စွမ်းသားသမီးတွေရဲ့ မိခင်တွေကိုပြောချင်တာက မွေးလာတဲ့သားသမီးကို စိတ်ဓာတ်မကျအောင် ပြုစုစောင့်ရှောက်ပြီး စိတ်ဓာတ်မြှင့်တင်ပေးပါ” ဟု ပြောသည်။

မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့သူဖြစ်သော်လည်း ဘဝကို အလွယ်တကူ အရှုံးမပေးဘဲ ခိုင်မာသည့် စိတ်ဓာတ်၊ ထက်သန်သည့် ဇွဲလုံ့လဖြင့် ဘွဲ့တစ်ခုခုရအောင်ယူပြီး မိမိနှင့်သင့်တော်သည့် ဌာန၊ အလုပ်တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသည့် မနော်ဒါးခူက “လူတစ်ယောက်က မသန်စွမ်းဖြစ်နေရုံနဲ့ စိတ်ဓာတ်ကျနေဖို့မလိုပါဘူး။ ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ကြိုးစားအားထုတ်မယ်ဆိုရင် တစ်နေ့နေ့တစ်ချိန်ချိန်မှာ အောင်မြင်တဲ့သူတစ်ယောက်ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်” ဟု ပြောသည်။

ဆက်လက်ပြီး မနော်ဒါးခူက “အဆင်မပြေတဲ့ အခက်အခဲကြားကနေ ပံ့ပိုးပေးတဲ့ မိဘတွေရယ်၊ အခုလိုချီးမြှင့်တဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အမေစုကိုလည်း ကျေးဇူးတင်ပါတယ်”ဟု စကားဆိုလေသည်။

**သတင်းဆောင်းပါး - သီသီမင်း**

**ဓာတ်ပုံ - ဖြိုး**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# “အင်္ဂလိပ်စာကိုဘယ်လိုလေ့လာကြမလဲ” အပိုင်း(၂)

ခ မောင်သောင်းဝင်း(တမန်ဟောင်း)

အင်္ဂလိပ်စာလေ့လာသင်ယူရေးနှင့် ပတ်သက်၍ စာရေးသူ၏အတွေ့အကြုံကို ဇူလိုင်လ ၂ ရက်နေ့ထုတ် ကြေးမုံ သတင်းစာတွင်ဖော်ပြပေးခဲ့သဖြင့် ကြေးမုံစာတည်းအဖွဲ့ကိုများစွာကျေးဇူးတင်မိပြီး ပီတိလည်းဖြစ်ခဲ့ရပါသည်။ ထိုဆောင်းပါးသည် စာဖတ်သူများအတွက် အကျဉ်းမျှသာရှိသောကြောင့် အင်္ဂလိပ်စာလေ့လာသင်ယူရေးနှင့်ပတ်သက်၍ ထပ်မံအကြံပြုသွားလိုပါသည်။ ယခုဆောင်းပါးသည် အင်္ဂလိပ်စာသင်ယူလိုသူများကို တစ်စိတ်တစ်ဒေသအားဖြင့် အကျိုးပြုသွားမည်ဟု ရိုးသားစွာယုံကြည်မိပါသည်။ အင်္ဂလိပ်စာသင်ယူရာတွင် ဇွဲကောင်းကောင်းဖြင့်ကြိုးပမ်းသွားရန် အထူးလိုအပ်ပါသည်။ သို့မှသာလျှင်အတိုင်းအတာတစ်ခုအထိ နားလည်သဘောပေါက် တတ်မြောက်နိုင်မည်ဖြစ်သည်။ အင်္ဂလိပ်စာကို ဖြတ်လမ်းနည်းဖြင့် သင်ယူ၍မရနိုင်ချေ။ ကိုယ်တိုင်စိတ်ပါဝင်စားစွာဖြင့်တစိုက်မတ်မတ်လေ့လာသင်ယူသွားမှသာလျှင် အတိုင်းအတာတစ်ခုအထိ နားလည်တတ်မြောက်နိုင်မည်ဖြစ်သည်။

မျက်မှောက်ခေတ်ကြီးတွင် ကမ္ဘာတစ်ဝန်း၌ အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်နေသည့် ဖြစ်စဉ်ဖြစ်ရပ်များကို ချက်ချင်းကြားသိ မြင်တွေ့နိုင်သောကြောင့် ကမ္ဘာ့ရွာကြီးဟုပင် တင်စားရေးသားခေါ်ဝေါ်လာကြသည်။ ထို့အပြင် ကမ္ဘာ့ မည်သည့်ဒေသကိုမဆို အချိန်တိုအတွင်း သွားလာရောက်ရှိနိုင်သောကြောင့် လုံးနေသော ကမ္ဘာကြီးကိုပင် ကမ္ဘာကြီးပြားလာပြီဟု တင်စားရေးသားပြောဆိုလာကြသည်။ ထို့ကြောင့် လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ဆက်ဆံမှု (People to People Contact) ပိုမိုများပြားလာပါသည်။ ထို့အပြင် နည်းပညာတိုးတက်ပြောင်းလဲလာမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း ရုပ်သံမီဒီယာများ၊ အင်တာနက်နှင့် ဖေ့စ်ဘွတ်ခ်တို့တွင် မျက်ခြည်မပြတ်ချက်ချင်းကြည့်ရှု လေ့လာနိုင်ပြီဖြစ်သည်။

ထိုသို့ဖြစ်စဉ်ဖြစ်ရပ် သတင်းအချက်အလက်များကို ကမ္ဘာပေါ်ရှိ နေရာဒေသအသီးသီးတွင်နေထိုင်လျက်ရှိသည့် လူမျိုးပေါင်းစုံလေ့လာသိရှိနိုင်ရန်အတွက် ကမ္ဘာကလက်ခံထားသော အများသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်ဘာသာဖြင့်သာ ထုတ်လွှင့်တင်ဆက်ပေးလေ့ရှိသည်။ ထို့ကြောင့် မျက်မှောက်ခေတ်ကြီးတွင် အင်္ဂလိပ်စာသည် လူသားအားလုံး၏ ကြားခံဘာသာစကားတစ်ခုလိုဖြစ်လာသည်။ ထိုသဘောတရားကြောင့် ကမ္ဘာ့နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံရှိ အလွှာပေါင်းစုံမှပြည်သူများ၊ အထူးသဖြင့် လူငယ်များနှင့် အစိုးရဝန်ထမ်းများသည်လည်း အင်္ဂလိပ်စာတတ်မြောက်ရန် အရေးတကြီး လိုအပ်နေပြီဖြစ်သည်။ ထိုအင်္ဂလိပ်စာကို အခြေခံလောက် တတ်မြောက်နေမှသာလျှင် နေ့စဉ်ပြောင်းလဲတိုးတက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ထဲထဲဝင်ဝင် လေ့လာသိရှိနိုင်မည်ဖြစ်သည်။ ကိုယ်တိုင်ခံစားနားလည် သိမြင်ခြင်းသည် အခြားသူရှင်းပြသည်ထက် ပိုမိုလေးနက်ပြည့်စုံမှုရှိပြီး ကြာရှည်မှတ်မိနိုင်ပေသည်။

ထိုအင်္ဂလိပ်စာသည် ကျွန်တော်တို့အားလုံးအတွက် မရှိမဖြစ်ဘာသာစကားဖြစ်နေသောကြောင့် အတန်အသင့် ပြောဆို၊ ရေးသား၊ ဖတ်မှတ်နိုင်စွမ်းရှိအောင်ကြိုးစား လေ့လာသင်ယူလေ့ကျင့်ထားသင့်ပါသည်။ ထို့အပြင် လူငယ်တစ်ဦးသည် အနာဂတ်တွင် အရေးကြီးတာဝန်တစ်ရပ်ကို ထမ်းဆောင်သွားမည်ဟုအခိုင်အမာဆုံးဖြတ်ထားလျှင် အင်္ဂလိပ်စာကို မဖြစ်မနေသင်ကြားထားသင့်ပေသည်။ “ပညာလိုအိုသည်မရှိ”ဆိုသော စကားအတိုင်း အင်္ဂလိပ်စာတတ်မြောက်အောင် စဉ်ဆက်မပြတ် ပြင်းပြင်းထန်ထန် လေ့လာသင်ယူသွားသင့်ပါသည်။ အင်္ဂလိပ်စာသင်ကြားဖို့ ရှက်ကြောက်နေသူများနှင့် အပျင်းထူနေသူများသည် အရေးကြုံလျှင် အခက်အခဲကိုကိုယ်တိုင် ကျော်ဖြတ်နိုင်စွမ်းမရှိသဖြင့် ပေးဆပ်ရမှုများ တစ်နှင့်တစ်ပိုးထိဖြစ်လာနိုင်ပေသည်။

ယနေ့လူငယ်နောင်ဝယ်လူကြီးဆိုသည့် စကားအတိုင်း မျိုးဆက်သစ်လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်တာဝန်များကို ပခုံးပြောင်းတာဝန်ယူမည့်သူများဖြစ်ကြသည်။ ထိုမျိုးဆက်သစ်များသည် ကမ္ဘာသုံး အင်္ဂလိပ်စာကိုကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာသင်ယူထားရန်လိုအပ်နေပြီဖြစ်သည်။ သို့မှသာလျှင် နိုင်ငံ့ခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရသည့်အချိန်တွင် ကမ္ဘာ့ခေါင်းဆောင်များနှင့် တန်းတူရည်တူ ဆက်ဆံနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ မျိုးချစ်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသား ဘဝကတည်းကပင် အင်္ဂလိပ်စာကို အပတ်တကုတ် လေ့လာသင်ယူခဲ့ပြီး နယ်ချဲ့ဗြိတိသျှတို့ကို ချက်ကျကျ ပြောဆို ဆွေးနွေးချေပနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ဘာသာပြန် အားကိုးနှင့်သာ ပြောဆိုနေရမည်ဆိုလျှင် လွတ်လပ်ရေး ဗိသုကာကြီး ပြောဆိုလိုသောအကြောင်းအရာကို ထိထိမိမိရောက်ရှိနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာလေ့လာသင်ယူထားရန်လိုအပ်ပေသည်။

ထို့အပြင် လွတ်လပ်ရေးဗိသုကာကြီး၏ သမီးဖြစ်သူ လက်ရှိနိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် သည်လည်း ဘမျိုးဘိုးတူ ဆိုသလိုပဲ ဖခင်ကဲ့သို့ပင် အင်္ဂလိပ်စာကျွမ်းကျင်ပိုင်နိုင်သူတစ်ဦးဖြစ်နေသည်။ ထိုသို့ကျွမ်းကျင်မှုမျိုးကို လွယ်လွယ်ကူကူဖြင့် ရရှိနိုင်မည်မဟုတ်ချေ။ တန်ဖိုးရှိသောအချိန်များနှင့် ကြိုးစားအားထုတ်မှုများ များစွာပေးဆပ်ခဲ့ရမည်မှာ မေးစရာပင်မလိုချေ။ ထို့ကြောင့် မြန်မာပြည်သူများအနေဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကိုအားကျ အတုယူပြီး အင်္ဂလိပ်စာ ကျွမ်းကျင်အောင် ကြိုးစားလေ့လာ သင်ယူသွားသင့်ပေသည်။

အင်္ဂလိပ်စာကို အမှန်တကယ်သာတတ်မြောက်လိုသည့် ပြင်းပြသောဆန္ဒသာရှိလျှင် တစ်လအတွင်းပြောဆိုနိုင်ပြီး သုံးလအတွင်း အပြန်အလှန်ဆွေးနွေးခြင်းနှင့် အထိုက်အလျောက်ရေးသားနိုင်စွမ်းတို့ရှိလာမည်ဖြစ်သည်။ ဒေသခံအင်္ဂလိပ် စကားပြောဆိုသူများ၏ လေယူလေသိမ်းကိုနားလည်ရန် အတွက်မူ ထိုလူများပြောဆိုသည့် အခွေများ၊ သတင်းများ၊ ဇာတ်လမ်းများကိုကြည့်ရှုနားထောင်သည့် နည်းလမ်းများကို ကျင့်သုံးသင့်ပါသည်။ အင်္ဂလိပ်စာတတ်လိုသူတစ်ဦးသည် မရှက်မကြောက် အချိန်ပြည့်လေ့လာဆည်းပူးလေ့ကျင့်ပြောဆိုနေရန် လိုအပ်သည်။ အင်္ဂလိပ်စာကိုစဉ်ဆက်မပြတ် လေ့လာသင်ယူနေမှသာလျှင် ကျွမ်းကျင်ပိုင်နိုင်မှုရှိနိုင်ပေသည်။ ထို့ကြောင့်ဇွဲကောင်းကောင်းဖြင့်လေ့လာသွားရန်လိုအပ်ပါသည်။

**အင်္ဂလိပ်စကားပြောစတင်လေ့လာခြင်း**

အင်္ဂလိပ်စကားပြောကို တစ်ယောက်တည်းလေ့လာလေ့ကျင့်နေရုံမျှဖြင့် လုံးဝတိုးတက်မှုမရှိနိုင်ပါ။ တိုးတက်မှု ရှိသည့်တိုင်အောင် အခြားသူများနှင့်ပြောဆိုသည့်အခါရှက်အမ်းအမ်းဖြစ်နေတတ်ပါသည်။ လူအများ တက်ရောက်နေသည့် သင်တန်းတစ်ခုခုကို ရွေးချယ်သင့်ပါသည်။ သင်တန်းရွေးချယ်ရာတွင်လည်း လက်မှတ်ပေးပြီး သင်တန်းကြေး အဆမတန်တောင်းသောသင်တန်းမျိုးကိုရှောင်ရှားသင့်ပါသည်။ မြန်မာနိုင်ငံတွင် လူငယ်အများစုသည် သင်တန်းကြေးများစွာပေးရသော်လည်း အင်္ဂလိပ်စာတတ်မြောက်မှုအပိုင်းတွင် တိုးတက်မှုလုံးဝမရှိဘဲ သင်တန်းဆင်းလက်မှတ်သာ ရရှိခဲ့သည့် သင်တန်းများကိုသာ တက်ရောက်ပြီး အချိန်ကုန်နေကြပါသည်။ အချိန်ကုန်လူပန်းသာ ဖြစ်နေကြသဖြင့် တတ်မြောက်အောင် သင်ကြားပေးသည့် အမှန်အကန်သင်တန်းများကို ရွေးချယ်နိုင်ရေးအတွက် လူကြီးမိဘများ၏ ထိရောက်သော အကြံပြုချက်များ လိုအပ်နေပြီဖြစ်သည်။

အင်္ဂလိပ်စကားပြောတတ်စေရန်အတွက် ပထမဆုံးနှုတ်မှအသံထွက်လာအောင်ဆောင်ရွက်ရခြင်းဖြစ်သည်။ ကလေးများကို စကားပြော စတင်သင်ကြားပေးသကဲ့သို့ပင်ဖြစ်သည်။ အသံထွက်လာအောင် အင်္ဂလိပ်စာစုတိုများ၊ ကဗျာတိုများ၊ ဝါကျတိုများကို ပါးစပ်မှကျယ်လောင်စွာ အသံထွက်ပြီး အကြိမ်ကြိမ် ဖတ်ရပါသည်။ ထိုသို့ ဖတ်ခြင်းဖြင့် အာသွက်လျှာသွက်ဖြစ်လာပါသည်။ အင်္ဂလိပ်စာသင်တန်းတွင် အပြန်အလှန်ပြောဆိုမှုများ လေ့ကျင့်ရာတွင်လည်း မရှက်မကြောက် ကြိုးစားပြောဆိုရသည်။ ထိုသို့ပြောဆိုရာတွင် အခြေခံကျသည့် မိမိအကြောင်း၊ မိဘ၊ ဆွေမျိုး၊ သူငယ်ချင်း၊ ဆရာများအကြောင်းနှင့် နေ့စဉ်လုပ်ငန်း ဆောင်တာများကိုလေ့ကျင့်ပြောဆိုသွားရမည်ဖြစ်သည်။

ထို့နောက်တိုးတက်မှုအဆင့်အပေါ်တွင် မူတည်၍ ဆရာများ ချပေးသော နိုင်ငံရေး၊ စစ်ရေး၊လူမှုရေး၊ ယဉ်ကျေးမှု ခေါင်းစဉ်တစ်မျိုးမျိုးကို ဆွေးနွေးသင့်ပါသည်။ ဆရာသည် ခေါင်းစဉ်ကိုကြိုပေးလေ့ရှိသဖြင့် ဆွေးနွေးရန်အတွက် အချက်အလက်စုဆောင်းရပါသည်။ ထိုသို့ကြိုတင်ပြင်ဆင်စုဆောင်းခြင်းကြောင့် အင်္ဂလိပ်စာဖတ်သည့်စွမ်းရည် အလိုအလျောက် တိုးတက်လာပါသည်။ ထိုသို့ဆွေးနွေးရာတွင် လေယူလေသိမ်း၊ အသံ အနိမ့်၊ အမြင့်တို့မှန်ကန်စွာပြောဆိုနိုင်ရန်အတွက် အင်္ဂလိပ်စကားပြောအခွေများ နားထောင်လေ့ကျင့်ရပါသည်။ ထို့ကြောင့် နားထောင်နိုင်မှုစွမ်းရည် အလိုအလျောက် တိုးတက်လာနိုင်ပါသည်။ ထိုသို့လေ့ကျင့်ရာတွင် အမှန်တကယ် မှတ်သားအတုခိုးပြီး ပြင်းပြင်းထန်ထန်လေ့ကျင့်မှသာ နားထောင်နိုင်မှုစွမ်းရည် တိုးတက်လာမည်ဖြစ်သည်။ အင်္ဂလိပ်စာ သင်ယူရာတွင် အမြန်ဆုံးနည်းလမ်းသည် တိုက်ရိုက်နည်းလမ်းပင်ဖြစ်သည်။

**အင်္ဂလိပ်စာရေးသားခြင်း**

အင်္ဂလိပ်စာ ရေးသားနိုင်ရန်အတွက် မြန်မာစာကဲ့သို့ပင် အခြေခံသဒ္ဒါကို အထိုက်အလျောက်သိရှိထားရန် လိုအပ်ပါသည်။ အခြေခံသဒ္ဒါကိုသိထားလျှင် အခြေခံဝါကျတည်ဆောက်ပုံမှသည် စကားစု၊ ဝါကျပြတ်စသည့် ဝါကျ တည်ဆောက် နည်းပေါင်းစုံကို အတိုချုပ်လေ့လာထားသင့်ပါသည်။ အင်္ဂလိပ်စာရေးသားရာတွင် အဆင့်အတန်းအမျိုးမျိုးရှိပြီး မိမိသတ်မှတ်ထားသည့် အဆင့်အတန်းတစ်ခုအထိသာ လေ့လာသင်ယူသင့်ပါသည်။ “သဒ္ဒါသည် လှေတစ်စင်းနှင့်တူပြီး၊ လှေသည် မြစ်ချောင်းကိုကူးရန်သာ လိုအပ်ပါသည်။ မြစ်ချောင်းကိုကူးပြီးလျှင် ထိုလှေကိုထမ်းသွားဖို့မလိုအပ်ပေ။” ထိုနည်းတူစွာ အင်္ဂလိပ်စကားပြောဆိုရာတွင်လည်းသဒ္ဒါကို စွဲကိုင်ထား၍ မရချေ။ အချိန်တိုအတွင်း တစ်ဖက်သား နားလည်းအောင်ရေးသားပြောဆိုနိုင်စွမ်း ရှိရမည်ဖြစ်သည်။ ထိုသို့ရေးသားပြောဆိုနိုင်ရန် အတွက် ဝေါဟာရ ကြွယ်ဝနေရမည်ဖြစ်သည်။ ဝေါဟာရကြွယ်ဝစေရန်အတွက် (Word Level) အတန်အသင့်ရှိသော စာအုပ် တစ်အုပ်ကိုကြေညက်စွာ ဖတ်ထားသင့်ပေသည်။ အချိန်တိုင်း အဘိဓာန်စာအုပ်လှန်နေခြင်းသည် လုပ်ငန်းမတွင်ကျယ်သည့်အပြင် တွေးခေါ်မြော်မြင်နိုင်စွမ်းကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့်ဝေါဟာရကြွယ်ဝနေခြင်းသည် အင်္ဂလိပ်စာတတ်မြောက်မှုတွင် အရေးပါလျက်ရှိပေသည်။

မြန်မာစာမှ အင်္ဂလိပ်စာသို့ဘာသာပြန်ရေးသားနိုင်ရန်အတွက် အခြေခံလိုအပ်ချက်သည် အင်္ဂလိပ်ဝေါဟာရများ ကြွယ်ဝနေရန်ပင်ဖြစ်သည်။ ထို့ကြောင့်သက်ဆိုင်ရာ နယ်ပယ်အလိုက် စာများများ ဖတ်ထားရန် လိုအပ်ပေသည်။ အင်္ဂလိပ်မှ မြန်မာစာသို့ ဘာသာပြန်နိုင်ရန်အတွက်မူ မြန်မာစာ၊ မြန်မာစကားကြွယ်ဝမှသာ အဆင်ပြေနိုင်မည်ဖြစ်ပါသည်။ မိမိဘာသာ ပြန်ဆိုချက် ကောင်း၊မကောင်းမူ လမ်းဘေးက လူကိုဖတ်ခိုင်းကြည့်လို့ ထိုလူနားလည်လျှင် ဘာသာပြန်ကောင်းပါသည်။ ဘာသာပြန်ကောင်းတစ်ဦးဖြစ်ရန်အတွက် ကျွမ်းကျင်ပိုင်နိုင်သောဆရာကြီးများ ရေးသားထားသည့် အင်္ဂလိပ်-မြန်မာ၊ မြန်မာ-အင်္ဂလိပ် ဘာသာပြန်ဆိုချက်များကို ယှဉ်ထိုးလေ့လာအတုခိုးရေးသားသွားရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် ရှေးဆရာကြီးများ၏ ပြောင်မြောက်သောစကားလုံးများသည် မိမိကိုယ်ပိုင်စကားလုံးများ ဖြစ်လာမည်ဖြစ်သည်။ ထိုနည်းတူစွာပင် စာနယ်ဇင်းအရေးအသားများကိုလည်း လေ့လာမှတ်သားနိုင်ပါသည်။

**အင်္ဂလိပ်စာဖတ်ခြင်း**

အင်္ဂလိပ်စာဖတ်ခြင်းသည် အပြော၊ အရေးနှင့်နားထောင်နိုင်မှုစွမ်းရည်အတွက်အခြေခံအကျဆုံးပင်ဖြစ်သည်။ အင်္ဂလိပ်စာအုပ်များအားလေ့လာဖတ်ရှုနိုင်ရန်အတွက် ကျွမ်းကျင်မှုရှိသော ဆရာကြီးများထံတွင် စာဖတ်သင်တန်း (Reading Class) တက်ထားသင့်ပါသည်။ အင်္ဂလိပ်စာအုပ်တစ်အုပ်ကို ဆရာသင်ပြမှုဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ဖတ်နိုင်ပြီဆိုလျှင် အခြားစာအုပ်များကိုဖတ်ဖို့ရန် အခက်အခဲမရှိနိုင်တော့ချေ။ အင်္ဂလိပ်စာအုပ်ဖတ်ရှုရာတွင် စကားလုံး ၂၀၀ မှသည် ၃၀၀၀ အထိ အဆင့်လိုက်ရေးသားထားသော စုံထောက်၊ စွန့်စားခန်း၊အချစ် စသည့် သုတ၊ ရသစာအုပ်များကိုရွေးချယ်ဖတ်ရှုသွားသင့်ပါသည်။ နေ့စဉ်ထုတ် အင်္ဂလိပ်စာသတင်းစာများတွင် ဖော်ပြထားသော ပြည်တွင်း၊ပြည်ပ သတင်းများနှင့် ဆောင်းပါးများကိုသာ စဉ်ဆက်မပြတ် လေ့လာဖတ်မှတ်သွားမည်ဆိုလျှင် စာဖတ်စွမ်းရည် တိုးတက်နေမည်မှာအမှန်ပင်ဖြစ်သည်။ ထို့အပြင် အင်တာနက်တွင်လည်း အင်္ဂလိပ်စာဖြင့် ဖော်ပြထားသော ပြည်တွင်း၊ ပြည်ပ ဗဟုသုတအကြောင်းအရာများအနက် မိမိစိတ်အဝင်စားဆုံးအကြောင်းအရာ တစ်ခုခုကိုပုံမှန် လေ့လာဖတ်ရှုမှတ်သားသွားမည်ဆိုလျှင် အင်္ဂလိပ်စာဖတ်စွမ်းရည်တိုးတက်နေမည်ဖြစ်သည်။

**နားထောင်နိုင်မှုစွမ်းရည်လေ့ကျင့်ခြင်း**

နားထောင်နိုင်မှု စွမ်းရည်သည်လည်း အင်္ဂလိပ်ဘာသာစကား လေ့လာရာတွင် အရေးပါလျက်ရှိသည်။ တစ်ဖက်သား ပြောဆိုသည့်ဆိုလိုရင်းကိုနားလည်မှသာ ပြန်လည်ပြောဆိုချေပနိုင်မည်ဖြစ်သည်။ နားလည်မှု စွမ်းရည်ဆိုရာတွင်လည်းအဆင့် သတ်မှတ်ချက်ရှိပါသည်။ သံခင်းတမန်ခင်းပြောဆိုရာတွင်တစ်ဖက်သား နားလည်ရခက်ခဲသော ဗန်းစကားများ ပြောဆိုခြင်း မရှိသဖြင့် အတော်အတန် လေ့လာထားသူဆိုလျှင် နားလည်နိုင်စွမ်းရှိပေသည်။ နားထောင်နိုင်မှုစွမ်းရည် တိုးတက်ရေးအတွက် အင်္ဂလိပ်ဘာသာဖြင့်ထုတ်လွှင့်သော ရုပ်သံလိုင်းများကိုစဉ်ဆက်မပြတ်ကြည့်ရှု လေ့လာသင့်ပါသည်။ အခွေများနားထောင်၍လည်းလေ့ကျင့်နိုင်ပါသည်။ အကောင်းဆုံးနည်းလမ်းသည် နိုင်ငံခြားသားများနှင့် ထိတွေ့ဆက်ဆံပြောဆိုခြင်းပင်ဖြစ်သည်။ အင်္ဂလိပ်စကားပြောဆိုသူများနှင့် ထိတွေ့ဆက်ဆံမှုလုပ်လျှင် ထိုသူများ၏ လေယူ လေသိမ်းကိုအတုခိုးနိုင်မည်ဖြစ်သည်။


သို့ဖြစ်၍ ဆိုခဲ့ပါနည်းလမ်းများအတိုင်းသာတစိုက်မတ်မတ်လေ့လာသင်ယူသွားမည်ဆိုလျှင် အင်္ဂလိပ်စာ မတတ်စရာ အကြောင်းမရှိချေ။ တတ်မြောက်မှုအပိုင်းသည် ကြိုးစားအားထုတ်မှုအပေါ်တွင်သာ မူတည်နေသည်။ စာရေးသူ အင်္ဂလိပ်စာ စတင်လေ့လာသင်ယူစဉ်က ထိုနည်းလမ်းအတိုင်းပင် လေ့ကျင့်သင်ကြားခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်စာသင်ပြပေးသည့် ဆရာသည် အသပြာဆရာမဟုတ်ဘဲ စေတနာအရင်းခံဖြင့် သင်ကြားပေးသော ဆရာကြီး ဦးမြကြိုင်ပင် ဖြစ်သည်။ ယခုလည်းရန်ကုန်မြို့တွင် ကျောင်းဖွင့်ထားပြီး မျိုးဆက်သစ် လူငယ်များကို အင်္ဂလိပ်စာသင်ကြားပေးလျက်ရှိပါသည်။ ဆရာ၏ သင်တန်းတွင် သင်တန်းဆင်း လက်မှတ်မပေးပါ။ သို့သော် သင်တန်းဆင်းလက်မှတ်ရရှိထားသည့် ကျောင်းသားများထက် အင်္ဂလိပ်စာစွမ်းရည်သာလွန်နေသည်မှာ အမှန်ပင်ဖြစ်သည်။ ပြောဆို၊ ရေးသား၊မြန်မာ-အင်္ဂလိပ်၊ အင်္ဂလိပ်-မြန်မာဘာသာပြန်နှင့် နားထောင်နိုင်မှုစွမ်းရည်တို့ကို အချိန်တိုအတွင်း တတ်မြောက်အောင်ပြင်းပြင်းထန်ထန် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။

ခြုံ၍တင်ပြရလျှင် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသောကမ္ဘာကြီးတွင် နိုင်ငံတကာသုံး အင်္ဂလိပ်စာကို အခြေခံမျှတတ်မြောက်အောင် သင်ယူမထားလျှင် ခေတ်နောက်ကျကျန်ပြီး လူဖြစ်ရှုံးနေမည်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့အားလုံး လူနုံလူအများ မဖြစ်ရလေအောင် အင်္ဂလိပ်စာကို ပြင်းပြင်းထန်ထန် လေ့လာသင်ယူရန် အချိန်တန်နေပြီဖြစ်သည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များသည် အကျိုးမဲ့လုပ်ရပ်များဖြင့် အချိန်ဖြုန်းမနေဘဲ အနာဂတ်ဘဝတောက်ပြောင်ရေးတွင် အထောက်အကူပြုစေမည့် အင်္ဂလိပ်စာကို ကျွမ်းကျင်တတ်မြောက်အောင် အပတ်တကုတ် ကြိုးစားလေ့လာသင်ယူသွားရန်လိုအပ်သည်။ အထူးသဖြင့် လူငယ်ထုတွင် အင်္ဂလိပ်စာ လေ့လာသင်ယူလိုစိတ် ကိန်းအောင်းလာအောင် အမျိုးသားရေးတာဝန်တစ်အရပ်အဖြစ် ချမှတ်ကြိုးပမ်းသွားမည်ဆိုလျှင် အောင်မြင်မှုရရှိမည်မှာ ဧကန်မုချပင် ဖြစ်ပါတော့သည်။

> အင်္ဂလိပ်စာတတ်လိုသူတစ်ဦးသည် မရှက်မကြောက် အချိန်ပြည့် လေ့လာဆည်းပူးလေ့ကျင့်ပြောဆိုနေရန် လိုအပ်သည်။ အင်္ဂလိပ်စာကိုစဉ်ဆက်မပြတ် လေ့လာသင်ယူနေမှသာလျှင် ကျွမ်းကျင် . . .

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ဒီမိုကရေစီပတ်စာ (၁)

**ဆူဒိုနင်**

**ဝန်ခံချက်**

ကွယ်လွန်သူသတင်းစာဆရာ၊ စာရေးဆရာ၊ ဘာသာပြန်ဆရာ ဆရာအထောက်တော်လှအောင် စကားနဲ့ပြောရရင် အကြောင်းကြောင်းသော အကြောင်းများကို အကြောင်းပြုပြီးသကာလ သည်တစ်ပတ်မှာ လွန်ခဲ့တဲ့ လေးနှစ်က သံလွင်တိုင်း(မ်) ဂျာနယ်မှာ သုံးပတ်ဆက်ပြီးရေးခဲ့တဲ့ စာလေးကိုပဲ ကြေးမုံပရိသတ်အတွက် ပြန်လည်တင်ဆက်ပေးခွင့်ပြုကြဖို့ ဦးစွာပန်ကြားပါရစေခင်ဗျား။ သံလွင်တိုင်း(မ်)ဂျာနယ်ဆိုတာရှိမှန်းသိတဲ့ ပရိသတ်တောင်သိပ်များမယ် မထင်ပါဘူး။ ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖတ်ရှုကြတဲ့ ကြေးမုံမှာ သည်စာကို ပြန်လည်တင်ဆက်လိုက်တာကို နားလည်တော်မူပေးကြမယ်လို့ မျှော်လင့်မိပါတယ်ခင်ဗျား။

**ဒီမိုကရေစီဆိုတာ**

၁၉၈၈ ခုနှစ်နောက်ပိုင်း ကျွန်တော်တို့ဆီမှာ "ဒီမိုကရေစီ"ဆိုတဲ့ ဝေါဟာရက အတော်တွင်ကျယ်လာခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး လွှတ်တော်များပေါ်ပေါက်လာတော့ ဒီမိုကရေစီရပြီလို့ လူအများစုက ထင်မြင်ယူဆနေကြပါတယ်။

ပထမဆုံးအချက်က ဒီမိုကရေစီဟာ ဟင်းရွက်ကန်စွန်းလို ရော့ အင့်ဆိုပြီး ပေးလို့၊ ယူလို့ရတဲ့အရာမဟုတ်ပါဘူး။ အဲဒါကိုသဘောပေါက်ဖို့ သိပ်ကိုအရေးကြီးပါတယ်။ တကယ်တော့ ဒီမိုကရေစီဆိုတာ နိုင်ငံရေးစနစ်တစ်ခုသာဖြစ်ပါတယ်။

"စနစ်"ဆိုတဲ့ ဝေါဟာရကအရေးကြီးပါတယ်။ စနစ်တစ်ခုတည်းမှာ အဲဒီစနစ်ကို လှုပ်ရှားလည်ပတ်နေစေတဲ့ ဆိုင်ရာဆိုင်ရာအစိတ်အပိုင်းတွေ အစုံလိုက်၊ အတွဲလိုက်ပါဝင်နေပါတယ်။ အင်ဂျင်တစ်လုံးရဲ့ လည်ပတ်မှုစနစ်ကို နမူနာဆောင်မယ်ဆိုရင် ပထမဆုံးက ဓာတ်ဆီအင်ဂျင်လား၊ ဒီဇယ်အင်ဂျင်လား၊ ဓာတ်ငွေ့အင်ဂျင်လားဆိုတာက စပြောရတော့မှာပါ။ ဓာတ်ဆီစနစ်နဲ့ အင်ဂျင်ဆိုရင် အဲဒီအင်ဂျင်"စနစ်" လှုပ်ရှားလည်ပတ်နိုင်ဖို့အတွက် လိုအပ်တဲ့အစိတ်အပိုင်းတွေဟာ ဒီဇယ်အင်ဂျင်နဲ့ မတူနိုင်တော့ပါဘူး။ အလွယ်ပြောရရင် ဒီဇယ်အင်ဂျင်မှာပါတဲ့ နော်ဇယ်တွေ၊ ဖလန်ဂျာတွေ၊ ပန့်တွေက ဓာတ်ဆီအင်ဂျင်အတွက် ဘယ်လိုမှ အသုံးမတည့်တော့ဘူး။ အသိသာဆုံးကတော့ ဓာတ်ဆီအင်ဂျင်စနစ်လည်ပတ်ဖို့ ဒီဇယ်ထည့်မောင်းလို့ မရဘူးပေါ့။ အဲဒါဟာ စနစ်ရဲ့ သဘောပါ။

ဒါကြောင့် မပြတ်တမ်းလှုပ်ရှားလည်ပတ်နေနိုင်စွမ်းရှိမှသာလျှင် စနစ်တစ်ခုအောင်မြင်တယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ ဒါဖြင့် ဒီမိုကရေစီဆိုတဲ့ "စနစ်"ကရော "စနစ်" ဖြစ်တဲ့အတွက် အထက်ကပြောခဲ့သလို ရော့ အင့်ဆိုပြီး ပေးလိုက်လို့ မရဘူးဆိုတာကို စာဖတ်သူလူကြီးမင်း လက်ခံနိုင်လောက်ပြီထင်ပါတယ်။

ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားနေပါတယ်ဆိုတဲ့ နိုင်ငံတွေမှာတောင်မှ အဲဒီစနစ်ကြီး ထဖောက်တာတွေ ရှိပါတယ်။ ပြောလက်စနမူနာဖြစ်တဲ့ အင်ဂျင်စနစ် နမူနာနဲ့ပြောရင် ဆီပြတ်တာတွေ၊ မီးပျောက်တာတွေ၊ ဆီထဲမှာချေးပါလာလို့ စက်သေမလို ဖြစ်တာတွေ၊ သေသွားတာတွေမျိုးပေါ့။ သည်တော့ စနစ်တစ်ခုကို နှစ်သက်လက်ခံတယ်၊ သဘောကျတယ်ဆိုရင် အဲဒီစနစ် အရှိန်မပျက် မှန်မှန်လည်ပတ်နေအောင် မွမ်းမံထိန်းသိမ်းပြီး လိုအပ်တဲ့လောင်စာများ မပြတ်ဖြည့်တင်းသွားဖို့ လိုအပ်တယ်ဆိုတာကိုလည်း သတိထားဖို့လိုပါတယ်။

**တန်ရာတန်ရာ**

ဒီမိုကရေစီစနစ်တစ်ခု အရှိန်မပျက် မှန်မှန်လည်ပတ်နေအောင် မွမ်းမံထိန်းသိမ်းရာမှာ အုပ်ချုပ်သူလူတန်းစားမှာတင် တာဝန်ရှိတာ မဟုတ်တော့ပါဘူး။ တခြားစနစ်တွေနဲ့မတူတာက ဒီမိုကရေစီဆိုတာဟာ "အုပ်ချုပ်မှု အာဏာသည် လူထုထံမှ သက်ဆင်းသည်"ဆိုတဲ့ အခြေခံသဘောတရားအပေါ်မှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်တစ်ခု အရှိန်မပျက် လည်ပတ်နေရေးအတွက် တာဝန်ရှိသူဟာ အစိုးရတစ်ရပ်လည်းမဟုတ်ဘူး၊ နိုင်ငံရေးပါတီတစ်ခုလည်းမဟုတ်ဘူး၊ ခေါင်းဆောင်တစ်ဦးတစ်ယောက်လည်းမဟုတ်ဘူး၊ စာနယ်ဇင်းလည်းမဟုတ်ဘူး၊ သတင်းမီဒီယာလည်းမဟုတ်ဘူး၊ အရပ်သားလူ့ဘောင်လည်းမဟုတ်တော့ပါဘူး။ အဲဒါတွေ အားလုံးပါဝင်နေတဲ့၊ အဲဒါတွေအားလုံးထဲမှာ ပါဝင်ပတ်သက်နေတဲ့ "လူထု" (ဝါ) နိုင်ငံသားများအားလုံးမှာတာဝန်ရှိပါတယ်။

ဆိုရိုးစကားတစ်ခုရှိတယ်။ မြန်မာလိုကတော့ "တန်ရာတန်ရာ"ဆိုတဲ့ ဆိုရိုးဟာအင်မတန် တွင်ကျယ်ပါတယ်။ မဖောက်မပြန် မပြောင်းလဲဘဲတည်မြဲနေတဲ့ လောကရဲ့ နိယာမ ဓမ္မတရားတွေအနက်မှာ အဲဒီ "တန်ရာတန်ရာ"ဆိုတဲ့ တရားလည်းပါပါတယ်။ တန်ရာ၊ တန်ရာကို ဘုရားဟောနဲ့ ပါဠိလိုရေးရင်တော့ "သဗ္ဗေသတ္တာ ကမ္မသကာ"ပေါ့ ခင်ဗျာ။ သတ္တဝါမှန်သမျှ မိမိတို့ရဲ့ (မနောကံ၊ ဝစီကံ၊ ကာယကံဆိုတဲ့) ကံစီမံရာအတိုင်းသာ ဖြစ်ကြစမြဲပါတဲ့။ အရပ်စကားနဲ့ပြောရင်တော့ သတ္တဝါတိုင်းဟာ သူတို့ တွေးမြင်၊ ပြောဆို၊ ပြုမူတဲ့အတိုင်းသာ ဖြစ်လာမှာပါလို့ ပြောရမှာပါ။ သူဌေးဖြစ်ချင်တဲ့ စိတ်အတွေး (မနောကံ)ရှိတဲ့သူက သူဌေးဖြစ်ရေးကိုပဲ တစ်ရံမလပ် တွေးနေမှာပါ။ သည်အတွက် သူပြောဆိုတဲ့စကားတွေ၊ သူလုပ်တဲ့အလုပ်တွေမှာလည်း သူဌေးဖြစ်ရေးအတွက် ဦးစားပေးနေတာတွေသာ ဖြစ်လာမှာပါပဲ။ ပညာရှင်ဖြစ်ချင်သူကလည်း အလားတူပါပဲ။

သည်နေရာမှာ သူများသုံးစွဲခံစားနေတာကို ကြည့်ပြီး "သူ့လို ဖြစ်ချင်လိုက်တာ၊ သူ့လိုချမ်းသာချင်လိုက်တာ၊ သူ့လိုတတ်ကျွမ်းချင်လိုက်တာ"ဆိုတဲ့ ခဏပန်းစိတ်ကို ဆိုလိုတာမဟုတ်ပါဘူး။ အဲဒီစိတ်ကတော့ သူသူကိုယ်ကိုယ် လူတိုင်းဖြစ်စမြဲပါ။ အဲဒီစိတ်က "တစ်ရံမလပ်"ရှိနေပြီး ကိုယ်ဖြစ်ချင်တာနဲ့အညီ ပြောဆိုပြုမူနေသူများသာ ဖြစ်ချင်တဲ့ပန်းတိုင်ကို လှမ်းကိုင်နိုင်သွားကြတာကိုသတိချပ်ဖို့ လိုပါတယ်။

လူ့ဘောင်တစ်ခုမှာ ဘယ်စနစ်ထွန်းကားမလဲဆိုတာဟာလည်း အလားတူပါပဲ။ အဲဒီ လူ့ဘောင်မှာ မှီတင်းနေထိုင်ကြသူ လူအများစုရဲ့ စိတ်နှလုံးက ဘယ်လိုရှိသလဲ၊ အဲဒီလူအများစုရဲ့ ကံသုံးပါးကလည်း ဘယ်လိုမျိုးအများဆုံးဖြစ်နေသလဲ ဆိုတဲ့အပေါ်မှာအများကြီးမူတည်ပါတယ်။ သည်မှာလည်း "တန်ရာတန်ရာ"သာ ဖြစ်လာမှာပါပဲ။ သိုးဆောင်းစကားမှာတော့ ဒါနဲ့ပတ်သက်တဲ့ ဆိုရိုးက အတိအကျကိုရှိတယ်။ "လူတွေဟာ သူတို့နဲ့ထိုက်တန်တဲ့ အစိုးရ (စနစ်)ကိုသာ ရစမြဲပါ"တဲ့။

**အားလုံးရဲ့ တာဝန်**

ဒီမိုကရေစီစနစ်နဲ့ ထိုက်တန်တဲ့ နိုင်ငံသားတွေဖြစ်လာဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။

ခက်တာက ကျွန်တော်တို့တွေမှာက ဒီမိုကရေစီအလေ့အကျင့်တွေနဲ့ ဝေးနေခဲ့တာ နှစ်ပေါင်း (၅၀) ကျော်ခဲ့ပါပြီ။ ပြောရတာ သိပ်တော့မကောင်းဘူး၊ ကျွန်တော်တို့ရဲ့ မိသားစုဘဝ၊ ကျောင်းနေဘဝတွေမှာလည်း ဒီမိုကရေစီအလေ့အထက လုံးလုံးမရှိဘူး။ မြန်မာ့သမိုင်း အစဉ်အဆက်တစ်လျှောက်လုံးမှာလည်း တစ်သွေးတစ်သံတစ်မိန့်နဲ့သာ အသားကျယဉ်ပါးနေခဲ့ရတဲ့ လူ့ဘောင်ဖြစ်နေတာ ဘယ်သူမှငြင်းနိုင်မယ် မထင်ပါဘူး။

အဲဒီအနေအထားမှာ ကျွန်တော်တို့အားလုံးအနေနဲ့လုပ်ရမှာက ဒီမိုကရေစီနဲ့ ထိုက်တန်တဲ့ အမူအကျင့်၊ အလေ့အထတွေ လူအများကြားမှာစိမ့်ဝင်ပျံ့နှံ့လာအောင် ဆောင်ရွက်ကြဖို့လိုသလို တစ်ဦးချင်းစီကလည်း ရှေ့ကနေစံပြအဖြစ် ဒီမိုကရေစီအလေ့အထတွေ နေရာတိုင်းမှာ ပြသသွားကြဖို့ လိုအပ်ပါလိမ့်မယ်။ ဒါဟာ ပါတီနိုင်ငံရေးကိစ္စမဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံရေးသမားတွေမှ လုပ်ဆောင်ရမယ့်အရာမဟုတ်ပါဘူး။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ရှစ်တန်သောအရပ်မျက်နှာမှာနေထိုင်ကြတဲ့ နိုင်ငံသားတိုင်း လုပ်ဆောင်ရမှာပါ။ အဲဒီ ဒီမိုကရေစီစနစ်ကို တကယ်လည်း နှစ်သက်မြတ်နိုးတန်ဖိုးထားတယ်၊ တကယ်လည်းယုံကြည်တယ်၊ တကယ်လည်း သည်နိုင်ငံမှာ အဲဒီ "စနစ်"ထွန်းကားလာစေချင်တယ်ဆိုရင်ပေါ့ခင်ဗျာ။

ဒါဖြင့် ဒီမိုကရေစီနဲ့ ထိုက်တန်တဲ့ အမူအကျင့်တွေ၊ အလေ့အထတွေက ဘာတွေလဲလို့ မေးစရာပေါ်လာပါလိမ့်မယ်။အဲဒါတွေကို နောက်တစ်ပတ်မှာ ဆက်လက်ဖော်ပြသွားပါ့မယ်။

> ဒီမိုကရေစီစနစ်တစ်ခု အရှိန်မပျက် မှန်မှန်လည်ပတ်နေအောင် မွမ်းမံထိန်းသိမ်းရာမှာ အုပ်ချုပ်သူလူတန်းစားမှာတင် တာဝန်ရှိတာ မဟုတ်တော့ပါဘူး။ တခြားစနစ်တွေနဲ့မတူတာက ဒီမိုကရေစီဆိုတာဟာ "အုပ်ချုပ်မှုအာဏာသည် လူထုထံမှ သက်ဆင်းသည်"ဆိုတဲ့ အခြေခံသဘောတရားအပေါ်မှာ တည်ဆောက်ထားတာဖြစ်ပါတယ်။

# ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းရန်ပုံငွေနှင့် ကျေးရွာနေပြည်သူများ၏ ပေါင်းစပ်မှုဖြင့် ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်

**နေပြည်တော် ဇူလိုင် ၈**

ကျေးလက်နေပြည်သူများ၏ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဝင်ငွေတိုးပွားရရှိရေး စသည့် လုပ်ငန်းသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)၏ ကူညီထောက်ပံ့မှုဖြင့်ဆောင်ရွက်သော ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းကို နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပျဉ်းမနားမြို့နယ် ရွာသာကျေးရွာအုပ်စု ရွာသာကျေးရွာတွင် ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအနေဖြင့် ကနဦးရရှိငွေကျပ် ၂၃၃ သိန်းထဲမှ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ပတ်သက်ပြီး အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေရှိ ရွာဝင်လမ်းနှင့်ရွာတွင်းလမ်းအား မြေသားလမ်းမှကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာအတွက် ကနဦးရရှိငွေကျပ် ၂၃၃ သိန်းကို လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၆၀ ရာခိုင်နှုန်း၊ ဝင်ငွေတိုးပွားရရှိရေးအတွက် ၃၅ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ငါး ရာခိုင်နှုန်းအဖြစ် အသီးသီးခွဲဝေအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရွာသာကျေးရွာ ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးကျော်ထွန်းက စီမံကိန်းလုပ်ငန်းတွင်ပါဝင်သည့် လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဝင်ငွေတိုးပွားရရှိရေး စသည့် လုပ်ငန်းသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ရပ်မိရပ်ဖများနှင့် ကျေးရွာနေပြည်သူများကို နားလည်သဘောပေါက်အောင် ရှင်းလင်းချပြပြီး ကျေးရွာပြည်သူလူထု၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကျေးရွာနေပြည်သူများကိုပါ အားလုံးပါဝင်စေပြီး ငွေကြေးသုံးစွဲမှုများကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရွာသာကျေးရွာအနေဖြင့် လက်ရှိကျေးရွာတွင်းလမ်း ကျောက်ချောခင်းခြင်းအပြင် စီမံကိန်း၏ကဏ္ဍတစ်ရပ်ဖြစ်သည့် ဝင်ငွေတိုးပွားရရှိရေး လုပ်ငန်းများကိုလည်း မကြာမီဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိကြောင်း ပြောသည်။

"အရင်က မြေသားလမ်းဆိုတော့ မိုးအခါသွားရေးလာရေးခက်ခဲပါတယ်။ ခုအခါ ကျောက်ချောလမ်းခင်းနေတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကျောင်းတက်ရတဲ့ ကလေးတွေအတွက် ပိုပြီးတော့အဆင်ပြေတာပေါ့။ ခုဆို ကျေးရွာနေပြည်သူအားလုံးက တက်ညီလက်ညီနဲ့ ဝိုင်းဝန်းဆောင်ရွက်လုပ်ကိုင်ပေးနေကြတာပါ"ဟု အဆိုပါကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။

**စိုးမိုး(ပြန်/ဆက်)**



## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ကျောက်တန်း ဇူလိုင် ၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက် (၁၀၀) စီမံချက်ဖြင့် ကျောက်တန်းမြို့နယ် တံတားမြို့ လဝကဦးစီးရုံးမှ လက်ထောက်လဝကမှူး ဦးကျော်ကျော်ဝင်းနှင့်အဖွဲ့သည် ဇူလိုင် ၇ ရက်က စစ်တမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူ ၁၂၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ ကျင်းပသွားမည်

**နေပြည်တော် ဇူလိုင် ၈**
(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက လွတ်လပ်ရေးကို အသက်ပေးရယူပေးခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားများကို ထာဝစဉ်သတိရနေရန် ကျင်းပရခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရယူနိုင်ရန်အသက်၊ သွေး၊ ချွေးမြောက်မြားစွာ ရင်းနှီးပေးဆပ်ခဲ့ရသည်များကို လူငယ်လူရွယ်များနှင့် ပြည်သူတစ်ရပ်လုံးသိရှိနိုင်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးတို့ကို ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအောင်မြင်စွာကျင်းပရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများအပြင် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံမှ ဥသြဆွဲအချက်ပေးမည်ဖြစ်ကြောင်း၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိသည် အရေးကြီးပါကြောင်း၊ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်သူများ ကြိုတင်သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ဆောင်ရန်နှင့်ရှောင်ရန်တို့ကို ပြည်သူများသို့ နည်းမျိုးစုံဖြင့် အသိပေးပြီး လိုက်နာနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်နေအိမ်ပြတိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် အာဇာနည်နေ့အခမ်းအနား ကျင်းပမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့တော်၌ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပမည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အခမ်းအနားကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံခြုံရေးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့နှင့်စပ်လျဉ်း၍ လုံခြုံရေးဆန်းစစ်ချက်များ၊ လေ့လာတွေ့ရှိချက်များ၊ လုံခြုံရေးအကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**


(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)



# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၈**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. GENG Huichang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ အကြမ်းဖက်မှုကာကွယ်တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားနိုင်မည့် စာအုပ်များပေးပို့ကြရန် နှိုးဆော်

**ရန်ကုန် ဇူလိုင် ၈**
နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဖွဲ့စည်းကာ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ထုတ်ဝေသောစာအုပ်များကို ဘာသာရပ် ၁၆ မျိုးခွဲခြား၍ အမျိုးသားစာပေဆုများ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိပါသည်။

အမျိုးသားစာပေဆုသည် နိုင်ငံတော်အဆင့်စာပေဆုဖြစ်၍ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရာတွင် လွတ်လပ်ပြီး မျှတမှုရှိစေရန် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို သမာဓိရှိသော စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် ဖွဲ့စည်းထားပါသည်။ ရွေးချယ်ရာတွင် တရားမျှတမှုရှိစေရန်နှင့် စည်းကမ်းတကျဖြစ်စေရန် စာအုပ်များ စတင်လက်ခံသည်မှစ၍ စိစစ်ရွေးချယ်ပြီးသည်အထိ မူဝါဒများ၊ စည်းကမ်းချက်များ ရေးဆွဲချမှတ်ရန် စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ အငြင်းပွားဖွယ်ရာ တစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင်လည်း တစ်ဦးတစ်ယောက်တည်း၏ဆန္ဒဖြင့် မဆုံးဖြတ်ဘဲ အဖွဲ့ဖြင့် ဆင်ခြင်ဆွေးနွေးသုံးသပ်ပြီး တရားမျှတမှုရှိစွာ၊ မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ဆုရသင့်၊ ရထိုက်သည့် စာအုပ်များရရှိစေရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် ဟူ၍ အဆင့်သုံးဆင့် ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိပါသည်။

ယခုအခါ ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့် စာအုပ်စာရင်းများတွင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွက် မပါရှိတော့ပါ။ သို့ပါ၍ ၂၀၁၆ ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ်ထုတ် စာအုပ်များမှ လေးအုပ်စီကို စာရေးသူကိုယ်တိုင်ဖြစ်စေ၊ ထုတ်ဝေသူကဖြစ်စေ၊ စာဖတ်သူများကဖြစ်စေ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီသို့ သတ်မှတ်ရက်အတွင်း အချိန်မီပေးပို့ကြရန် နှိုးဆော်အပ်ပါသည်။ စာအုပ်ရရှိရေး အစီအမံပိုမိုပြည့်စုံစေရန်နှင့် စာရေးဆရာများ အခွင့်အရေးဆုံးရှုံးမှု မရှိစေရန် စာရေးသူများ၊ စာပေထုတ်ဝေဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်တစ်ဦးချင်းတို့က အမျိုးသားစာပေဆုတွင် ထည့်သွင်းစဉ်းစားသင့်သည့် စာအုပ်များကိုဖြစ်စေ၊ စာအုပ်စာရင်းကိုဖြစ်စေ၊ အကြံပြုချက်များကိုဖြစ်စေ ပေးပို့လိုပါက ပေးပို့နိုင်ပါရန် လှိုက်လှဲစွာဖိတ်ခေါ်အပ်ပါသည်။

အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုလိုသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် စာအုပ်အမည်၊ ရေးသားသူ၊ ထုတ်ဝေသည့်စာအုပ်တိုက်၊ ထုတ်ဝေသည့် ခုနှစ်တို့ကို ဖော်ပြ၍ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ စာပေဗိမာန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၆၅၆၉၊ ၀၁-၃၇၅၃၂ နှင့် ၀၁-၃၈၁၄၄၉ တို့သို့ ပေးပို့နိုင်ပါသည်။ စာတိုက်မှ ပေးပို့လိုသူများအနေဖြင့် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့နိုင်ပါသည်။

စာပေဆုများအုပ်ချုပ်ထောက်ပံ့မှုကော်မတီသည် လက်ခံရရှိသော စာအုပ်များကို စာအုပ်အမျိုးအစားအလိုက် စာရင်းသွင်းခြင်း၊ လက်ခံရရှိကြောင်းကို သက်ဆိုင်ရာ စာရေးဆရာသို့ အကြောင်းကြားစာပေးပို့ခြင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန website ဖြစ်သော www.moi.gov.mm/ppd တွင် ပေးပို့လာသော စာအုပ်စာရင်းကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ခြင်း၊ ပြက္ခဒိန်နှစ်တစ်နှစ်အတွက် ထုတ်ဝေသည့် စာအုပ်များကို ယင်းနှစ်၏နောက်တစ်နှစ်ဖြစ်သော ဇန်နဝါရီ ၃၁ ရက်အထိ လက်ခံသွားခြင်းတို့ကို စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ကာလအတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သော စာအုပ်များထဲမှ ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုများကို စိစစ်ရွေးချယ်သွားမည်ဖြစ်ရာ စာအုပ်များကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နောက်ဆုံးထားလက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလှဆင်သူဂျာနယ် ထုတ်ဝေဖြန့်ချိ

နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ထုတ်ဝေသည့် အလှဆင်သူဂျာနယ် (The Beautifier News Journal) ဇူလိုင် ၆ ရက်နေ့ထုတ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။



အဆိုပါဂျာနယ်တွင် ရွှေဇင် (ဆောက်လုပ်ရေး)၏ ကျွန်တော်နှင့် ရေနိမ့်တံတားများ (Low Water Bridge)၊ တင်ထွန်းဦး (စီမံကိန်း)၏ ဝန်ထမ်းတွေရဲ့ လိုချင်တဲ့ဆန္ဒ၊ စတုတ္ထအကြိမ် မြန်မာ့ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲကျင်းပ၊ Facebook နှင့် Viber ကို တယ်လီနောကွန်ရက်ဖြင့် အခမဲ့အသုံးပြုနိုင် စသည့် သတင်းနှင့်ဆောင်းပါးများ ပါရှိသည်။

**(ကြေးမုံ)**

## ပြည်တွင်းရေးရာ

**❍ ပြည်ထောင်စုငြိမ်းချမ်းရေးမှ**

လုပ်ငန်းလမ်းညွှန် (TOR)အကြမ်းပြင်ဆင်နိုင်တယ်။ လုပ်ငန်းလမ်းညွှန်ကိုလည်း အားလုံးကို ပေးပို့ထားပါတယ်”ဟု အရပ်ဘက်လူမှုအဖွဲ့အစည်းများ လုပ်ငန်းလမ်းညွှန်ရေးဆွဲထားမှုနှင့် ပတ်သက်၍ ပြောသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းလမ်းညွှန် (TOR) အား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၁) သို့ပေးပို့ထားပြီး ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ (UNA)၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့နှင့်လည်းတွေ့ဆုံပြီး CSOsများ၏ သဘောထား၊ ရပ်တည်ချက်နှင့် လုပ်ငန်းလမ်းညွှန်တို့ကို ရှင်းပြပေးပို့ခဲ့ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ဒေါ်ဖွေးယုမွန်က “NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကိုလည်း လူချင်းမတွေ့နိုင်ပေမယ့် ကျွန်မတို့ရဲ့ လုပ်ငန်းလမ်းညွှန်ကို e-mail လိပ်စာတွေကတစ်ဆင့် ပေးပို့ခဲ့တယ်”ဟု ဆိုသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၁) အောက်တွင် CSOs၊ Local NGO များနှင့် တွေ့ဆုံဆွေးနွေးရန်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဖိုရမ်ဖြစ်မြောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ လွှတ်တော်အမတ်ဟောင်း ဒေါ်ဒွဲဘူ ၊ လက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များဘက်မှ ဦးမျိုးဝင်း (ABSDF) နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သီးခြားချိတ်ဆက်ရန် ဒေါ်နန်ရော်တို့ လေးဦးပါဝင်သည့် ကော်မတီဖွဲ့ထားကြောင်း သိရသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်ဖြစ်မြောက်ရေး ယာယီကော်မတီအဖွဲ့ဝင် ဦးစောမင်းနိုင်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအပေါ် CSOs များ၏ သဘောထားနှင့် ပတ်သက်၍ “ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဟာ အင်မတန်မှ အရေးကြီးတယ်။ အောင်အောင်မြင်မြင်ဖြစ်စေချင်တယ်။ ကျွန်တော်တို့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေအနေနဲ့ စနစ်တကျ ထိထိရောက်ရောက်နဲ့ ပါဝင်ပေးသွားနိုင်ဖို့၊ ပြည်သူတွေရဲ့ လိုအပ်ချက် လိုလားချက်တွေကို ပါဝင်ဆွေးနွေးပေးနိုင်ဖို့ (၂၁)ရာစုပင်လုံညီလာခံအတွက် ဆုံးဖြတ်ချက်ချထားပါတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုတာ လူထုရဲ့အသံတွေကို အစိုးရနဲ့လူထုကြားမှာ ကြားခံပေးတဲ့အဖွဲ့ဖြစ်တယ်။ နောက်နိုင်ငံတစ်ဝန်းလုံး ဒီမိုကရေစီအလေ့အထတွေ ဖွံ့ဖြိုးလာအောင် လုပ်ဆောင်ပေးတာပါ”ဟု ပြောသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းလမ်းညွှန်မူကြမ်း TOR တွင် အခန်း (၇) ခန်းပါရှိပြီး ၁။ အခြေခံမူများ၊ ၂။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှု (က) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ (ခ) ပါဝင်မည့်အဖွဲ့အစည်းများ၊ (ဂ) ပါဝင်မည့် နည်းလမ်းများ ၃။ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်၏ လုပ်ပိုင်ခွင့်များ၊ ၄။ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ် ကျင်းပမည့်ပုံစံ၊ ၅။ လုပ်ငန်းစဉ်အဆင့်ဆင့်၊ ၆။ လုပ်ငန်းစဉ်ဆောင်ရွက်မည့် အချိန်ဇယား၊ ၇။ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်မှ (၂၁)ရာစုပင်လုံသို့ဟူသည့် ကဏ္ဍ (၇) ခုပါဝင်ကြောင်း သိရသည်။

CSOs ဖိုရမ်ဖြစ်မြောက်ရေး ယာယီကော်မတီ(အဖွဲ့ဝင်) ဦးသွင်လင်းအောင်က “ကျွန်တော်တို့ရဲ့ လုပ်ငန်းလမ်းညွှန် TOR အခုထွက်လာပါပြီ။ နည်းနည်းလေးကွဲလွဲနေတယ်လို့ထင်တဲ့ အချက်နှစ်ချက်ကို ကျွန်တော်တို့တွေ့တယ်။ (၂၁)ရာစုပင်လုံမှာ ပထမက နိုင်ငံရေးမူဘောင်မှာ ဆွေးနွေးမယ့်ကဏ္ဍ (၅)ခုရှိတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လယ်ယာမြေနဲ့ သယံဇာတဆိုတဲ့ အချက် (၅)ခုရှိတယ်။ နောက်ပိုင်းမှ ကျွန်တော်တို့ သိလိုက်ရတာက (၂၁)ရာစုပင်လုံညီလာခံမှာ နိုင်ငံရေးနဲ့ လုံခြုံရေးကို ဆွေးနွေးမယ်။ ညီလာခံနဲ့အတူ ကျွန်တော်တို့ CSOs ဖိုရမ်တွေ အပြိုင်လုပ်ရင်တော့ စီးပွားရေး၊ လူမှုရေးနဲ့ လယ်ယာမြေ၊ သယံဇာတ အဲဒီအချက်တွေပဲ ဆွေးနွေးရမယ်ဆိုတဲ့ ပုံစံမျိုးလုပ်မယ်ဆိုတာ သိရတယ်။ နောက်တစ်ချက်ကတော့ CSOs ဖိုရမ်တွေကို လုပ်ပြီး ပြည်သူလူထုအသံတွေကို ကျွန်တော်တို့စုစည်းပြီးသွားတဲ့အချိန်မှာ (၂၁)ရာစုပင်လုံညီလာခံဆီ ဘယ်လိုမျိုးယူသွားရမလဲဆိုတာ ရှင်းရှင်းလင်းလင်း မရှိသေးဘူး။ ဒါကြောင့် ကျွန်တော်တို့ရေးဆွဲတဲ့ လုပ်ငန်းလမ်းညွှန် TOR ကို ရှင်းရှင်းလင်းလင်းရေးဆွဲခဲ့တာပါ”ဟု လုပ်ငန်းလမ်းညွှန်ရေးဆွဲရခြင်းနှင့် ပတ်သက်၍ ပြောသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ ရေးဆွဲထားသည့် လုပ်ငန်းလမ်းညွှန် TOR သည် NCA အခြေခံမူပါ ပြဋ္ဌာန်းချက်ကို အခြေခံရေးဆွဲထားပြီး မေ ၂၇ ရက်က နေပြည်တော်တွင် ပြုလုပ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခဲ့သည့် အမှာစကားတို့ကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)သို့ တင်သွင်းထားသည့် လုပ်ငန်းလမ်းညွှန်ရရှိပါက နိုင်ငံအဆင့်ဖိုရမ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဖိုရမ်များ ပြုလုပ်သွားမည်ဖြစ်သည်။

ဦးသွင်လင်းအောင်က “ပထမဦးဆုံးဖိုရမ်ကို ကျွန်တော်တို့က (၂၁) ရာစုပင်လုံနဲ့ မရှေးမနှောင်းကျင်းပနိုင်ဖို့ ဩဂုတ်လဆန်းမှာ လုပ်ပါမယ်။ အခု NCA စာချုပ်ပါအချက်တွေကို အခြေခံပြီး အစိုးရက အခု နိုင်ငံရေးမူဘောင်ကို ပြန်လည်သုံးသပ်တာတွေ လုပ်နေတယ်။ အဲဒီဟာက ဩဂုတ်လဆန်းလောက်မှာ ထွက်လာမယ်လို့ အကြမ်းဖျင်းသိထားတယ်။ ဒါကြောင့် CSOs တွေရဲ့ နိုင်ငံအဆင့်ဖိုရမ်ကို ဩဂုတ်လဆန်းမှာ ကျင်းပမယ်။ ကျွန်တော်တို့ အရပ်ဘက်အဖွဲ့အစည်းတွေက နိုင်ငံရေးမူဘောင် ပြန်လည်သုံးသပ်ချက်တွေကို အခြေခံပြီးသွားရမှာဆိုတော့ အဲဒါတွေပြီးမှ ကျွန်တော်တို့ စလုပ်နိုင်မယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ဩဂုတ်လလယ်လောက်နဲ့ နိုင်ငံအဆင့်ဖိုရမ်ကိုတော့ (၂၁)ရာစုပင်လုံနဲ့အပြိုင် အများကြီးလုပ်သွားရမယ်”ဟု ပြောသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ နိုင်ငံအဆင့်ဖိုရမ်တွင် မူဝါဒအခြေခံများချခြင်း၊ နိုင်ငံအဆင့် လုပ်ငန်းကော်မတီဖွဲ့ခြင်းတို့ပါဝင်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဖိုရမ်တွင် သာမန်ပြည်သူများဆီမှ ကဏ္ဍအလိုက် မူဝါဒအကြံပြုချက်များရယူ၍ မူဝါဒဆိုင်ရာ စာတမ်းများပြုစုခြင်းနှင့် နိုင်ငံအဆင့်ဖိုရမ်တွင် မူဝါဒဆိုင်ရာ အကြံပြုချက်များအား ကျစ်ကျစ်လျစ်လျစ် စုစည်းပြင်ဆင်၍ ရရှိလာသည့် မူဝါဒအဆိုပြုချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံတွင် ကိုယ်စားလှယ်စေလွှတ်ပေးပို့ပြီး တင်ပြဆွေးနွေးမည်ဖြစ်သည်။

**(ရဲခေါင်ညွန့်)**

# မြန်မာနိုင်ငံ၌ ပထမဆုံး Broadband ဖိုရမ်ကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

Myanmar Broadband Forum 2016 ကို နေပြည်တော်ရှိ Hilton Hotel ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက Building a Better Connected Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက Broadband Infrastructure and ICT နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံအား Digital Society အဖြစ်သို့ ဖော်ဆောင်ရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများပြောင်းလဲစေရန်နှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန်အတွက် အဓိကလုပ်ဆောင်ချက်အနေဖြင့် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲရာတွင် လွယ်ကူချောမွေ့စေရန် Broadband ကျယ်ပြန့်မှုနှင့် အိုင်စီတီ တိုးတက်မှုက အလွန်အရေးကြီးကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

အဆိုပါဖိုရမ်သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ပြုလုပ်သည့် Broadband နည်းပညာဆိုင်ရာ ဖိုရမ်ဖြစ်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှု၊ Huwei Technologies Co., Ltd ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

Huwei Technologies ကုမ္ပဏီမှ Mr. Jimmy Pang က “Broadband က နိုင်ငံတစ်ဝန်းမှာ ခုံညားလာအောင် တာဝန်ယူနေတဲ့အပြင် အစိုးရဌာနတွေ ဝိုင်းဝန်းပြီးတော့ စက်မှုလုပ်ငန်းတွေမှာ ပါဝင်လာအောင် လုပ်ဆောင်ပေးတာကိုလည်း ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (အိုင်တီယူ) အထွေထွေအတွင်းရေးမှူးချုပ် Mr. Houlin Zhao က ပေးပို့သည့် မက်ဆေ့သဝဏ်လွှာကို Vedio Clip ကို ပြသပြီး ITU Area Office for South East Asia Head အကြီးအကဲ Mr.Auroa A.Aubio က ITU Connect 2020 Agenda နှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာ၊ တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံတို့၏ Broadband ကဏ္ဍဆိုင်ရာ အတွေ့အကြုံများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ Broadband Strategies များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများ၊ Broadband Policy and Situational Analyse၊ broadband ဈေးကွက်ဆိုင်ရာ သုံးသပ်ချက်များ၊ Digital Government စနစ်ဖော်ဆောင်ရေးအတွက် Broadband Industry Development ဖြစ်စေနိုင်မည့် နည်းလမ်းများကို ကျွမ်းကျင်ပညာရှင်များနှင့် Industry ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အေးအေးမြင့်)**




# မီးအာမခံလျော်ကြေးငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၈၂)ရပ်ကွက် (၄၉) လမ်းနှင့် လမ်း(၅၀)ကြား ရွှေလုံ့ဘိုလမ်းရှိ Polymer Co.,Ltd. ပိုင် ရေမြှုပ်တုံးများ ထုတ်လုပ်သောစက်ရုံသည် မေ ၂၂ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က မီးလောင်ဆုံးရှုံးမှုအတွက် မီးအာမခံလျော်ကြေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက်က IKBZ အာမခံကုမ္ပဏီရုံးချုပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် IKBZ အာမခံကုမ္ပဏီမှ ဘဏ္ဍာရေးအရာရှိချုပ် ဦးနေမျိုးအောင်က လျော်ကြေးငွေ ၁၅၇၆၅၅၆၇၄ ဒသမ ၂၃ ကျပ်ကို Polymer Co.,Ltd. ဥက္ကဋ္ဌအား ပေးအပ်ခဲ့ကြောင်း သိရသည်။

IKBZ Insurance အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ခရိုင်မြို့များတွင် ရုံးခွဲများဖွင့်လှစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ယှဉ်တွဲတည်ရှိနေသည့် ဆုံးရှုံးမှုအန္တရာယ်အရပ်ရပ်အတွက် အစဉ်အမြဲကာကွယ်စောင့်ရှောက်သွားရန် အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**(၁၀၇)**



## ရန်ကုန်-စစ်တွေလမ်း ရေကြီးမှုကြောင့် တံတားပျက်စီး

**မြောက်ဦး ဇူလိုင် ၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်အတွင်း ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် မြောက်ဦးမြို့နှင့် မြောင်းဘွေစံပြကျေးရွာကြား မိုင်တိုင်အမှတ် (၁၀၂/၀-၁) ကြားတံတားအမှတ် (၁/၂၀၃) အရှည်ပေ ၅၀ ရှိ RC တံတားမှာ ချဉ်းကပ်လမ်းနှစ်ဖက် ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မိုင်တိုင်အမှတ် (၁၀၃/၄-၅) ကြားတံတားအမှတ် (၂/၁၀၄) အရှည်ပေ ၂၀ ရှိ ကွန်ကရစ်အုတ်မြစ်၊ RC တံတားမှာလည်း ကမ်းကပ်ခုံနှစ်ဖက် ပြိုကျပျက်စီးခဲ့ပြီး ခရီးသွားပြည်သူများ လွယ်လွင့်တကူ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် လမ်းဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

■

**❒ ကျောဖုံးမှ**

ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် ဂျာမန်လူမျိုးနည်းပြ ဂတ်ဖရိုင်းဒရစ်နှင့် ကာလရှည်လက်တွဲခဲ့သည့် နည်းပြ ဦးညီညီလတ်က မြန်မာ ယူ-၁၆ အသင်းကို ကိုင်တွယ်နေခြင်းဖြစ်ပြီး အသင်းကစားပုံ၊ ကစားသမားများ၏ ကြိုးစားအားထုတ်မှုအပိုင်းတို့ကို အကောင်းဆုံးနှင့် အမြင့်ဆုံးရောက်ရှိအောင် လေ့ကျင့်ပြင်ဆင်ထားသည်။ မြန်မာယူ-၁၆ အသင်းသည် ကစားသမားများ အတွေ့အကြုံရရှိစေရန် ပထမတန်း လူငယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲမတိုင်မီ တစ်ပွဲတည်းသော နိုင်ငံတကာခြေစမ်းပွဲအဖြစ် ကမ္ဘောဒီးယား ယူ-၁၆ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**သတင်း၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# ဦးပိန်တံတားမှ ရှေးဟောင်းတိုင်လုံးများအား ဗားကရာကျောင်းဝင်းအတွင်း စနစ်တကျထိန်းသိမ်းထား

**အမရပူရ ဇူလိုင် ၈**

မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ဦးပိန်တံတားကြီးအား ရှေးမူမပျက်ကြံ့ခိုင်မှုရှိရန် ပြင်ဆင်လျက်ရှိရာ တိုင်များနှင့် ကြမ်းခင်းအချို့ အစားထိုးလဲလှယ်ပြီးနောက် သုံးစွဲရန်မသင့်သည့် ရှေးတိုင်လုံးများအား အမရပူရမြို့ ဗားကရာကျောင်းဝင်းအတွင်း စနစ်တကျထိန်းသိမ်းထားရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

ဦးပိန်တံတားသည် ၁၉၄၆ ခုနှစ်ကတည်းက ပျက်စီးမှုများရှိနေပြီး ဒေသခံများအတွက် ဆက်သွယ်သွားလာရေးလမ်းကြောင်းအဖြစ် အသုံးပြုနေခြင်းကြောင့် ခိုင်ခံ့မှုကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

"ရှေးဟောင်းဘက်ကလည်း ကြံ့ခိုင်ရေးနဲ့ ရှေးမူမပျက်ထိန်းသိမ်းပြင်ဆင်ဖို့ကြိုးကြပ်တယ်။ အရင်တံတားဟောင်းက အသုံးပြုခဲ့တဲ့ တိုင်တွေ၊ ဆင့်တန်း၊ ကြမ်းခင်းတွေအနက် သုံးလို့ရတာပြန်သုံးသလို အစားထိုးတာလည်းလုပ်တယ်။ သုံးမရတဲ့တိုင်ဟောင်းတွေကို ဗားကရာကျောင်းဝင်းအတွင်းနဲ့ ကြမ်းခင်းတွေကိုတော့ တောင်မင်းကြီးဂေါပကအဖွဲ့ရုံးမှာ စနစ်တကျထိန်းသိမ်းထားတာပါ"ဟု ၎င်းကပြောသည်။ ဦးပိန်တံတားပြင်ဆင်ထိန်းသိမ်းမှုများ ကုန်ကျစရိတ်ကို Myanmar Teak Wood ကုမ္ပဏီက တာဝန်ယူ၍ မဟာဂန္ဓာရုံဆရာတော်ကြီးများ၊ ရှေးဟောင်းသုတေသနဌာန၊ ဒေသခံများ၊ ရပ်မိရပ်ဖများအားလုံးကကြပ်မတ်ညှိနှိုင်း၍ ရှေးမူမပျက် ကြံ့ခိုင်မှုလည်းရှိစေရန် ပြင်ဆင်ထိန်းသိမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

"သက်ကြီးမှာလာတဲ့သူတွေ အန္တရာယ်မဖြစ်အောင် ကြံ့ခိုင်ရေးအတွက် အရေးပေါ်ပြင်ဆင်ရေးလုပ်ခဲ့တယ်။ မလိုတဲ့နေရာဆို မပြင်ဘူး။ လိုအပ်မှပြင်ဆင်မှုတွေလုပ်တယ်။ ဒီရှေးဟောင်းတိုင်တွေကို အမရပူရရှေးဟောင်းယဉ်ကျေးမှုနယ်မြေသစ် ပေါ်ထွက်လာရင် ပြတိုက်မှာထည့်သွင်းပြသသွားဖို့ ရည်ရွယ်ထားတဲ့အပြင် အခုလည်းရှေးဟောင်းအမွေအနှစ်တွေကို မြတ်နိုးသူမည်သူမဆိုလာရောက်လေ့လာကြည့်ရှုနိုင်ပါတယ်"ဟု ၎င်းကပြောသည်။



ဦးပိန်တံတားတွင် အခန်းပေါင်း ၄၈၁ ခန်းအနက် ကြံ့ခိုင်မှုမရှိတော့သည့် ၆၁ ခန်းမှ တိုင်များ၊ ထုတ်တန်းများ၊ ဆင့်နှင့်ကြမ်းခင်းများကို လဲလှယ်ထားကြောင်း သိရသည်။

**(အောင်ရဲသွင်)**



# ချင်းတွင်းမြစ်ရေတိုက်စားခြင်းကြောင့် နေအိမ်နှစ်လုံးရွှေ့ပြောင်း

**ရေစကြို ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့သည် ချင်းတွင်းမြစ်ကမ်းတွင် တည်ရှိပြီး ချင်းတွင်းမြစ်ရေများတိုးလျက်ရှိရာ အဆိုပါမြစ်ကမ်းနံဘေးရှိ အမှတ်(၁) ထင်းတန်းရပ်ကွက်တွင် ယမန်နေ့က မြစ်ရေတိုက်စားခြင်းကြောင့် လူနေအိမ်နှစ်လုံး ပြောင်းရွှေ့ခဲ့ရသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက "ကျွန်တော်တို့ရပ်ကွက်မှာ တစ်စတစ်စနဲ့ ကမ်းပါးပြိုလာတာ အခုဆို လူနေအိမ်ခြေတွေနဲ့ နီးကပ်လာပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ရပ်ကွက်တာဝန်ရှိ ရပ်မိရပ်ဖတွေ၊ လူငယ်တွေ စုပေါင်းညှိနှိုင်းတိုင်ပင်ပြီး ကမ်းပါးပြိုမှုသက်သာစေဖို့ တိုင်စိုက်၊ ဝါးတွေရက်ပြီး ရေကာတာတွေ တစ်နိုင်ဆောင်ရွက်နေကြပေမယ့် ရေစီးအားနဲ့ပြိုကျနေပါပြီ"ဟု ပြောသည်။

ဆက်လက်၍ အန္တရာယ်ရှိနေအိမ်ပေါင်း ၁၆ လုံးရှိကြောင်း၊ နေ့ညအခြေအနေကြည့်ပြီး ဝိုင်းဝန်းပြောင်းရွှေ့ပေးသွားမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်း အိမ်ထောင်စုများအနေဖြင့် ဆွေမျိုးသားချင်းနှင့် နီးစပ်ရာသို့ အကူအညီတောင်း နေကြရကြောင်း သိရသည်။

ရေစကြိုမြို့၏ ချင်းတွင်းမြစ်ရေစိုးရိမ်ရေအမှတ်သည် ၂၈ ဒသမ ၇ ပေဖြစ်ပြီး ယမန်နေ့ ညနေတိုင်းထွာချက်များအရ ၂၅ ဒသမ ၉ ပေသို့ ရောက်ရှိလာကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဝဝ**

# (၆၉)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာပေဟောပြောပွဲကျင်းပမည်

**နေပြည်တော် ဇူလိုင် ၈**

ပျဉ်းမနားမြို့နယ် ပညာရေးမှူးရုံး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက် (နေပြည်တော်)နှင့် နေပြည်တော် ဝိုင်အမ်စီအေတို့ ပူးပေါင်း၍ (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာပေဟောပြောပွဲ အခမ်းအနားကို နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၈ ရက်တွင် ပြိုင်ပွဲများကျင်းပပြီး ၁၉ ရက်တွင် ဆုချီးမြှင့်ပွဲနှင့် စာပေဟောပြောပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ကျပန်းစကားပြော ပြိုင်ပွဲတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၁၅ ကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ တစ်ကျောင်းလျှင် တစ်ဦးနှုန်းဖြင့် ၁၅ ဦး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်း ၁၅ ကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို တစ်ကျောင်းလျှင် တစ်ဖွဲ့နှုန်းဖြင့် ၁၅ ဖွဲ့တို့ကို ဇူလိုင် ၁၈ ရက်တွင် ပြိုင်ပွဲများကျင်းပပေး၍ ကျပန်းစကားပြောပြိုင်ပွဲမှ ရွေးချယ်ခံရသူငါးဦးနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲမှ ရွေးချယ်ခံရသည့် အဖွဲ့ငါးဖွဲ့တို့ကို ဇူလိုင် ၁၉ ရက်တွင် ဆက်လက်ယှဉ်ပြိုင်စေပြီး ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကာ ညပိုင်းတွင် စာရေးဆရာ ဦးဘုန်း(ဓာတု)နှင့် စာရေးဆရာ ချစ်ဦးညိုတို့က အာဇာနည်နေ့ အကြောင်း သိကောင်းစရာများနှင့် စာပေရေးရာများကို ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေကုက္ကို)**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေး

**ရေတာရှည် ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်များက မြို့နယ်စိုက်ပျိုးရေးဘဏ်အနေဖြင့် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းသာ ထုတ်ချေးခဲ့သော်လည်း ယခုအခါ တစ်သိန်းခွဲနှုန်းထုတ်ချေးသွားမည်ဖြစ်ကြောင်း ဘဏ်မန်နေဂျာ ဦးစန်းညွန့်က ပြောသည်။

မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးရာတွင် ကျေးရွာအုပ်စု ၃၉ အုပ်စု၊ အစုအဖွဲ့ ၉၃၉ စု၊ တောင်သူဦးရေ ၂၆၅၃ ဦး၊ စိုက်ပျိုးဧကပေါင်း ၁၃၉၉၆ ဧကအတွက် ချေးငွေကျပ်ပေါင်း ၂၀၉၉၄၀၀၀၀၀ ထုတ်ချေးပေးခဲ့ပြီး ပြေ/ကျေတောင်သူများအား သုံးဦးလျှင်တစ်စုနှုန်းဖြင့် ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကာ ၂၀၁၅-၂၀၁၆ စိုက်ပျိုးရာသီအတွက် တောင်သူများ၏ပြန်လည်ပေးဆပ်နှုန်းမှာ ၆၅ ရာခိုင်နှုန်းရှိပြီး တောင်သူများ လယ်ယာလုပ်ငန်းခွင် ဖြစ်ထွန်းအောင်မြင်ခြင်းများနှင့်အတူ အကြွေးပြန်လည်ပေးဆပ်နှုန်း ပိုမိုမြင့်မားလာနိုင်ကြောင်း သုံးသပ်မှုများလည်းရှိသည်။

**ကိုလွင်(ဆွာ)**

# တူးမြောင်းကူးတံတားကျိုးကျသဖြင့် အာရ်စီတံတားသစ်ဆောက်လုပ်ရန် စီစဉ်

**ခင်ဦး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပေါင်းလဲကုန်းကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာအနီး S.M.C တူးမြောင်းပေါ်ရှိ သစ်သားတံတားမှာ ဇွန် ၂၈ ရက် ညနေ ၅ နာရီက ကျွဲအုပ်များ ဖြတ်ကူးနေစဉ် တံတားအရှေ့ထိပ်နှစ်ခန်းမှာ ပြိုကျပျက်စီးသွားခဲ့သည်။

တူးမြောင်းပေါ်ရှိ သစ်သားတံတား ကျိုးကျခဲ့သဖြင့် ဇူလိုင် ၄ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့် ကျေးရွာရပ်မိရပ်ဖများ၊ တူးမြောင်းအရှေ့ဘက်ရှိ လယ်ယာလုပ်ကိုင်နေသူတောင်သူ ၇၀ တို့က ကုန်ထုတ်သွားလာနိုင်ရန် ကိုယ့်အားကိုယ်ကိုးစုပေါင်းပြီး ပြုပြင်ဆောင်ရွက်လျက်ရှိရာ ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါတံတားပြီးစီးမှုနှင့် တံတားအသစ်တစ်စင်းဆောက်လုပ်ပေးနိုင်ရန် ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်တို့က ဇူလိုင် ၇ ရက်က သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ကျိုးကျသွားသောတံတားမှာ အင်္ဂလိပ်လက်ထက်က တည်ဆောက်ထားသော သစ်သားတံတားဖြစ်ပြီး ခေတ်အဆက်ဆက်ပြုပြင်မွမ်းမံ၍ မူးအရှေ့ဘက်တွင် လယ်ဧက ၂၀၀ ကျော်သွားရောက်လုပ်ကိုင်နေခြင်းနှင့် ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုနေကြောင်း သိရသည်။

၎င်းတံတားအစား ၂၀၀၁ ခုနှစ်က ဆည်/မြောင်းဦးစီးဌာနက တံတားအသစ်ဆောက်လုပ်ရန် ကွန်ကရစ်တိုင်များဆောက်လုပ်ထားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆည်/ မြောင်းဦးစီးဌာန(ရုံးချုပ်) ၏ ခွင့်ပြုရန်ပုံငွေဖြင့် မိုးစပါးအောင်ရေလွှတ်ပြီးချိန် ဒီဇင်ဘာ (ပထမပတ်) ရေဖြတ်ချိန်တွင် R.C တံတားဆောက်လုပ်ပေးရန် စီစဉ်ထားကြောင်း၊ ဆက်လက်ပြီး ကျေးရွာချင်းဆက် ရေဆိုးထုတ်ချောင်းကူးတံတားကိုပါ ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းက ပြောသည်။

**(ခင်ဦးစိုးဝေ)**



# ဝါဆိုလပြည့်နှင့် ခရီးသွားရာသီအမီ တောင်သမန်အင်းမှငှက်လှေများ ပြင်ဆင်မှုပြုလုပ်နေ



**မန္တလေး ဇူလိုင် ၈**
တောင်သမန်အင်းနှင့် ဦးပိန်တံတားမှာ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ အထူးစိတ်ဝင်စားပြီး ရှေးယခင်ကပင် နာမည်ကျော်ခဲ့သည့် နေရာပင်ဖြစ်သည်။ တောင်သမန်အင်းသို့ လာရောက်သူများမှာ ငှက်လှေစီးခြင်း၊ ဦးပိန်တံတားပေါ်လမ်းလျှောက်ခြင်း၊ နေဝင်ဆည်းဆာအလှကြည့်ရှုခြင်းများပြုလုပ်ကြသဖြင့် စည်ကားသောသမိုင်းဝင်နေရာ တစ်ခုပင်ဖြစ်သည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပြီးနောက်ပိုင်းတွင် တောင်သမန်အင်းမှ ငှက်လှေသမားများ အဆင်ပြေလာသည်။ တောင်သမန်အင်းမှ ငှက်လှေသမားများမှာ ဝါဆိုဝါခေါင် ရေတက်သည့် အချိန်မှစကာ တောင်ပြုန်းနတ်ပွဲ၊ ရတနာ့ဂူနတ်ပွဲ အချိန်များမှစကာ ခရီးသွားရာသီဟု သတ်မှတ်ထားသည့် ဘာလေးဘာဖြစ်သည့် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလအထိ ဆက်သွားလေ့ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာ ခရီးသွားဧည့်သည် ဝင်ရောက်သည့် အရေအတွက်မှာ နှစ်စဉ်တိုးတက်လာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ငါးသန်းခန့် ဝင်ရောက်လာနိုင်မည်ဟု ခန့်မှန်းထားပြီး ၄ ဒသမ ၆၈ သန်းအထိ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

လက်ရှိကာလ ၂၀၁၆ ခုနှစ်တွင်လည်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၅ ဒသမ ၅ သန်းခန့် ဝင်ရောက်လာနိုင်ရန်မျှော်မှန်းထားသည်။ လက်ရှိကာလ တောင်သမန်အင်းနှင့် ဦးပိန်တံတားတွင် ရေတိုးလာသည့်အတွက် ငှက်လှေသမားများ အလုပ်ဖြစ်လျက်ရှိသည်။ ဝါဆိုလပြည့်မှစကာ လာရောက် လည်ပတ်သူများပြားသည့်အတွက် ငှက်လှေများ ပြင်ဆင်လျက်ရှိသည်။ လက်ရှိကာလတွင် ငှက်လှေ ၅၀ ကျော်ရှိပြီး ဧည့်သည်များသည့်ကာလတွင် ငှက်လှေများစွာ လာရောက် လှော်ခတ်ကြသည်။ ငှက်လှေသမားများမှာ အမရပူရမြို့အနီးရှိ ကျေးရွာများမှ လာရောက်လှော်ခတ်ခြင်းဖြစ်သည်။

ငှက်လှေတစ်စင်း ကာလတန်ဖိုးမှာ ငွေကျပ်ငါးသိန်းကျော်ရှိသည်။ အများစုမှာ အပေါင်းများကို လိုအပ်သော သစ်သားများအစားထိုးကာ ပြုပြင်သုံးစွဲကြသည်။ ပြည်တွင်းဧည့်သည်များ ငှက်လှေစီးပါက ငွေကျပ်ခြောက်ထောင်ပေးရသည်။ နိုင်ငံတကာ ခရီးသွားဧည့်သည်များမှာ ငှက်လှေတစ်ခေါက်လျှင် ငွေကျပ်တစ်သောင်းနှုန်းယူလေ့ရှိသည်။ နိုင်ငံတကာခရီးသွားဧည့်သည်အများစုမှာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများဖြင့် ဆက်သွယ်ပြီး ကုမ္ပဏီမှအသက်ကယ် အင်္ကျီများပါထည့်ပေးပြီး ဝန်ဆောင်မှုပေးလေ့ရှိသည်။ ခရီးသွားဧည့်သည်များမှာ ဦးပိန်တံတားအဝေးရှုခင်း၊ နေဝင်ဆည်းဆာအလှရှုခင်း၊ သစ်ခြောက်ပင်များနှင့် ဦးပိန်တံတားအလှရှုခင်းများကို မှတ်တမ်းဓာတ်ပုံရိုက်ကူးမှုများပြားသည်။ လက်ရှိကာလတွင် တောင်သမန်အင်းတွင် ရေဝင်နေပြီဖြစ်သည့်အတွက် ငှက်လှေစီးသူ များပြားလျက်ရှိသည်။ ဝါဆိုလပြည့်မှစကာ ခရီးသွားရာသီအမီ ငှက်လှေများကို ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

# ရေကြောင်းတက္ကသိုလ်သို့ ယာဉ်လိုင်းပြေးဆွဲ ယာဉ်စီးခ ၅၀ ကျပ်နှုန်းဖြင့်သာ ပိုင်းဖြတ်ကောက်ခံရမည်

**ရန်ကုန် ဇူလိုင် ၈**
ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အတွက် ခရီးသည်တင်ယာဉ်လိုင်း စတင်ပြေးဆွဲပေးနေသော်လည်း ယာဉ်စီးခကို ခရီးစဉ်အလိုက် ပိုင်းဖြတ်၍ ကျပ် ၅၀ နှုန်းဖြင့်သာ ကောက်ခံရန်သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါတက္ကသိုလ်သို့ ယာဉ်လိုင်းပြေးဆွဲမှုမရှိသည့်အတွက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ သွားလာမှုအခက်အခဲကြုံနေခြင်းအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရွှေရန်ကုန်ယာဉ်လိုင်းလုပ်ငန်းကော်မတီက သီဟဒီပ(၂)ယာဉ်လိုင်းကို မီနီဘတ်စ်ခြောက်စီးဖြင့် ဇွန် ၂၈ ရက်က စတင်ဖွင့်လှစ်ပြေးဆွဲပေးခဲ့သည်။

ဂိတ်ရင်းဖြစ်သော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဂိတ်ဖျားဖြစ်သော သခင်မြပန်းခြံသို့အသွားတွင် ရေကြောင်းလမ်း- အောင်မင်္ဂလာလမ်း- မြနန္ဒာလမ်း- ကျိုက်ခေါက်ဘုရားလမ်း- ဗိုလ်ချုပ်နေဝင်းလမ်း- သန်လျင်တံတားလမ်း- သန်လျင်တံတားချဉ်းကပ်လမ်း- ရှုခင်းသာမြို့ပတ်လမ်း- ယမုံနာလမ်း- မဟာဗန္ဓုလတံတားမှဖြတ်၍ မဟာဗန္ဓုလလမ်း- ဗိုလ်တထောင်ဈေးလမ်း- ကုန်သည်လမ်း- ကမ်းနားလမ်း- သခင်မြပန်းခြံအထိလည်းကောင်း၊ အပြန်ခရီးတွင် သခင်မြပန်းခြံမှ ကမ်းနားလမ်း- မဟာဗန္ဓုလလမ်း- ဆူးလေမှဖြတ်၍ မဟာဗန္ဓုလတံတားတို့မှ လာလမ်းအတိုင်းပြေးဆွဲခြင်းလည်း ဖြစ်သည်။ ခရီးစဉ်တစ်လျှောက်တွင် တက္ကသိုလ်မှ အောင်ချမ်းသာ၊ အောင်ချမ်းသာမှ မြို့မဈေး၊ မြို့မဈေးမှဆောက်လုပ်ရေး၊ ဆောက်လုပ်ရေးမှ သဘော်ကျင်း၊ သဘော်ကျင်းမှ ပန်းဆိုးတန်း၊ ပန်းဆိုးတန်းမှ သခင်မြပန်းခြံစသည်ဖြင့် အပိုင်းခြောက်ပိုင်း ပိုင်းခြားထားကာ တစ်ပိုင်းလျှင် ငွေကျပ် ၅၀ နှုန်း သတ်မှတ်၍ ဂိတ်စ၊ ဂိတ်ဆုံးငွေကျပ် ၃၀၀ သတ်မှတ်ထားသည်။

လွန်ခဲ့သောလက အဆိုပါတက္ကသိုလ်သို့ ကြို၊ ပို့ပြေးဆွဲပေးသည့် ပါရမီ (၁၇၄) ယာဉ်လိုင်းမှ ယာဉ်တစ်စီးသည် ဆောက်လုပ်ရေးမှတ်တိုင်အနီး ယာဉ်မီးလောင်မှုဖြစ်ပွားပြီးနောက် ယာဉ်လိုင်းတစ်ခုအဖြစ် အမြန်ဆုံးဖော်ဆောင်နိုင်ရန်အစိုးရအဖွဲ့မှ အကြီးအကဲများနှင့် ယာဉ်လိုင်းဆိုင်ရာကော်မတီများ ကြိုးပမ်းခဲ့ကြခြင်းလည်း ဖြစ်သည်။

"မြို့ထဲပန်းဆိုးတန်းလောက်ကနေစီးရင်လည်း ငွေ ၃၀၀ ပေးရပါတယ်။ သန်လျင်ဘက်ကနေအပြန်ကျတော့ လမ်း (၅၀) မှတ်တိုင်လောက်ကနေ သခင်မြပန်းခြံအထိငွေ ၁၀၀ နဲ့ တင်တယ်။ ယာဉ်စီးခကောက်ခံမှုအခြေအနေက အဲဒီလိုဖြစ်ပေမယ့် အရင်ကယာဉ်လိုင်းတစ်ခုမှ မရှိဘူး။ အခုယာဉ်လိုင်းတစ်လိုင်း ရှိလာတော့ ကျေနပ်စရာပါပဲလို့ ပြောချင်ပါတယ်"ဟု ယင်းတက္ကသိုလ်မှ တတိယနှစ်ကျောင်းသူတစ်ဦးက ပြောသည်။

**(စနိုး)**



# နေပြည်တော် လယ်ဝေးမြို့နယ် ခုတင် (၁၀၀) ဆေးရုံတွင် လူနာများအတွက် တန်းလျားများလိုအပ်နေ

**နေပြည်တော် ဇူလိုင် ၈**
နေပြည်တော် လယ်ဝေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးရှေ့ရှိ ခုတင် (၁၀၀) ဆေးရုံတွင် မီးဖွားပြီးစမိခင်များ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် စောင့်ဆိုင်းလူနာများအတွက် ခေတ္တထိုင်နားရန် တန်းလျားများ လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆေးရုံတွင် လူနာတစ်ဦးလျှင် လူနာစောင့်တစ်ဦးထားရန်အတွက် ဆေးကုသခန်းအတွင်း ထိုင်ခုံတစ်လုံးသာထားရှိထားသော်လည်း ဆေးကုသခန်းအပြင်ဘက် စင်္ကြံလမ်းမများတွင် လူနာနှင့် ကလေးမိခင်များ၊ ကလေးများမှာ မိုးဦးကျ အဖျားရောဂါအဖြစ်များချိန်တွင် လူနာများပြားသဖြင့် ထိုင်ခုံတန်းလျားများ လိုအပ်လျက်ရှိနေသည်။

လယ်ဝေးမြို့ အမှတ် (၁) ရပ်ကွက်မှ ဇနီးနှင့်ကလေး နေမကောင်းသဖြင့် ဆေးရုံလာပြသည့် ကိုနေဇော်က "အခုဒီမှာ လူနာစောင့်တွေအတွက် ထိုင်ခုံလေးတွေ လုပ်ပေးထားရင် အဆင်ပြေတာပေါ့။ အခုတော့ ကြမ်းပြင်ပေါ် ထိုင်နေရတာဆိုတော့ အေးတယ်။ သစ်ပင်အောက်လေးတွေ၊ စင်္ကြံလမ်းလေးတွေဘေးမှာ ထိုင်စရာခုံလေးတွေလုပ်ပေးရင်တော့ အကောင်းဆုံးပဲ"ဟု ပြောသည်။

မီးဖွားခါနီး ကိုယ်ဝန်ဆောင်အမျိုးသမီးများမှာလည်း သားဖွားဆောင်အခန်းရှေ့ ကြမ်းပြင်နှင့် နောက်မှီမပါသည့်ထိုင်ခုံများပေါ်တွင် ထိုင်နေကြရသည်ကို တွေ့ရသည်။

**(သန့်ဇင်ဝင်း)**

# ICT ကတ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများပြေလျော့ဆောင်ရွက်

**မန္တလေး ဇူလိုင် ၈**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ နယ်စပ်နေပြည်သူများ၊ အသေးစားပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံတိုင်းရင်းသားများ ရိုးရှင်းလွယ်ကူစွာ ကုန်သွယ်မှုဆောင်ရွက်နိုင်ရန်၊ တရားမဝင်ကုန်သွယ်မှုများအား ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိပြီး ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံတော်အတွက် အခွန်အခများ တိုးတက်ရရှိစေရန်အတွက် မန္တလေး၊ ကျိုင်းတုံ၊ မြစ်ကြီးနားနှင့် ကုန်သွယ်မှုစခန်းအားလုံးတွင် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ICT ကတ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခဲ့သည်။

ရက် (၁၀၀) စီမံချက်အတွင်း ပို့ကုန်တိုးမြှင့်ရန်နှင့် ကုန်သွယ်မှုပမာဏပြည့်မီစေရေးအတွက် ICTကတ်ဖြင့် လုပ်ငန်းရှင်တစ်ဦးလျှင် တစ်ရက်ကျပ်သိန်း ၃၀ နှုန်းဖြင့် ငါးရက်စာတစ်ကြိမ်တည်း ကျပ်သိန်း ၁၅၀ အထိ ကုန်သွယ်မှုပမဏ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုထားသည်။ ICT ကတ်ဖြင့် မှတ်ပုံတင်ထားသူများအား တစ်ဦးလျှင် မော်တော်ဆိုင်ကယ် တစ်ရက်တစ်စီးနှုန်းဖြင့် တစ်ပတ်လျှင် ဆိုင်ကယ်စီးရေငါးစီးအထိ စမ်းသပ်ကာလတစ်လ တင်သွင်းခွင့်ပြုထားသည်။ လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ ICT ကတ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် မော်တော်ဆိုင်ကယ်စီးရေအားလက်ရှိခွင့်ပြုသည့် တစ်ဦးလျှင် တစ်ရက်ကျပ်သိန်း ၃၀ နှုန်းဖြင့် ငါးရက်အတွက် ကျပ်သိန်း ၁၅၀ ခွင့်ပြုပမာဏအတွင်း စီးရေထပ်မံတိုးမြှင့် ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် ICT ကတ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးဆိုင်ကယ်ဈေးကွက်သို့ ထိုင်းနိုင်ငံမှ တစ်ပတ်ရစ်ဆိုင်ကယ်များနှင့် Click နှင့် Scoopy ဆိုင်ကယ်သစ်များ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ဝင်ရောက်မှုများပြားလာသည်။ ဒေါ်လာဈေးမြင့်တက်နေသဖြင့် ထိုင်းနိုင်ငံထုတ်ဆိုင်ကယ်များ အဝင်များသော်လည်း ဈေးနှုန်းကျဆင်းခြင်း မရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်(ရွှေဈေး) ၈၃၆၈၀၀ - ၈၃၇၈၀၀ မန္တလေး(ရွှေဈေး) ၈၃၆၈၀၀ - ၈၃၇၈၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၇၀ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၁ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၀၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | |
|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၁၇၂.၀ | | (စ) အိန္ဒိယ | တစ်ရူပီး | = ၁၇.၃၆၂ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၂၉၇.၂ | | (ဆ) ဂျပန် | တစ်ရာယန်း | = ၁၁၆၂.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၇၅.၄၂ | | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၁.၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၃.၂၈၆ | | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၈၀.၁၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၀.၅၃ | | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၆၉.၁၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# အန်နီမေးရှင်းဇာတ်ကားသစ်တွင် အသံသရုပ်ဆောင်အဖြစ် ပါဝင်သွားမည့် ဂျက်ကီချန်း




သရီးဒီ အန်နီမေးရှင်းဇာတ်ကား တစ်ကားဖြစ်သည့် The Nut Job ၏ နောက်ဆက်တွဲဇာတ်ကားသစ် The Nut Job 2တွင် အက်ရှင်မင်းသားကြီး ဂျက်ကီချန်းက အသံသရုပ်ဆောင် အဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အဆိုပါဇာတ်ကားသစ်သည် ၂၀၁၄ ခုနှစ်က ထွက်ရှိခဲ့သည့် The Nut Job ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး မင်းသားကြီး ဂျက်ကီချန်းက ကြွက်ခေါင်းဆောင် Mr. Feng အဖြစ် အသံသရုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

The Nut Job 2 အန်နီမေးရှင်းဇာတ်ကားသစ်တွင် ဂျက်ကီချန်းနှင့်အတူ Will Arnett ၊ Katherine Heigl နှင့် Maya Rudolph တို့က ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။

The Nut Job 2 ဇာတ်ကားကို ၂၀၁၇ ခုနှစ် မေ ၁၉ ရက်တွင် ရုပ်ရှင်ရုံများ၌ စတင်ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

# စပိုက်ဒါမန်းဇာတ်ကားသစ်တွင် အသက်(၁၅)နှစ်အရွယ် သြစတြေးလျမင်းသမီး အန်ဂိုရီရိုက်စ် ပါဝင်မည်



မာဘယ်စတူဒီယိုတွင် ရိုက်ကူးပြီး ဆိုနီမှဖြန့်ချိမည့် စူပါဟီးရိုးဇာတ်ကားသစ်တွင် အသက်(၁၅)နှစ်အရွယ် ဆယ်ကျော်သက်သြစတြေးလျမင်းသမီး အန်ဂိုရီရိုက်စ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး အန်ဂိုရီသည် ၂၀၁၇ ခုနှစ် ဇူလိုင် ၇ ရက်တွင် မြောက်အမေရိကရှိ ရုပ်ရှင်ရုံများ၌ စတင်ပြသမည့် စပိုက်ဒါမန်းဇာတ်ကား၏ နောက်ဆက်တွဲဇာတ်လမ်းသစ် Spider-Man: Homecoming အမည်ရှိ စူပါဟီးရိုးဇာတ်ကားတွင် အခြားဟောလိဝုဒ်၏ ဝါရင့်သရုပ်ဆောင်များဖြစ်ကြသည့် Russell Crowe၊ ပီတာပါကာ၊ Ryan Gosling တို့နှင့်အတူ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းဇာတ်ကားသစ်သည် မာဘယ်နှင့်ဆိုနီတို့ အတူတကွပူးပေါင်းထားသည့် လက်ရာဇာတ်ကားတစ်ကားအဖြစ် ထူးခြားစွာမြင်တွေ့ရမည်ဖြစ်ကြောင်း ဟောလိဝုဒ်ရီပိုတာ သတင်းဌာနက သတင်းဖော်ပြထားသည်။

အခြားသော ဟောလိဝုဒ်သတင်းများအရ ယင်းဇာတ်ကားသစ်၏ ထုတ်လုပ်ရေးလုပ်ငန်းအချို့ကို စတင်နေပြီဟု ဖော်ပြနေကြသော်လည်း မင်းသမီး အန်ဂိုရီ၏ ဇာတ်ကောင်စရိုက်ကိုမူ ရွေးချယ်စဉ်းစားဆဲဖြစ်ကြောင်းလည်း သိရသည်။

Spider-Man: Homecoming ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် အခြားသရုပ်ဆောင်များမှာ ရောဘတ်ဒေါ်နေးဂျူနီယာအပါအဝင် Tom Holland, Marisa Tomei, Zendaya တို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။



# တစ်ကိုယ်တော်အယ်လ်ဘမ်ဖြင့် ထိုးဖောက်ရန်ကြိုးစားနေသည့် Miss A အဖွဲ့ဝင် Fei

ဂီတလှုပ်ရှားမှုများ အနည်းငယ်အေးနေခဲ့သည့် ကေပေါ့ပ်အဖွဲ့ Miss A မှ အဖွဲ့ဝင် တစ်ဦးဖြစ်သူ Fei အနေဖြင့် တစ်ကိုယ်တော်အယ်လ်ဘမ်ဖြင့် ဂီတလောကထဲသို့ ပြန်လည်ထိုးဖောက်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

" Fei က သူ့ရဲ့ တစ်ကိုယ်တော်အယ်လ်ဘမ်အတွက် ပြင်ဆင်နေတာ အတော့်ကိုခရီးပေါက်နေပါပြီ။ Miss A ရဲ့ ပထမဆုံးသောတစ်ကိုယ်တော်အယ်လ်ဘမ်အဖြစ် ထွက်လာမှာပါ"ဟု ကေပေါ့ပ်ဂီတလောကမှ သတင်းစကားများအရ သိရသည်။

သို့သော် ယင်းတစ်ကိုယ်တော်အယ်လ်ဘမ်ထွက်ရှိမည့် ရက်စွဲအတိအကျနှင့် ခေါင်းစဉ်တို့ကို ထုတ်ပြန်ခြင်းမရှိသေးဘဲ လာမည့်နွေဦးရာသီတွင် ထွက်ရှိလိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

Fei သည် ဂျေဝိုင်ပီအင်န်တာတိန်းမန့်နှင့် စာချုပ်ဖျက်သိမ်းကာ တစ်ကိုယ်တော်အနုပညာလှုပ်ရှားမှုများကို တရုတ်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် လှုပ်ရှားဆောင်ရွက်နေသူတစ်ဦးလည်း ဖြစ်သည်။

မျိုးစန္ဒာမောင်-စုစည်းသည်

# ရုပ်မြင်သံကြားအစီအစဉ်များ

[၉- ၇ -၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆:၀၀ အဖွင့်
မိုးလေဝသအစီအစဉ်
ကာတွန်းအစီအစဉ်
"The Little Prince"(အပိုင်း-၁)
၇:၀၀ ကက်ဆက်ဇာတ်လမ်း
"မြညိုချစ်သော ကိုရင်သြ"
(တတိယပိုင်း)
၈:၁၀ MRTV Entertainment Music
၈:၃၀ စိတ်ကူးယဉ်ဖန်ဆင်းခြင်း
၉:၀၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉:၁၀ ထူးခြားဖွယ်ရာ အင်ဒိုနီးရှား ခရီးစဉ်
၉:၅၀ မြန်မာရုပ်ရှင်
"၆ လွှာမှာခြောက်နေတယ်"
၁၂:၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ မင်းကွန်းဆရာတော်၏ ပရိတ်တရားတော်
၇:၃၅ Hyper Sports
၈:၃၅ "လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ" (၁၉၄၇ခုနှစ်ဇူလိုင်လ(၁၃) ရက်နေ့ မြို့တော်ခန်းမ၌ပြောကြားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်း)
၉:၃၅ Business News
၁၀:၃၅ ကဗျာရိပ်မြုံ"ဇူလိုင်မိုးနဲ့လဝါဆို"
၁၀:၄၅ ပန်းပျိုးခင်း(အပိုင်း-၂)
၁၁:၁၅ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး"(ကင်းပုံသီးနှင့် ကင်းပုံရွက်)
၁၁:၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၅၈)
၁:၅၀ ရောင်စုံရေးသီတေးပန်းချီ
၂:၃၀ အနုပညာသတင်းအစီအစဉ်
၃:၂၀ "EURO ၂၀၁၆အထူးအစီအစဉ်" ဆီမီးပွဲပြီးဖိုင်နယ်ပွဲကြို)
၃:၅၀ Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(ဟံသာဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် FCအသင်း)
၆:၃၅ Tasty Trip
၇:၁၅ "သူ" (အပိုင်း-၂) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မို့နံ့သာ) (ဒါရိုက်တာ-ဘိုသန့်)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း
-ဂီတတံခါးလေးဖွင့်ပါဦး
-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား"(အပိုင်း-၁၃)
-ဂီတသမား၊ ဂီတစကား "ဖော်ကွာဝေးအီနောင်ဇာတ်ကွယ်ယိုးဒယား"

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## MRTV-4

၅:၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၄၀ "ပဋိစ္စသမုပ္ပါဒ်တရားနှင့် ဝိပဿနာအခြေခံသင်တန်း" (အပိုင်း-၅)
တရားတော် [ဆရာတော်အရှင်ဝိသေဌ (မြို့ဦးစေတီ)]
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (၂၀၁၆ ခုနှစ်ထိုင်ဝမ်အဆင့်မြင့်ပညာရေး ပြပွဲအခမ်းအနား)
၈:၀၀ Cartoon Series (Go Go Giggles)
၉:၀၀ Drive It
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၀၅ Star တို့ရဲ့လက်ရာ
၁၂:၅၀ ရန်ကုန်မြင်ကွင်းကျယ် (2016 Myanmar ICT Road-show)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အဆိပ်ပင် (အပိုင်း-၁)]
၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၁၁၆)
၃:၄၅ BMW Pavillion Mandalay Opening Ceremony
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၁၁၇)
၇:၂၀ Let's Talk
၈:၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အဆိပ်ပင် (အပိုင်း-၂)]
၈:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၄၄)
၉:၄၀ MUSIC LIVE Tonighအ
၁၀:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၁၁၁+၁၁၂)
၁၁:၄၀ MRTV-4 Stage

## မြဝတီရုပ်မြင်သံကြား

၆:၀၃ တရားတော်
၈:၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈:၂၅ ပျော်ရွှင်လေ့လာ နွေရာသီမှာ
၉:၁၀ လူတိုင်းကျန်းမာ သိမှတ်စရာ
၉:၃၅ ခရီးလည်းသွား စကားလည်းဆို
၁၀:၄၅ Happy Time
၁၁:၁၀ English For Myanmar
၁၁:၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂:၀၀ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်
-ကမ္ဘာဦးကတည်းက အချစ်ရှိသည်
အောင်ရဲလင်း၊ သက်မွန်မြင့် နှင့်သရုပ်ဆောင်များ
၁၂:၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မေတ္တာအသချေ် အပိုင်း(၇၆)
၂:၃၀ သံစဉ်များနှင့်ကမ္ဘာ
၄:၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၅၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ Run & Cook
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဖေဖေကြီးကိုချစ်တယ် အပိုင်း(၃၆)
၅:၄၅ ရွှေလမ်း ငွေလမ်း သူဌေးလမ်း
၆:၁၀ စားဖိုဆောင်ချစ်သူ
၆:၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မြစ်တစ်စင်းရဲ့အလကာ် အပိုင်း(၂၆)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-လူရွှင်တော်စတား
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အနားမညီတြိဂံ အပိုင်း(၁၃)



# ကလပ်ပေါင်းစုံ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံးနှင့် မြန်မာ့ရိုးရာသိုင်းပြိုင်ပွဲများ ကျင်းပ

**မုံရွာ ဇူလိုင် ၈**
မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံးနှင့် မြန်မာ့ရိုးရာသိုင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မုံရွာမြို့ရှိ တိုင်းဒေသကြီးအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

မုံရွာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၄ သင်း၊ ရိုးရာခြင်းလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း လေးသင်း၊ မြန်မာ့ရိုးရာသိုင်းပြိုင်ပွဲများကို ပြိုင်ပွဲဝင် ၂၀ တို့ဖြင့် ဇူလိုင် ၅ ရက်မှ ၈ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် မြို့နယ်အားကစားဆပ်ကော်မတီဝင်များ၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် တာဝန်ရှိသူများက မြန်မာ့ရိုးရာသိုင်းပြိုင်ပွဲတွင် အမျိုးသမီး ၄၅-၄၉ ကီလိုတန်း၊ အမျိုးသား ၃၀-၄၀ ကီလိုတန်း၊ ၄၁-၄၅ ကီလိုတန်း၊ ၄၅-၄၉ ကီလိုတန်း၊ ၄၉-၅၃ ကီလိုတန်း၊ ၅၃-၅၇ ကီလိုတန်း ပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမဆုရ ဂလက်ဆီကလပ်နှင့် ဒုတိယဆုရနိုဗယ်ကလပ်တို့အားလည်းကောင်း၊ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲ ပထမဆုရ ရွှေနွယ်ရိုးနှင့် ဒုတိယဆုရ နန်းမြင့်အသင်းတို့အားလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ တံခွန်စိုက်ဆုဖလားများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# ယူရို ၂၀၁၆ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြင်သစ်နှင့် ပေါ်တူဂီ ထိပ်တိုက်တွေ့မည်



ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့် ဒုတိယပွဲစဉ်အဖြစ် အိမ်ရှင်ပြင်သစ်အသင်းနှင့် ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းတို့ ဇူလိုင် ၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ပြင်သစ်အသင်းက ဂျာမနီအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ပြင်သစ်အသင်းသည် ၁၉၅၈ ခုနှစ်နောက်ပိုင်းတွင် ဂျာမနီအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည့် ပွဲစဉ်များတွင် နိုင်ပွဲတစ်ပွဲမှ ရရှိခဲ့ခြင်းမရှိဘဲ ယခုတစ်ကြိမ်နိုင်ပွဲသည် ဂျာမနီအသင်းအား အနိုင်ရရှိခဲ့သည့် ပြင်သစ်အသင်းအတွက် ပထမဆုံးနိုင်ပွဲလည်း ဖြစ်လာခဲ့သည်။

ဂျာမနီအသင်းသည် ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် နိုင်ငံတကာပြိုင်ပွဲကြီးများ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဆီမီးဖိုင်နယ်အဆင့် ကစားခွင့်ရရှိခဲ့သည့် နောက်ဆုံးခြောက်ကြိမ်တွင် လေးကြိမ်မြောက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၆၊ ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၆ တို့တွင် ဆီမီးဖိုင်နယ်အဆင့်၌ ရှုံးပွဲကြုံခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းနှင့် ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို တိုက်စစ်မှူး ဂရစ်ဇ်မန်းက သွင်းယူပေးခဲ့ပြီး ပေါ်တူဂီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲစဉ်ကို ဇူလိုင် ၁၀ ရက်တွင် စတိတ်ဒီဖရန့်ကွင်းကြီး၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အလင်းသစ်**




# ဘာစီလိုနာနှင့် မန်ယူဂိုးသမားဟောင်း ဗဲလ်ဒက်အား မစ်ဒယ်ဘာရော့အသင်း စာချုပ်ချုပ်ဆိုခေါ်ယူ

မစ်ဒယ်ဘာရော့အသင်းသည် ဘာစီလိုနာအသင်းနှင့် မန်ယူအသင်းတို့၏ ဂိုးသမားဟောင်းတစ်ဦးဖြစ်သူ ဗဲလ်ဒက်အား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိပြီဖြစ်သည့် ဂိုးသမားဗဲလ်ဒက်သည် ဇွန်လအတွင်းက မန်ယူအသင်းမှ ထွက်ခွာခဲ့သူဖြစ်ပြီး လက်ရှိတွင် မစ်ဒယ်ဘာရော့အသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဂိုးသမားဗဲလ်ဒက်သည် ကစားသမားဘဝတစ်လျှောက်တွင် ချန်ပီယံလိဂ်ပွဲပေါင်း ၁၀၆ ပွဲအထိ ပါဝင်ကစားပေးထားသည့် ဂိုးသမားတစ်ဦးဖြစ်သည်။

ဂိုးသမားဗဲလ်ဒက်သည် မန်ယူအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂိုးသမားဗဲလ်ဒက်အား စတမ်းဒက်လိဂ်သို့ အငှားချထားခဲ့သည်။

မစ်ဒယ်ဘာရော့အသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ဗစ်တာဖစ်ချာ၊ အက်စပီနိုဆာ၊ မာတန်ဒီရွန်းနှင့် ဂျော်ဒန်မက်ဂီးတို့ကို ခေါ်ယူထားခဲ့ပြီးဖြစ်သောကြောင့် ဂိုးသမားဗဲလ်ဒက်သည် မစ်ဒယ်ဘာရော့အသင်း၏ ငါးဦးမြောက်ခေါ်ယူခဲ့သည့် ကစားသမားလည်း ဖြစ်လာခဲ့သည်။

**(ငွေကြယ်)**

# ကွင်းလယ်ကစားသမားပေါ့ဘာအား ကွန်မြူနတီဒိုင်းပြိုင်ပွဲမတိုင်မီ အိုးထရက်ဖို့ဒ်အရောက် ခေါ်ယူရန် မော်ရင်ဟို စီစဉ်နေ

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာအား ခေါ်ယူရန်ပြင်ဆင်လျက်ရှိသော်လည်း ကွန်မြူနတီဒိုင်းပြိုင်ပွဲပြီးပါက ခေါ်ယူမည်မဟုတ်ဘဲ ကွန်မြူနတီဒိုင်းပြိုင်ပွဲမတိုင်မီ အိုးထရက်ဖို့ဒ်အရောက်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် ကွန်မြူနတီဒိုင်းပြိုင်ပွဲအဖြစ် ပရီမီယာလိဂ်လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းနှင့် ဩဂုတ် ၇ ရက်တွင် ဝင်ဘလေကွင်းကြီးအတွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကွန်မြူနတီဒိုင်းပြိုင်ပွဲသည် အက်ဖ်အေဖလားချန်ပီယံနှင့် ပရီမီယာလိဂ်ချန်ပီယံတို့ ယှဉ်ပြိုင်ကစားရသည့် ပွဲစဉ်ဖြစ်သည်။

မန်ယူအသင်းသည် ယခုအပြောင်းအရွှေ့ကာလအတွင်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်၊ ကွင်းလယ်ကစားသမားခစ်တာယန်၊ နောက်တန်းကစားသမား အဲရစ်ဘေလ်လီတို့ကို ခေါ်ယူထားပြီဖြစ်ရာ ကွင်းလယ်ကစားသမား ပေါ့ဘာအား ခေါ်ယူနိုင်မည်ဆိုပါက ပေါ့ဘာသည် မန်ယူအသင်းအတွက် လေးဦးမြောက် ခေါ်ယူမည့် ကစားသမားဖြစ်လာမည်ဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းသည် ကွင်းလယ်ကစားသမား ပေါ့ဘာအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

ကွင်းလယ်ကစားသမား ပေါ့ဘာသည် ၂၀၁၂ ခုနှစ်အတွင်းက မန်ယူအသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး လက်ရှိတွင် မန်ယူအသင်းက ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

သို့ရာတွင် ဂျူဗင်တပ်အသင်းက ပေါင်သန်း ၈၀ ဖြင့် ရောင်းချမည်မဟုတ်ပါက ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် သန်း ၁၀၀ အထိ ပေး၍ ခေါ်ယူရန် မန်ယူအသင်းက ပြင်ဆင်လျက်ရှိသည်။

ဂျူဗင်တပ်အသင်းသည် အသင်းတွင် အားထားရသည့် ကွင်းလယ်ကစားသမား ပေါ့ဘာအား အခြားအသင်းသို့ ရောင်းချရန်ဆန္ဒမရှိသော်လည်း လက်ရှိတွင် ဆွေးနွေးမှုများပြုလုပ်လျက်ရှိရာ မန်ယူအသင်းသို့ ပြောင်းရွှေ့လာမည်ဆိုပါက တစ်ပတ်လုပ်ခလစာ ပေါင် ၃၀၀၀၀၀ ရရှိမည်ဖြစ်သည်။

**(ငွေကြယ်)**



# မျက်မမြင်ကာကွယ်ရေးစီမံကိန်းအရ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံတွင် အောင်မြင်စွာ ခွဲစိတ်ကုသပေး

**ပဲခူး ဇူလိုင် ၈**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်း၏ ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မည့် နည်းဗျူဟာများဖြစ်သည့်ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်ဖြင့် မျက်မမြင်ဖြစ်ပွားမှုနှုန်းကို လျော့ကျစေရန်၊ ကျောင်းနှင့်ကျေးရွာ မျက်စိကျန်းမာရေးစောင့်ရှောက်မှု၊ စစ်ဆေးကုသမှုကို ကွင်းဆင်းဆောင်ရွက်ရန်နှင့် မျက်စိရောဂါဖြစ်ပွားမှုနှင့် စီမံကိန်းလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုကို မျက်စိအထူးကုဆရာဝန်ကြီးကိုယ်တိုင် တစ်လလျှင်အနည်းဆုံး ကျေးရွာနှစ်ရွာ ကွင်းဆင်း လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုရာတွင် လိုအပ်သော ခွဲစိတ်ကုသမှုများကို စီမံကိန်းဌာနချုပ်ရှိရာတွင် ဆက်လက် စောင့်ရှောက်မှုပေးရမည်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ဇွန် ၃၀ ရက်က ပဲခူးတိုင်းဒေသကြီး မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်း ဒေသကြီး (၄)မှ ဒေသဆိုင်ရာ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာကိုဦး ဦးဆောင်သော မျက်စိကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့ မင်းလမ်းရှိ ရွှေပါရမီကုသိုလ်ပြုမေတ္တာဆေးခန်းတွင် မျက်စိရောဂါလူနာပေါင်း ၁၂၆ ဦးတို့အား အခမဲ့ ကွင်းဆင်းစမ်းသပ်စစ်ဆေးခြင်း၊ မျက်စိကျန်းမာရေးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များကို ပညာပေးဟောပြောခြင်း ပြုလုပ်ခဲ့သည်။

ဆေးဝါးကုသမှုနှင့် အတွင်းတိမ်၊ ရေတိမ်နှင့် အသေးစားခွဲစိတ်ရန် လူနာ ၅၄ ဦးတို့အား ပင်မအလှူရှင်များဖြစ်သည့် ရန်ကုန်မြို့နေ ဦးတင်ဦး၊ ဒေါက်တာ ထွေးသန္တာရီ မိသားစုမှ မတည်၍ ဌာနေ ရွှေပါရမီကုသိုလ်ပြု မေတ္တာဆေးခန်းမှ အလှူရှင်များနှင့် ရပ်ရွာအကျိုးပြုဆောင်ရွက်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး မျက်မမြင်ကာကွယ်ရေး စီမံကိန်းဒေသကြီး (၄) ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိခွဲစိပ်ရန်လိုအပ်သော လူနာ ၅၄ ဦးအား မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးနှင့် ဌာနရှိ ကျန်းမာရေးဝန်ထမ်းများက အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး ပြန်/ဆက်**



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဖလံကုန်းကျေးရွာအုပ်စုနှင့် ရေကြည်ကျေးရွာအုပ်စုသွားသော ကျေးရွာချင်းဆက်လမ်းသည် ယခင်မြေသားလမ်းဖြစ်သဖြင့် မိုးရာသီကာလတွင် သွားလာမှုအခက်အခဲရှိနေ၍ ဇူလိုင် ၇ ရက် နံနက် ၇ နာရီ၌ ဖလံကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြင်ဆွေနှင့် ရပ်မိရပ်ဖများဦးဆောင်မှုဖြင့် လမ်းအရှည် ၁ မိုင် ၆ ဖာလုံ၊ အကျယ် ၁၅ ပေ၊ အမြင့် ၄ ပေရှိ မြေသားလမ်းအား ရာသီမရွေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးတို့အတွက် သွားလာမှုအဆင်ပြေစေရန် စုပေါင်းလှူဒါန်းငွေဖြင့် မြေနီကျောက်ကျင်း ၅၀ ကို ထပ်ဆင့်ခင်းကျင်းခဲ့ကြသည်။ ယင်းအပြင် လမ်းဘေးဝဲယာရှိ ချုံနွယ်များရှင်းလင်းခြင်းများကို ဒေသနေပြည်သူများက ဝိုင်းဝန်းလုပ်ကိုင်ခဲ့ကြကြောင်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ- ဝ၇၁



# ငါးရစ်ငါးသန်သားပေါက်ပွားကာလ ဘက်ထရီရှော့တိုက်မှုနှင့် ငါးထောင်ချောက်များအား သိမ်းဆည်း

**မင်းဘူး ဇူလိုင် ၈**

မင်းဘူးခရိုင်အတွင်းရှိ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်နှင့် မန်းချောင်း၊ မုန်းချောင်းများအတွင်း ငါးရစ်ငါးသန်များ သားပေါက်ကာလအတွင်း ငါးဖမ်းဆီးမှု မပြုလုပ်ရေးကို ကျေးရွာများရှိ ရေလုပ်သားများအား ကြိုတင်ပညာပေးဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မင်းဘူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် မင်းဘူးမြို့နယ် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဇူလိုင်လဆန်းပိုင်းမှစ၍ ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှုနှင့် ငါးထောင်ချောက်များဖြင့် ငါးဖမ်းဆီးမှုများအား ကွင်းဆင်းစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် မင်းဘူးမြို့နယ် လက်ပံတောကျေးရွာအနီး ဧရာဝတီမြစ်အတွင်း၌ ငါးမျိုးမကြီးများထောင်ဖမ်းဆီးသည့် ငါးထောင်ချောက်(တုတ်) (၁၂)လုံးနှင့် တန်းပိုက် ငါးခုအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မြင့်နိုင်နှင့်ဝန်ထမ်းများက ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် မန်းချောင်း၊မုန်းချောင်းများအတွင်း ငါးရစ်ငါးသန်သားပေါက်ကာလအတွင်း ငါးဖမ်းဆီးမှု မရှိစေရေးနှင့် ဧရာဝတီလင်းပိုင်များ ဝင်ရောက်မှု ရှိ၊ မရှိ နေ့စဉ် ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ကျေးရွာအတွင်းလမ်းပြုပြင်ပေးရန် ဒေသခံများမျှော်လင့်

**ပုဗ္ဗသီရိ ဇူလိုင် ၈**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာအုပ်စုလယ်သာကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပညာကျောင်းသို့ဖြတ်သွားဖြတ်လာပြုနေသည့် ရွာအတွင်းလမ်းသည် မိုးရွာသွန်းရာ၌ ရွာ၏အနောက်မြောက်ဘက် ရွှေမင်းဝန်တောင်တန်းငယ်ဘက်မှ ကုန်းကျရေများက ရွာထဲလမ်းတွင် အရှည် ပေ ၈၅၀ခန့် ရိုးသဖွယ်ရွာ အရှေ့ဘက်သို့ ဖြတ်သန်းစီးဆင်းသောကြောင့် မိုးရာသီတစ်လျှောက်လုံး ရွာမြောက်ခြမ်းမှ ကျောင်းသားများနှင့်ပြည်သူများသွားလာရေးအဆင်မပြေသည့်အပြင် ခြင်များခိုအောင်းပြီး ရွှံ့ဗွက်များထူနေသောလမ်းအား ပြုပြင်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

"ကျွန်တော်တို့ကျေးရွာက ကျောင်းသားများနဲ့ ဒေသခံပြည်သူများ မိုးရာသီသွားလာရေးအဆင်ပြေစေရေး၊ ခြင်မှတစ်ဆင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ဒီရွာထဲလမ်းကို ပြုပြင်ပေးစေချင်ပါတယ်။ ရွာတွင်းလမ်းထဲကို ဝင်ရောက်စီးဆင်းလာသော မိုးရေများကို ရွာ၏မြောက်ထိပ်မှပိတ်၍ ရွာအနောက်ဘက် လယ်ကွင်းများသို့လွှဲပေးပြီး လမ်းကို တောင်ပေါ်မြေ၊ ရိုစာမြေများ ဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုရင် ဒီလမ်းပြုပြင်ပေးသည့်အကျိုးကတော့ ရွာအနောက်ဘက်ရှိ လယ်ဧက ၁၀၀ ခန့် စပါးစိုက်လယ်ရေအဖြစ် အသုံးပြုနိုင်မည့်အပြင် ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများကိုလည်း ကြိုတင်ကာကွယ်ရာရောက်မည်ဖြစ်ပါတယ်" ဟု လယ်သာကျေးရွာမှ ဦးမြသိန်းကပြောသည်။

**တင်စိုးလွင်**

# နတ်ကြီးအထကကျောင်းတွင် ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ကနီ ဇူလိုင် ၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း သစ္စာစီမံချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်အေးဦးဆောင်၍ မြို့နယ်အတွင်းအခြေခံပညာကျောင်းများရှိ အသက် ၁၀ နှစ် ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက်က ကနီမြို့နယ် နတ်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နတ်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမောင်မောင်အေးက "ကျွန်တော်တို့ရုံးအနေနဲ့ ရက် ၁၀၀ ကာလအတွင်း သစ္စာစီမံချက်ဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၃၀ ကို ကွင်းဆင်းဆောင်ရွက်သွားဖို့ စီမံချက်ရေးဆွဲပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့ ကွင်းဆင်းတဲ့ နတ်ကြီးကျောင်းအပါအဝင်ဖြစ်ပြီး အခု ဒီကျောင်းမှာ ကျောင်းသားကျောင်းသူ ၈၂ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ စီမံချက်ကာလအတွင်း ကျောင်းပေါင်း ၃၀ ပြီးစီးနိုင်ရေး အဖွဲ့များခွဲပြီး ကွင်းဆင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းသို့ စီမံချက်ကာလပြီးသွားသော်လည်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကာလအတွင်း မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၈၇ ကျောင်းမှအသက် ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူပေါင်း ၂၄၀၀ ကျော်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ရည်မှန်းချက်ထားပြီးဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးစီးအရာရှိ ဦးမောင်မောင်အေးက ဆက်လက်ပြောသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# ဓာတ်မြေသြဇာဥပဒေနှင့် နည်းဥပဒေများ ရှင်းလင်းဆွေးနွေးပွဲ ဝက်လက်၌ကျင်းပ

**ဝက်လက် ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဓာတ်မြေသြဇာဥပဒေနှင့် နည်းဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးနှင့် ဓာတ်မြေသြဇာများကို စနစ်တကျသုံးစွဲတတ်စေရန်အတွက် နည်းပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး စစ်ကိုင်းတိုင်းဒေသကြီးမြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုမာက ဓာတ်မြေသြဇာဥပဒေနှင့်နည်းဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေးခြင်းနှင့် ဓာတ်မြေသြဇာများစနစ်တကျသုံးစွဲတတ်စေရန်အတွက် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ ဓာတ်မြေသြဇာအရောင်းဆိုင်ပိုင်ရှင်များ၊ မြို့နယ်အတွင်းမှ တောင်သူများနှင့် စိုက်ပျိုးရေးပညာပေးဝန်ထမ်းများ စုစုပေါင်း ၈၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ပခုက္ကူမြို့နယ်ကြက်ခြေနီအသင်းသို့ ဝေဠုကျော်ဖောင်ဒေးရှင်းဥက္ကဋ္ဌက ငွေကျပ်ငါးသိန်းလှူဒါန်း

**ပခုက္ကူ ဇူလိုင် ၈**

ပခုက္ကူမြို့နယ် ကြက်ခြေနီအသင်းသို့ ဝေဠုကျော်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဝေဠုကျော်က အရေးပေါ်လူနာတင်ယာဉ် ဝယ်ယူရန် အလှူငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၅ ရက် ညနေ ၄ နာရီခွဲက ပခုက္ကူမြို့နယ် ကြက်ခြေနီအသင်းရုံး၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပခုက္ကူခရိုင် ကြက်ခြေနီအသင်းဦးစီးမှူး ဒုတိယတန်း ဦးသိန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဝေဠုကျော်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုဝေဠုကျော်က ကြက်ခြေနီအသင်းတွင် ပါဝင်ဆောင်ရွက်နေမှုနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းက ဆောင်ရွက်နေမှုများ၊ ပရဟိတစိတ်ဓာတ်နှင့် ပရဟိတအကြောင်းများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပခုက္ကူခရိုင်ပြန်ဆက်ဦးစီးအရာရှိ ဦးဇော်ဌေးအောင်က ကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ပရဟိတအဖွဲ့များ၊ အသင်းအဖွဲ့များအနေဖြင့် ပခုက္ကူခရိုင်ပြန်ဆက်ဦးစီးဌာနရုံးတွင် Community Centre အဖြစ်တွေ့ဆုံညှိနှိုင်းပွဲများ အသုံးပြုနိုင်ကြောင်း ဆွေးနွေးသည်။

ဝေဠုကျော်က ပခုက္ကူမြို့နယ် ကြက်ခြေနီအသင်း အရေးပေါ်လူနာတင်ယာဉ် ဝယ်ယူရန် အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းရာ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကိုယ်စားလူမှုဖူလုံရေးဆရာဝန် ဒေါက်တာသူရကိုကိုကလက်ခံရယူပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဝေဠုကျော်ဖောင်ဒေးရှင်းအနေဖြင့် ယခုနှစ်နွေရာသီက အညာဒေသ ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ရေရှားပါးသည့် ကျေးရွာများ၌ ၄ လက်မစက်ရေတွင်း ရှစ်တွင်းနှင့် ပုပ္ပားတွင်တစ်တွင်း တူးဖော်လှူဒါန်းခဲ့ကြောင်း ဝေဠုကျော်၏ ပြောကြားချက်အရ သိရသည်။

ဝေဠုကျော်သည် ဇူလိုင် ၃ရက်မှ ၇ ရက် အထိ ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားပွဲတော်၌ ပခုက္ကူဒေသစိမ်းလန်းစိုပြည်ရေး ရန်ပုံငွေပဒေသာကပွဲတွင် ပခုက္ကူရေအလှူတော်အဖွဲ့အတွက် လာရောက်ကပြ ကူညီပံ့ပိုးပေးလျက်ခဲ့ကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

ကြေးမုံ



# လက်ပံတန်းမြို့နယ် ဧရာဝတီအရှေ့ဘက်ကမ်းတာ တောင့်တင်းခိုင်မာအောင်ပြုပြင်



**à** မြင့်နိုင်(ပြည်)

လက်ပံတန်းမြို့နယ်အတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသော ဧရာဝတီအရှေ့ဘက်ကမ်းတာ တာမိုင်(၄/၄ မှ ၂၇/၆) အတွင်း ၂၀၁၅ ခုနှစ် မိုးရာသီတွင် ရေကြီးမှုကြောင့် ပျက်စီးခဲ့သော တာတမံပျက်စီးမှုများအား ၂၀၁၆ ခုနှစ် မိုးရာသီမတိုင်မီမှစတင်၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေကြောင်း သိရသည်။

လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီအရှေ့ဘက်ကမ်းတာကို ၁၉၆၁ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး အလျား ၂၃ ဒသမ ၂၅ မိုင် ရေဘေးကာကွယ်ဧက ၄၆၂၉၇ ဧကရှိသည်။ယခင်နှစ် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ထူးကဲမြစ်ရေကြီးမှုကြောင့် လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီအရှေ့ဘက်ကမ်းတာတွင် ထူးပေါက်များဖြစ်ပေါ်ခြင်း၊ လှိုင်းပုတ်၍ တာပဲ့ခြင်း၊ တာအိလျော့ခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် တာတမံ ကျိုးပေါက်မှုမရှိစေရေး ရေခွေခွေခြင်း၊မြေအိတ်ဆင့်ခြင်း၊ ခြုံစည်းဖြည့်ကာကွယ်ခြင်း၊ တုတ်တန်းရိုက် မြေအိတ်ဆင့်ကာကွယ်ခြင်းစသည့် အရေးပေါ် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။

၂၀၁၅ ခုနှစ် မိုးရာသီကာလ ဩဂုတ်လတွင် လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီအရှေ့ဘက် ကမ်းတာတွင် ရေကျော်တိုက်စားမှုများ၊ ထူးပေါက်များ၊ တာအိလျော့မှုများ၊ တာပဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် တာတမံအား ၂၀၁၆ ခုနှစ် မိုးရာသီမတိုင်မီ မဖြစ်မနေ ပြုပြင်ရန်လိုအပ်ပါသည်။ သို့မှသာ ဧရာဝတီအရှေ့ဘက် ကမ်းတာမှ ရေဘေးကာကွယ်ဧက ၄၆၂၉၇ ဧကနှင့် လယ်မြေများနှင့် ကျေးရွာများ ရေဘေးအန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်သည်။


ဧရာဝတီမြစ် ရေကြီးမှုမှကာကွယ်ရန်အတွက် ဧရာဝတီအရှေ့ဘက်ကမ်းတာအား ပြုပြင်ခြင်းလုပ်ငန်းကို ယခုနှစ် မိုးရာသီမတိုင်မီ အပြီးဆောင်ရွက်မည်ဖြစ်သည်။ လက်ပံတန်းမြို့နယ် ဧရာဝတီအရှေ့ဘက်ကမ်းတာ ပြုပြင်ခြင်းလုပ်ငန်း၏ လုပ်ငန်းပမာဏမှာ အလျား ၁၀ ဒသမ ၁ မိုင်၊ မြေကြီးကျင်း ၄၄၉၀၉ကျင်း ဖြစ်သည်။

ဧရာဝတီအရှေ့ဘက်ကမ်းတာ တောင့်တင်းခိုင်မာအောင် ပြုပြင်ခြင်းလုပ်ငန်းအတွက် ၂၀၁၆-၂၀၁၇ခုနှစ် ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း) တာတမံ တောင့်တင်းခိုင်မာရေး ခေါင်းစဉ်မှ ရန်ပုံငွေ ရရှိထားပြီး ၂၀၁၆-၂၀၁၇ ပွင့်လင်းရာသီတွင် တာအခိုင်အမာ ပြင်ဆင်ခြင်းလုပ်ငန်း ငါးပေ မြှင့်တင်ခြင်းတွင် ဆက်လက်အသုံးပြုသွားမည် ဖြစ်သည်။

၂၀၁၆-၂၀၁၇ခုနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ယခုနှစ် မေလ ပထမပတ်မှစ၍ လုပ်ငန်းစတင် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဇွန် ၂၁ ရက်တွင် ဆောင်ရွက်ပြီးစီးပြီး ဖြစ်သည်။

လက်ပံတန်းမြို့နယ်ရှိ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ရေကျော် တိုက်စားမှုများ ဖြစ်ပေါ်ခဲ့သော ဧရာဝတီအရှေ့ဘက်ကမ်းတာအား တာပုံစံကျ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ ဧရာဝတီမြစ်ရေကြီးမြင့်မှုကြောင့် ရေဘေးအန္တရာယ် ကျရောက်မှုများကင်းဝေးစေပြီး လူနေအဆောက်အအုံများ၊ ကျွဲ၊ နွား တိရစ္ဆာန်များ၊ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခြင်းများ မရှိစေဘဲ သီးနှံအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းကြောင့် ဒေသခံပြည်သူများ လူနေမှုဘဝမြင့်မား ဖွံ့ဖြိုးတိုးတက်လာစေနိုင်မည် ဖြစ်ပါကြောင်း။ ။

**လက်ပံတန်းမြို့နယ်အတွင်းရှိ ဧရာဝတီအရှေ့ဘက်ကမ်းတာပြန်လည်ပြုပြင်ခြင်းလုပ်ငန်း တည်နေရာပြပုံ**




**လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ**

| စဉ် | တာတမံအမည် | လုပ်ငန်းပမာဏ အလျား (မိုင်) | လုပ်ငန်းပမာဏ မြေကြီး (ကျင်း) | (၃၀.၆.၂၀၁၆) နေ့ထိ ပြီးစီးမှု အလျား (မိုင်) | (၃၀.၆.၂၀၁၆) နေ့ထိ ပြီးစီးမှု မြေကြီး (ကျင်း) | (၃၀.၆.၂၀၁၆) နေ့ထိ ပြီးစီးမှု ပြီးစီးမှု (ရာခိုင်နှုန်း) | စက်ယန္တရား (စီးရေ) |
|---|---|---|---|---|---|---|---|
| ၁ | ဧရာဝတီအရှေ့ဘက်ကမ်းတာ | ၁၀.၁၀ | ၄၄၉၀၉ | ၁၀.၁၀ | ၄၄၉၀၉ | ၁၀၀% | Back Hoe (၁၀)စီး |
| | တောင့်တင်းခိုင်မာအောင် ပြုပြင်ခြင်း | | | | | | Tracked Dozer (၃)စီး |
| | | | | | | | Dump Truck (၇)စီး |
| | | | | | | | Water Bowser (၂)စီး |
| | | | | | | | Sheep Foot Roller (၁)စီး |

## ဧရာဝတီအရှေ့ဘက်ကမ်းတာအား တာပုံစံကျ ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ ဧရာဝတီမြစ်ရေကြီးမှုကြောင့် . . .



# မုံရွာခရိုင် ချောင်းဦးမြို့နယ်၌ နွေစပါး ပုလဲသွယ် စံပြကွက် ငါးဧက စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ချောင်းဦး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ကင်မွန်းတော်ကျေးရွာ ကွင်းအမှတ် ၁၉၃၈ ဦးပိုင် ၃၀၄ တွင် တောင်သူဦးဌေးငွေ စိုက်ပျိုးထားသော နွေစပါး ပုလဲသွယ် စံပြကွက် ငါးဧကကို ဇူလိုင် ၆ ရက်တွင် သုည ဒသမ ၁၀ အရွယ် စံကွက်ရိတ်သိမ်းပွဲ ကျင်းပခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှနှင့် ဝန်ထမ်းများ၊ လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ အင်းမကျေးရွာ ဆေးမာလ်အူ အဖွဲ့ဝင်များ လာရောက်လေ့လာကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှက GAP စပါးစိုက်ပျိုးနည်းစနစ်များ ရှင်းလင်းဆွေးနွေးပြီး ပညာပေးစာစောင်များ ဖြန့်ဝေခဲ့သည်။

တောင်သူ ဦးသိန်းငွေက စပါးသက်တမ်းအလိုက် ဓာတ်မြေဩဇာ ထည့်သွင်းနည်းစနစ်များ မေးမြန်းသဖြင့် မြို့နယ်ဦးစီးမှူးမှ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

တောင်သူ ဦးဌေးငွေ၏ နွေစပါး ပုလဲသွယ် စံပြကွက် ငါးဧကမှ သုည ဒသမ ၁၀ စံကွက်ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း အစိုထွက် တင်း ၁၆၀ ထွက်ရှိကြောင်း သိရသည်။

**မယု**(IPRD)

*ပညာရေးကဏ္ဍတွင်မူလတန်းပညာရေးသည်အခြေခံအကျဆုံးသော အဆင့်ဖြစ်သည့်အတွက် သင်ကြားပုံနည်းစနစ်၊ သင်ရိုးမာတိကာတို့ကို စနစ်တကျလေ့လာသုတေသနပြု သင်ကြား၊ ရေးဆွဲသင့်ပါသည်။ အမိက ဘာသာစကားဖြစ်သော မြန်မာစာသင်ကြားရာတွင်လည်းကောင်း၊ သင်ရိုးပြုစုရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန်အတွက် စာရေးသူ စောလူ၏ "ရှေ့ဦးသင်မြန်မာစာအရေး" စာတမ်းကို အခန်းဆက်အဖြစ်ဖော်ပြလိုက်ပါသည်။ စာရေးသူသည် မန္တလေးတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စက်မှုတက္ကသိုလ်၊ မော်လမြိုင်ကောလိပ်တို့တွင် အမှုထမ်းခဲ့ပြီး နိုင်ငံတော်၏တာဝန်ပေးချက်အရ ၁၉၇၂ ခုနှစ်မှ ၁၉၇၇ ခုနှစ်ထိ မလေးရှားနိုင်ငံ ပီနန်တက္ကသိုလ်တွင် ကထိကအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှစတင်ကာ အမေရိကန်ပြည်ထောင်စု မြောက်အီလီနွိုက်တက္ကသိုလ်၌ လက်ထောက်ပါမောက္ခအဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသည်။ စာအုပ်များအနေဖြင့် ပုဂံခေတ်မြန်မာစာ၊ ကိုဖိုးစောနှင့် သူ၏ကျောင်းသားများ၊ စကားပြေကကြီးခွေး၊ တိရစ္ဆာန်စကား စသည့် စာအုပ်များထွက်ရှိထားသည်။ (စာတည်း)*

# ရှေ့ဦးသင်မြန်မာစာအရေး

ယမန်နေ့မှအဆက်

**စောလူ**

ဗျည်းတွဲတွေ ပို့ချပြီးတဲ့အခါမှာ သရတွေကို စပို့ချပါတယ်။ သရတွေကို သင်ခန်းစာအလိုက်ခွဲဝေတဲ့အခါမှာတော့ သဒ္ဒဗေဒသဘောကို အခြေခံပါတယ်။ ပထမဆုံးတော့ အခြေခံသရ ခုနစ်မျိုးပေါ့။ သရအသီးသီးမှာရှိတဲ့ အသံနိမ့်မြင့်တက်ကျ သဘောကိုလည်း တစ်ပါတည်းပဲ ပို့ချပေးပါတယ်။ သရတွေစဉ်ပုံသဘောကို အောက်ဇယားတွေမှာ ကြည့်ပါ။

**အခြေခံသရ**

| | | | | | | |
|---|---|---|---|---|---|---|
| အာ | အီ | အူ | အေ | အယ် | အော် | အို |

**ရပ်သံပါ သရ**

| | | | |
|---|---|---|---|
| အစ် | အက် | အတ် | အွတ် |

**နှာသံပါသရ**

| | | |
|---|---|---|
| အင် | အန် | အွန် |

**ရပ်သံပါသရတွဲ**

| | | | |
|---|---|---|---|
| အိတ် | အုတ် | အိုက် | အောက် |

**နှာသံပါ သရတွဲ**

| | | | |
|---|---|---|---|
| အိန် | အုန် | အိုင် | အောင် |

ဒီလို သူ့အစုနဲ့သူ ခွဲပို့ချလိုက်တော့ ဆရာကြီး ဦးဖေမောင်တင် အမိန့်ရှိခဲ့သလို အသံနီးစပ်ရာချင်း စုမိသွားပါတယ်။ အသံနီးသလို စာလုံးပေါင်းကလည်း နီးစပ်တော့ စာသင်သားတွေ မှတ်ရသားရလွယ်သွားပါတယ်။ ရပ်သံပါ သရတွဲ"အိတ်" သင်ပြီးရင် နှာသံပါ သရတွဲ "အိန်"ကို သင်တဲ့အခါ "တသတ်"နေရာမှာ "နသတ်" အစားထိုးလိုက်ရုံမျိုးကို ဆက်စပ်တွေးတတ်သွားပါတယ်။

သရသင်ခန်းစာတွေပြီးတဲ့နောက်မှာမှ ဗျည်းနဲ့ မတွဲနိုင်တဲ့ သရတွေကို ပို့ချပေးပါတယ်။ "ဣ ဤ ဥ ဦ ဧ ဩ" လို သရတွေပါ။ နောက်တော့ အတိုချုပ်ရေးရာက ဖြစ်လာတဲ့ "၏ ၍ ၌ ၎င်း" အရေး အသားတွေကို ပို့ချပါတယ်။ နောက်ဆုံးမှာတော့ ပါဌ်ဆင့်အရေးအသားပါ။[၂၅]

မြန်မာနိုင်ငံမှာ သုံးခဲ့တဲ့ ဖတ်စာတွေမှာလိုပါပဲ။ တစ်ခန်းစီမှာ သင်ခန်းစာရယ်၊ လေ့ကျင့်ခန်းရယ် ထည့်ပေးပါတယ်။ လေ့ကျင့်ခန်းတွေမှာ အဖတ်လေ့ကျင့်တာရော၊ အရေးလေ့ကျင့်တာရော ပါပါတယ်။ ဒါက နိုင်ငံခြားသားတွေအတွက် ကိုယ်ပို့ချတဲ့စနစ်ကို အစီရင်ခံတာပါ။ သင့်တယ်ထင်ရင်သုံးဖို့၊ မသင့်သေးဘူးထင်ရင်လည်း မွမ်းမံအသုံးပြုနိုင်ဖို့ပါ။ ကိုယ့်သင်နည်း ကိုယ်ကောင်းလှပြီ ပြည့်စုံလှပြီလို့ မဆိုလိုပါဘူး။ ဘယ်ပို့ချနည်းမဆို ဆွေးနွေးအဖြေရှာရင်း မွမ်းမံသွားနိုင်လေ ကောင်းလေပါပဲ။

**အရေးဘာသာနဲ့ စမလား။ အပြောဘာသာနဲ့စမလား**

နိုင်ငံခြားသားတွေကို ပို့ချရာမှာ အပြောဘာသာစကားနဲ့ အစပျိုး ပို့ချတာဟာ အလွန်ထိရောက်ပါတယ်။ စောစောက အစီရင်ခံခဲ့တဲ့ သရသင်ခန်းစာတွေ လေ့ကျင့်ခန်းတွေမှာ အပြောစကားတွေကိုပဲ သုံးပါတယ်။ "သည်"တွေ "၏"တွေ၊ "၍"တွေ၊ "၌"တွေ ပါတဲ့ အရေးဘာသာစကားကို ရှေ့ပိုင်းမှာ လုံးဝမသုံးပါဘူး။ ပြောသလိုရေးတာ ဖတ်တာ အထာကျပြီးမှ အရေးဘာသာကို မိတ်ဆက်ပေးပါတယ်။ အပြောကနေအရေးကို ကူးပြောင်းသွားတာလည်း စနစ်တကျဖြစ်အောင် ဖန်တီးပေးထားတော့ သုံးလေးနာရီ စာသင်ချိန်ပြီးတာနဲ့ အရေးဘာသာကို ကောင်းကောင်းဖတ်တတ်သွားတာပါပဲ။

ရှေ့ဦးသင် မြန်မာစာပို့ချရာမှာလည်း အဲဒီနည်းအတိုင်း ပို့ချရင် ကလေးတွေအတွက် ပိုလွယ်ကူမယ်လို့ ယူဆပါတယ်။ ဗမာကလေးတွေက အိမ်မှာလည်း ဒီစကားကိုပဲ နေ့စဉ် ပြောနေကျကြားနေကျဆိုတော့ စာသင်နေတဲ့ တစ်လျှောက်လုံးပြောဖူးကြားဖူးပြီး စကားတွေကိုပဲ စာလုံးအနေနဲ့ရေးရဖတ်ရတာ ပိုစိတ်ဝင်စားစရာကောင်းလို့ ပိုလွယ်တာပေါ့။ ဒီသဘောထား ဒီခံယူချက်ဟာ အတ္တနောမတိ မဟုတ်ပါဘူး။ ဆရာကြီး ဦးဖေမောင်တင်လည်း ဒီသဘောအတိုင်း ရှိပါတယ်။ ပထမတန်းမြန်မာဖတ်စာ အမှာစာမှာ ဒီလို ဆိုမိန့်ထားပါတယ်။

> ဘတ်စာများ၌ အချို့သောနေရာတွင် အရပ်ပြောစကားများထည့်ထားပါသည်။ ကလေးသူငယ်များသည် စာသင်စဖြစ်၍ အရပ်ပြောစကားများကို ဘတ်ရသောအခါ၊ စာသုံးစကားများကို ဘတ်ရသည်ထက် နားလည်လွယ်မည် ဖြစ်သည်[၂၆]

တဲ့။ အပြောဘာသာကို အရပ်ပြောစကား၊ အရေးဘာသာကို စာသုံးစကားလို့ ဆရာကြီးက ဆိုပါတယ်။ ဒီလိုဆိုတော့ အရေးဘာသာဘက်မှာ အားနည်းမသွားဘူးလားလို့ စောဒနာချင်သူ ရှိကောင်းရှိမှာပါ။ ဒါကို ဆရာကြီး ဦးဖေမောင်တင် တွေးပြီးသားပါ။ "အတန်းကြီးကျရောက်သောအခါ စာစကားများကို ဘတ်ရှုသင်ကြားရန် အချိန်များစွာရှိ၏"လို့ ဆရာကြီးက သူ့အမှာစကားကို ဆက်လိုက်ပါသေးတယ်။

နောက်ပြီး အပြောဘာသာအရေးအသား တွင်ကျယ်လာတဲ့အချက်ကိုလည်း ထည့်စဉ်းစားရပါမယ်။ ရှေးတုန်းကတော့ စာသံပေသံပါမှ စာကောင်းစာသန့်လို့ ယူဆကောင်းယူဆသူတွေ ရှိခဲ့ပါလိမ့်မယ်။ စာနယ်ဇင်းတွေ များပြားလာတာနဲ့အမျှ အဲဒီအယူအဆက ပြောင်းလဲစပြုနေပါပြီ။ အရေးကြီးလေးနက်တဲ့ အကြောင်းအရာတွေကိုလည်း အပြောဘာသာနဲ့ အရေးများစ ပြုလာပါပြီ။ အပြောဘာသာစကားဟာ ခေတ်အရေးအသားသုံး ဘာသာစကား ဖြစ်လာပါပြီ။ ဖတ်စာတွေ ခေတ်မီဖို့လိုတော့ အပြောဘာသာသုံးတာဟာ ခြေလှမ်းအမှားလို့ မဆိုနိုင်ပါဘူး။ ဒီမှာ ဆရာကြီး မင်းသုဝဏ်ရဲ့စကားကို သာဓကအဖြစ် ပြပါရစေ။ အပိုမြန်မာဘတ်စာ[၂၇] စာစဉ်တွေပြုစုတဲ့အခါ အမှာစကားမှာ ဆရာကြီးက ဒီလို ရေးဖူးပါတယ်။

> ကလေးများကို စာဘတ်သင်ပေးခြင်းသည် ကလေးများ စာဘတ်စေရန်ဖြစ်၍ ဤအပိုမြန်မာဘတ်စာများကို ယခုခေတ် စာ၊ နယ်၊ ဇင်း တို့၌ တွေ့ရသော စကားအသုံးအနှုန်းမျိုးဖြင့်သာရေးသည်[၂၈]

တဲ့။ ဖတ်စာတွေ ခေတ်မီနေဖို့ဆိုရင် ခေတ်သုံး စာနယ်ဇင်းသုံးစကားတွေပါဖို့လိုအပ်ပုံကို ဆရာကသတိပေးထားခဲ့တာပါပဲ။

ရှေ့ဦးမြန်မာစာပို့ချရေးမှာ အပြောဘာသာစကားသုံးလိုက်တာနဲ့ နောက်ရရှိလာမယ့် အကျိုးက အပြောမှာမရှိ အရေးမှာသာရှိတဲ့ အရေးအသားတွေကို စောစောပို့ချနေစရာမလိုတော့တာပါပဲ။ ဝါကျဆုံး "သည်" တို့ "၏" တို့လိုစာတွေ၊ "၎င်း"တို့၊"၌" တို့လိုစာတွေကို ဆိုလိုပါတယ်။ အရေးဘာသာစကားကို သုံးတဲ့အခါမှာတော့ သင်ခန်းစာနဲ့ ဆီလျော်တာ မဆီလျော်တာ အပထား၊ "၏"တို့၊ "၍" တို့ ဖတ်တတ်အောင်ကြုံရာသင်ခန်းစာမှာ ပစ်ထည့်ရတော့တာပါပဲ။ ကလေးတွေမှာ ဆရာကသင်ပေးနေတော့ ဘုမသိဘမသိမှတ်လိုက်သားလိုက် ကြရတာပေါ့။ စဉ်းစားဉာဏ်ကို တံခါးမခေါက်ဘဲ အတင်းသွင်းပြီး ပို့ချတဲ့နည်းဟာ မလျော်ကန်ကြောင်းကိုတော့ အကြောင်းယုတ္တိပြနေဖို့လိုမယ် မထင်ကြောင်းပါ။

**နိဂုံး**

မလေးရှားနိုင်ငံမှာ မဟာသီယာဝန်ကြီးချုပ်ဖြစ်လာတော့ သူ့ပြည်သူတွေကို ပြောခဲ့တဲ့ စကားတစ်ခွန်းဟာ အလေးအနက်ထားဖို့ကောင်းပါတယ်။ သူပြောတာက သူ့ပြည်သူတွေ "တိဒတ် အားပါး"(tidak apa) စိတ်ဓာတ်တွေ ကဲနေကြတယ်။ အဲဒါ မကောင်းဘူးတဲ့။ တိဒတ်အားပါး စိတ်ဓာတ်ဆိုတာ မြန်မာလိုတော့ "ကိစ္စမရှိပါဘူး၊ ရပါတယ်" ဆိုတဲ့ စိတ်ထားမျိုးပေါ့။ ရှေးမလေးတွေကလည်း မြန်မာတွေလိုပဲ တိဒတ်အားပါး "ရပါတယ်" အပြောများခဲ့တာကိုး။ ဒီစိတ်ထားဟာ ပြဿနာမရှုပ်ချင်တဲ့ စိတ်ဓာတ်မျိုးမို့ ကောင်းသလိုလိုရှိပေမယ့် မကောင်းပါဘူး။ အရာရာကို ပေါ့ပေါ့တန်တန် သဘောထားရာ ရောက်ပါတယ်။ အနောက်နိုင်ငံက ကျောင်းသားတွေကို စာသင်ပေးတဲ့အခါ အတွေ့အကြုံတစ်ရပ်ကို ကြားဖြတ်ပြောရပါဦးမယ်။ ကျောင်းသားလေးတချို့ တစ်ခါတလေ အသံထွက်မှား အသုံးအနှုန်းမှားသွားတဲ့အခါ သူတို့စိတ်ဓာတ်ကျမသွားစေချင်တော့ ကိုယ်က "အိုကေ အိုကေ"လို့ ပြောမိပါတယ်။ မြန်မာလိုဆိုတော့ "ရတယ် ရတယ်" သဘောမျိုးပေါ့။ ဒီလိုပြောတော့ ကျောင်းသားက ဘာပြောတယ်မှတ်ပါသလဲ။ "ဟာ အိုကေ မဟုတ်ဘူး ဆရာ။ ကျွန်တော်က ဆရာပြောသလိုမှ မပြောနိုင်သေးဘဲ ဘယ်အိုကေမှာလဲ"တဲ့။ မရသေးရင် မရသေးတာကို သိသိမှတ်မှတ်ရှိတဲ့ ကလေးတွေပါ။ အပေါ်ယံအားပေးတာကို လက်မခံတဲ့ ကလေးတွေပါ။ ဒါကြောင့် သူတို့ကို လေးစားရပါတယ်။ ကိုယ်လုပ်နေတဲ့ အလုပ်ကို ပြီးပြီးရော ပေါ့ပေါ့တန်တန်မထားဘူး။ အကောင်းဆုံးဖြစ်အောင် လုပ်ချင်တဲ့ဆန္ဒကို ပြနေတာ မဟုတ်လား။ မဟာသီယာကလည်း "ရပါတယ်" ဆိုတဲ့ စိတ်ဓာတ်နဲ့ သွေးအေးမနေဖို့ သူ့ပြည်သူတွေကို လှုပ်နှိုးခဲ့တာပါ။

အခု ဒီစာတမ်းကလည်း မြန်မာစာချစ်သူ၊ မြန်မာစာသင်ကြားရေး တာဝန်ရှိသူအားလုံးကို တပ်လှန့်ဖို့ ကြိုးစားကြည့်တာပါပဲ။ ရှေ့ဦးသင်မြန်မာစာတွေကို ဒီအတိုင်းထား၊ ဒီအတိုင်း ဆက်သုံးသွားလည်း မရမဟုတ်ပါဘူး။ ပြီးတော့လည်း ပြီးသွားမှာပါပဲ။ ရပါတယ်။ ဒါပေမယ့် ကိုယ့်ကလေးတွေအတွက် အလေးအနက်ထား စဉ်းစားမယ်ဆိုရင်တော့ ဒီအတိုင်းထားလို့ မဖြစ်ပါဘူး။ ကလေးတွေဆိုတာက ဆရာပို့ချတာကို မခံမယူနိုင်ဘဲ တစ်နည်းပြောရရင် နားမလည်နိုင်ဘဲ ဖြစ်နေလည်း ကိုယ့်ဒုက္ခကိုယ် ထုတ်ပြောတတ်ရှာတာ မဟုတ်ပါဘူး။ ပြဿမျှ နူကြရတဲ့ကလေးတွေပါ။ သူတို့ကိုယ်စား လူကြီးက ချင့်ချိန်စဉ်းစားပေးရမှာပေါ့။ ကလေးတွေ စာမလိုက်နိုင်တဲ့အခါ ကလေးတွေညံ့လို့ဆိုပြီး အပြစ်ပုံချနေတာထက် ကိုယ့်ဘက်က ဘာလိုနေလဲ၊ ပြဋ္ဌာန်းစာမှာ ဘာအားနည်းနေလဲ တစ်ချက်လောက် ဉာဏ်ထုတ်ကြည့်ရင် မကောင်းဘူးလား။ ပိုပြီး မြန်မြန်တတ်ဖို့ မဟုတ်တောင် ကလေးတွေ ပေတံစာမမိဘဲ အအော်အငေါက်မခံရဘဲ ကျောင်းပျော်ပြီး စိတ်ချမ်းသာအောင် စီမံပေးဖို့က လူကြီးတွေတာဝန်ပါ။ အထူးသဖြင့် မြန်မာစာချစ်ပါတယ်ဆိုသူတွေ၊ ကိုယ်အပါအဝင် မြန်မာစာနဲ့အသက်မွေးနေသူတွေတာဝန်ပါ။ အနည်းအကျဉ်း ကလေးဖြစ်ဖြစ် တာဝန်ကျေဖို့ အခုစာတမ်းပါအချက်တွေကို စဉ်းစားဝေဖန် ဆွေးနွေးပေးစေချင်ပါတယ်။ ထပ်ဆိုပါရစေ။ ဒီမှာ အဆိုပြုလိုက်တာတွေကို အဆိုပြုတဲ့အတိုင်း လက်ခံရမယ်လို့ မဆိုလိုပါဘူး။ ပယ်တန်တာပယ်၊ ယူတန်တာ ယူ၊ ပြုပြင်တန်တာ ပြုပြင်။ ဝိုင်းဝန်းဆွေးနွေး အသစ်ကြံဆ ပြုစုကြဖို့သာ နှိုးဆော်လိုရင်းပါ။ ဖွံ့ဖြိုးပြီး နိုင်ငံကျောင်းသုံးစာအုပ်တော်တော်များများ ပြန်ရိုက်တဲ့အခါ အကြိမ်ကြိမ် အသစ်မွမ်းမံထားတာ တွေ့ရတိုင်း ကိုယ့်ကျောင်းသုံးစာအုပ်တွေ ဒီလိုပဲ ဖြစ်စေချင်နေမိပါတယ်။ခြုံငုံ အနှစ်ချုပ်ပြန်ပြောရရင် နံပါတ်(၁)က သရတွေကို သင်တဲ့အခါ **ရှေးရိုးနည်းရော အသံထွက်နည်းပါ ပေါင်းစပ်သင်ဖို့ အမှာစကားမှာ တိတိကျကျ ညွှန်ကြားရေး**၊ နံပါတ်(၂)က **သရတွေပို့ချတဲ့အခါ သဒ္ဒဗေဒစနစ်အတိုင်း အသံကို ပဓာနထားပြီး ရှေ့နောက် စီစဉ်ပို့ချရေး**၊ နံပါတ်(၃)က **ရှေ့ဦးသင်ခန်းစာတွေမှာ အပြောဘာသာစကား အသုံးချရေး**တို့ကို အကျိုးမျှော်နှိုးဆော်လိုကြောင်းပါ။

**မြန်မာစာသင်ကြားရေး ခေတ်မီတိုးတက်ဖို့**
**စောလူ**
**၂၀၁၆ မတ် ၂၆**

**မှတ်ချက်။ ။ အကိုးအကားစာတွေမှာ မူရင်းစာလုံးပေါင်းအတိုင်းပဲ ထားပါတယ်။**

[၂၅] ပို့ချပုံအသေးစိတ် သိချင်ရင် http://seasite.eiu.ndu/burmese/ မှာကြည့်နိုင်ပါတယ်။

[၂၆] ပထမတန်း မြန်မာဘတ်စာ၊ ဦးဘေမောင်တင်၊ Orient Longmans Ltd.Bombay Colcutta Madras,၁၉၄၉၊ စာ ၄

[၂၇] ၁၉၃၈ ခုက Longman's Supplemantary Burmese Readers အနေနဲ့ အပိုမြန်မာဖတ်စာ ၁၊ ၂၊ ၃ စသည်ဖြင့် ထုတ်ဖူးပါတယ်။ ဆရာဦးဝန်က ရေးပေးပါတယ်။ ကလေးတွေ စာဖတ်တဲ့အလေ့အထရအောင် စီစဉ်ပေးတဲ့ ကျောင်းစာပြင်ပ ဖတ်စရာ စာအုပ်တွေပါ။

[၂၈] အပို မြန်မာဖတ်စာ စာအုပ် ၂၊ အမှာ၊ ဆရာဦးဝန်၊ Longman's Green & Co.,Limited,Colcutta, ၁၉၃၈

## စာဖတ်ရိုန်မြှင့်တင်ရေး စာဖတ်ဝိုင်းနှင့် စာအုပ်များလှူဒါန်း

**မိုးနဲ ဇူလိုင် ၈**

ရှမ်းပြည်နယ်( တောင်ပိုင်း ) လင်းခေး ခရိုင် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မြို့မ အလက ကျောင်းစာကြည့်တိုက်ခန်းမ၌ ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မိုးနဲမြို့နယ် မြို့နယ် ရဲတပ်ဖွဲ့မှူးယာယီရဲမှူးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးညွန့်ရွှေက စာဖတ်ဝိုင်းနှင့်စာအုပ်များလှူဒါန်းပေးရခြင်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ၊ ရုပ်ပြ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာပေရေချမ်းစင် စုစုပေါင်း စာအုပ် ၃၀၀ ကို အလှူရှင် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေး ဦးစီးဌာနနှင့် စိုင်းဆေခမ်းဖတို့က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန်းသန်းငွေက လက်ခံရယူခဲ့ပြီး လှူဒါန်းပေးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်စာပေဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကျင်းပ

**ရိခေါဒါရ် ဇူလိုင် ၈**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပထမ ရက်ပေါင်း ၁၀၀ စီမံချက်အတွင်း ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး စာပေ၏အကျိုးကျေးဇူးကို လက်တွေ့ခံစားစေကာ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်ချက်ဖြင့် နယ်လှည့်စာပေဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲများကို ဇူလိုင် ၄ ရက်က ရိခေါဒါရ်မြို့နယ် ကြောင်းဟွေကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**(ဂျိုးနက်)**

# ကမ်းပါးပြိုမှုမှ ရှောင်ရှားရေး ကွင်းဆင်းကြည့်ရှုလေ့လာ



**သနပ်ပင် ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်၊ ကသစ်ခုံ(ရွာဟောင်းကုန်း)ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ဇူလိုင် ၅ ရက် နံနက် ၁၁ နာရီက မြို့နယ်အုပ်ချုပ်ရေး ဦးသန်းနိုင် သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ အလယ်တန်းကျောင်း(ခွဲ)သည် စစ်တောင်းမြစ်ကမ်းဘေးတွင် တည်ရှိပြီး စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျလျက်ရှိရာ စာသင်ကျောင်းနှင့် ပေ ၂၀၀ ခန့်သာ ကွာဝေးတော့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးဦးခင်ဇော်က တိုင်းတာပြီး မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအေးလွင်နှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းခိုင်တို့က စာသင်ကျောင်း၏အခြေအနေများကို တင်ပြရာ မြစ်ကမ်းပါးပြိုကျပါက အမြန်ဆုံးပြောင်းရွှေ့နိုင်ရေးနှင့် ယာယီကျောင်းဆောက်လုပ်မည့် ဦးမျိုးအောင်ပိုင် လယ်မြေကိုပြသရာ မြို့နယ်အုပ်ချုပ်ရေးမှူးက စာသင်ကျောင်း ပြောင်းရွှေ့ဆောက်လုပ်နိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းခဲ့သည်။

အဆိုပါ စာသင်ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၀ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဆရာတော်၊ သံဃာတော်များအား ပိဏ္ဍပါတ်ဆွမ်း ဆန်တော်များလောင်းလှူ

**ရန်ကုန် ဇူလိုင် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် (ရန်ကုန်)မှ ဆရာတော်၊ သံဃာတော်များအား ပိဏ္ဍပါတ်ဆွမ်းဆန်စိမ်း လောင်းလှူလှူဒါန်းပွဲကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရန်ကုန်-ပြည်လမ်း ဇော်ဘွားကြီးကုန်းရပ်ကွက် (၁၀)မိုင် ကုန်းအနီး ဇော်ဘွားကြီးကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ရှိ (ယာယီ)မဏ္ဍပ်၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ/ကထိကနည်းပြဆရာတော်များ ဦးဆောင်သော သင်တန်းသား သံဃာတော်အပါး ၁၀၀ ကျော်တို့အား အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ ရပ်ကွက် ၂၁ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်/ရပ်ကွက် အမျိုးသမီးရေးရာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ စေတနာရှင် အလှူရှင်များနှင့်ဝန်ထမ်းများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ငရုတ်၊ ကြက်သွန်၊ ဝတ္ထုငွေ စုစုပေါင်း ကျပ် ၁၅၀၀၀၀၀ ကျော်ဖိုး ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း(အင်းစိန်)**

## အန္တရာယ်ရှိသော ကြော်ငြာဆိုင်းဘုတ်အားဖယ်ရှားရှင်းလင်းပြီး

**ညောင်လေးပင် ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မဈေးကြီးနှင့် ဈေးအရှေ့လမ်းထောင့်ရှိ အန္တရာယ်ရှိသော စီးပွားရေးကြော်ငြာဆိုင်းဘုတ်ကြောင့် လမ်းသွားလမ်းလာများ ဈေးရောင်းဈေးဝယ်များ စိုးရိမ်လျက်ရှိကြောင်း ဇွန် ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၈ တွင်ဖော်ပြပါရှိခဲ့ပါသည်။

အဆိုပါ သတင်းဖော်ပြပါရှိချက်အရ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဆိုပါဆိုင်းဘုတ်အား ဇူလိုင် ၃ ရက်တွင် ဖြုတ်သိမ်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ဌာန မန္တလေးမြို့တွင် စတင်ဖွင့်စည်း

**မန္တလေး ဇူလိုင် ၈**

အာဆီယံဒေသတွင်းနိုင်ငံများနှင့် တူညီသည့် အာဆီယံ 'စံ'သတ်မှတ်ချက်များနှင့် မြန်မာနိုင်ငံ 'စံ'သတ်မှတ်ချက်များကို အခြေခံ၍ စစ်ဆေးအကဲဖြတ်ပေးမည့် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ဌာနတစ်ခုအားမန္တလေးမြို့တွင် စတင်ဖွင့်စည်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်ကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်နှင့်လုပ်သက်ရင့်ကျွမ်းကျင်မှုရှိပြီး အသိအမှတ်ပြုလက်မှတ်မရှိသေးသူများအား ကျွမ်းကျင်မှုအဆင့်အလိုက် အသိအမှတ်ပြုလက်မှတ်များထုတ်ပေးနိုင်ရန်အတွက် အဆိုပါဌာနအား စတင်ဖွင့်စည်း သတ်မှတ်ခြင်းဖြစ်သည်။

ထိုသို့ နိုင်ငံတကာနှင့်အာဆီယံဒေသတွင်း နိုင်ငံများ တန်းတူနိုင်ငံတော်အဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခြင်းဖြင့် ဝန်ထမ်းများသည် ကျွမ်းကျင်မှုအဆင့်အလိုက် ရပိုင်ခွင့်များ၊ ခံစားခွင့်များရရှိခံစားနိုင်မှုတို့ကို ရှင်းလင်းစွာသိမြင်နိုင်ပြီး နိုင်ငံခြားမှ လာရောက်လုပ်ကိုင်သည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအဆင့်၊ ပြည်တွင်းဝန်ထမ်းများ၏ ကျွမ်းကျင်မှုအဆင့် တူညီပါက ခံစားခွင့်တူညီရမည်ဖြစ်သည်။

ထို့ပြင် အလုပ်ရှင်အနေဖြင့်လည်း အမှန်တကယ်ကျွမ်းကျင်သူကို အမှန်တကယ်ရပိုင်ခွင့်များ ပေးနိုင်သကဲ့သို့ အလုပ်သမားများအနေဖြင့်လည်း မိမိတို့ကျွမ်းကျင်မှုအလိုက် ခံစားခွင့်ရှိသဖြင့် အလုပ်ရှင်နှင့်အလုပ်သမားများအကြား အငြင်းပွားမှုများလည်း ဖြစ်ပေါ်လာတော့မည် မဟုတ်သည့်အတွက် အဆိုပါဌာနများတွင် လျှောက်လွှာတင်လာရောက်ဖြေဆိုခြင်းဖြင့် နိုင်ငံတော်အဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များရရှိပြီး မန္တလေးတိုင်းဒေသကြီးနှင့် အထက်မြန်မာပြည်ဒေသများတွင် ကျွမ်းကျင်လုပ်သားများအား အချိန်တိုအတွင်း ရရှိလာနိုင်တော့မည်ဖြစ်သည်။

အဆိုပါ ဌာနအား ဇူလိုင် ၃ရက်တွင် သိပ္ပံလမ်း၊ ၆၆ နှင့် ၆၈လမ်းကြား၊ မဟာအောင်မြေမြို့နယ်ရှိ မန္တလေးဟိုတယ်နှင့်သက်မွေးမှုလုပ်ငန်းခွင်သင် တန်းကျောင်းတွင် စတင်ဖွင့်စည်းခဲ့ပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ မန္တလေးတိုင်းညွှန်ကြားရေးမှူးဦးခင်မောင်ရွှေ၊ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု 'စံ'သတ်မှတ်ပြဌာန်းရေးအဖွဲ့မှဒေါ်ခင်မာအေး(ဒုတိယညွှန်ကြားရေးမှူး)နှင့် ကျွမ်းကျင်မှု စစ်ဆေးခြင်းဖြေဆိုမည့်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အောင်ရဲသွင်**

## ရေတာရှည်နှင့် အုတ်တွင်းမြို့နယ်တို့တွင် ကော်မတီများ ဖွဲ့စည်း

**ပဲခူး ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာ ၁၅ ရွာအား တစ်ရွာလျှင် အရင်းမပျောက်မတည်ငွေ သိန်း ၃၀၀ စုစုပေါင်း ကျပ်သိန်း ၄၅၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကာ ရှေ့ပြေးလုပ်ငန်းများဖြစ်သည့် မြစိမ်းရောင်စီမံကိန်းအကြောင်းမိတ်ဆက်ခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီများဖွဲ့စည်းခြင်းကို ဇူလိုင် ၅ ရက်က ပီတူးကျေးရွာ၊ ဝါးရုံတောကျေးရွာများတွင် ကွင်းဆင်း၍ ကော်မတီများဖွဲ့စည်းခြင်းအား မြို့နယ်ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွှန့်၊ မြို့နယ် တိ/မွေး/ကု ဦးစီးဌာနမှ ဒေါက်တာကြည်လင်နှင့် မြို့နယ်အဆင့်ကော်မတီဝင်များက ပြည်သူများ၏ဆန္ဒဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်းသိရသည်။

ထို့အတူ အုတ်တွင်းမြို့နယ်ကျေးလက်ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရွေးချယ်ထားသည့် မြစိမ်းရောင်ကျေးရွာကိုးရွာအား တစ်ရွာလျှင် အရင်းမပျောက်မတည်ငွေ သိန်း ၃၀၀ စုစုပေါင်း သိန်း ၂၇၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများအနက် ကျေးရွာအဆင့် ကော်မတီဝင်များဖွဲ့စည်းခြင်းနှင့် စီမံကိန်းအကြောင်းမိတ်ဆက်ခြင်းအခမ်းအနားကို ဇူလိုင် ၄ ရက်တွင် ညောင်ပင်ကြီးကျေးရွာအုပ်စု မီးလောင်ချောင်းကျေးရွာနှင့် အုန်းပင်အုပ်စု ဇီးဖြူပင်(အလယ်)ကျေးရွာတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မြင့်ထွန်းတို့တက်ရောက်ကာ ကျေးရွာပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## အရက်ဖြတ်ထားသူစိတ်ဖောက်ပြန်ပြီးကိုယ့်ကိုယ်ကိုယ်သတ်သေမှုဖြစ်ပွား

**ဆိပ်ဖြူ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကဇွန်းမရဲစခန်းအပိုင် ကဇွန်းမကျေးရွာ၏ အနောက်မြောက်ဘက် ၁၈ မိုင်ခန့်အကွာ ရှားလှကျေးရွာ၌ ဇူလိုင် ၄ ရက် ညနေ ၅ နာရီခွဲခန့်က အမျိုးသားတစ်ဦး စိတ်ဖောက်ပြန်၍ ကိုင်းခုတ်ဓားဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုဖြစ်ပွားကြောင်းသိရှိရသည်။

အဆိုပါဖြစ်စဉ်မှာ ရှားလှကျေးရွာနေ အောင်နိုင်ဦး (၃၆)နှစ် တောင်သူလုပ်ကိုင်သူသည် စိတ်ဖောက်ပြန်ကာ ကိုယ့်ကိုယ်ကိုယ်သတ်သေကြောင်းကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိန်မောင်က သတင်းပေးပို့သဖြင့် အခင်းဖြစ်ပွားရာ ရှားလှကျေးရွာသို့ ခေတ္တစခန်းမှူး ဒုရဲအုပ်မျိုးမင်းဇော်နှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူ အောင်နိုင်ဦး၏ လည်ပင်းတွင် လေးလက်မခန့်ပြတ်ရှဒဏ်ရာဖြင့် သွေးလွန်သေဆုံးနေသည်ကို တွေ့ရှိရ၍ ကဇွန်းမနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးလင်းနိုင်(IPRD)**

## ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

**ကျောက်တန်း ဇူလိုင် ၈**

ကျောင်းကျန်းမာရေး ဆိုင်ရာအသိပညာပေးဟောပြောပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင် ၆ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးအောင်ကျော်ဦးက တီဘီရောဂါအကြောင်း သိကောင်းစရာနှင့် ရှောင်ကြဉ်ကာကွယ်ရန်တို့ကိုလည်းကောင်း၊ ကျောက်တန်းမြို့နယ်ကျန်းမာရေးမှူး အဆင့် (၁)HA(1) ဦးဝင်းဦးက HIV/AIDS ရောဂါအကြောင်း သိကောင်းစရာနှင့် ရှောင်ကြဉ်ကာကွယ်ရန်တို့ကို လည်းကောင်း၊ တံတားမြို့ ပြန်/ဆက် ဦးစီးမှူး ဒေါ်သင်းမာသက်က စာဖတ်သူတိုးပွားရေးနှင့် စာပေ၏ ရသတန်ဖိုးများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ ကျောက်တန်းမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးဒေါ်နန်းအေးခိုင်၊ တံတားမြို့မှ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

## ရေကြီးရေလျှံမှုများ ဖြစ်နိုင်သည့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်



**ဟုမ္မလင်း ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းဒေသများဖြစ်သည့် ကလေး၊ တမူး၊ ခန္တီးခရိုင်တို့တွင် မိုးရေချိန်ပမာဏများပြားစွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်ဆောင်ရွက်ထားရှိခြင်းနှင့် ပြည်သူလူထုသို့ အသိပညာပေးဆောင်ရွက်ခြင်းကို ဇူလိုင် ၅ ရက်တွင် ဟုမ္မလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာများ၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ လိုက်ပါလျက် ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်အောက်ပိုင်းရှိ မြင်သာယာကျေးရွာ၊ မြသာယာကျေးရွာ၊ မြင်သာကျေးရွာ၊ မုက္ကလိကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး အသိပညာပေးဟောပြောခြင်းနှင့် ရေဝင်ရောက်ပါက အချိန်မီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝမ်းတွင်းမြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဝမ်းတွင်း ဇူလိုင် ၈**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ရက် ၁၀၀ စီမံချက်အရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို လစဉ်ကွင်းဆင်းဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏သဘာဝသယံဇာတသစ်တော၊ သစ်ပင်များပြုန်းတီးမှု မရှိစေရေးတွင် ပြည်သူများ၏ ပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍအရေးကြီးမှု၊ သစ်ပင်များစိုက်ပျိုးရေးနှင့်ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်ရေး၊ ထင်းအစားအခြားလောင်စာအသုံးပြုရေးတို့ကို လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ဟောပြောခြင်း၊ စွမ်းအားမြင့်မီးဖိုများဖြင့် သရုပ်ပြသ၍ အခမဲ့ဖြန့်ဝေလျက်ရှိသည်။

ထို့အတူ တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ရုံးတို့ပူးပေါင်း၍ ဇူလိုင် ၄ ရက်က ဝမ်းတွင်းမြို့နယ် အောင်သာကျေးရွာအုပ်စု၊ အောင်သာမြောက်ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရာတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မိတ္ထီလာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ဌာန၏လုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက စွမ်းအားမြင့်မီးဖိုများအကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးမြင့်သန်းထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာအုပ်၊ စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာကြည့်တိုက်ဆင့်ပွားသင်တန်းနှင့် ယနေ့စာဖတ်သူသည် မနက်ဖြန်ခေါင်းဆောင်ဟူသော ခေါင်းစဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဝမ်းတွင်းမြို့နယ်ရုံးအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် သစ်တောစိုက်ခင်းများထူထောင်ခြင်းလုပ်ငန်းတွင် ကျေးရွာသုံးစိုက်ခင်း ၇၅ ဧကနှင့် ရေဝေရေလဲစိုက်ခင်း ၂၅ ဧကတို့ကို မယ်ညိုတောင်ကြိုးဝိုင်းအတွင်းနှင့် အခြားစိုက်ခင်းတွင် အပင် ၆၀၀၀ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းလုပ်ငန်းကိုလည်းကောင်း၊ သဘာဝတောကျန်များထိန်းသိန်းကာကွယ်ခြင်းလုပ်ငန်းအနေဖြင့် တောင်ကြီးကုန်းကြိုးဝိုင်းအတွင်း ဧက ၁၀၀၀ ကိုလည်းကောင်း၊ ထင်းအစား အခြားလောင်စာသုံးစွဲခြင်းလုပ်ငန်းဆိုင်ရာ လူထုအသိပညာပေးဟောပြောပွဲ (၂၄) ကြိမ်နှင့် တိုးချဲ့ပညာပေးဟောပြောပွဲ (၂၄) ကြိမ်ပြုလုပ်ခြင်း၊ စံပြကျေးရွာတစ်ခုထူထောင်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ရေရရှိရေးအနေဖြင့် ရွှေသာလျှောင်းကန်အထက်တွင် နုန်းတားဆည်သုံးခု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

## ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး



**ကျောင်းကုန်း ဇူလိုင် ၈**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ကျောင်းကုန်းမြို့ ရေဂလုတ်-ဒေါင့်ကြီး ကားလမ်းဘေးတစ်လျှောက်၌ ဇူလိုင် ၇ ရက် နံနက် ၈ နာရီက စိုက်ပျိုးခဲ့ကြသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင် ၂၀၀၊ မဟော်ဂနီပင် ၁၀၀၊ ပျဉ်းဂတိုးပင် ၁၀၀ နှင့် ယူကလစ်ပင် ၁၀၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေး

**ဖောင်းပြင် ဇူလိုင် ၈**
ဖောင်းပြင်မြို့နယ် အားကစားခန်းမရှေ့ မြို့လယ်သုံးထောင့်ပန်းခြံအနီး၌ ၂၀၁၆ ခုနှစ် ဇူလိုင် ၅ ရက် နံနက် ၉ နာရီခွဲက မော်လိုက်ခရိုင် ဥပဒေအရာရှိ ဦးတင်မောင်စိုး၊ မြို့နယ်ဥပဒေအရာရှိ ဦးညီညီစံ၊ ဖောင်းပြင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်အေး၊ ဖောင်းပြင်မြို့မစခန်းမှူး ဒုရဲမှူးကျင်စိန် မြို့နယ်ထွေ/အုပ်မှ ဒုဦးစီးမှူး ဦးကိုကိုအေးတို့ပါဝင်သော ပူးပေါင်းအဖွဲ့မှ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိ-မရှိ ရှောင်တခင် စစ်ဆေးခဲ့ပြီး ဟောပြောပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **ဖောင်းပြင်(ပြန်/ဆက်)**

## မင်းသားဖိုးချစ် ဦးဆောင်သည့် မဟာယူနိုက်တက်အသင်း နှင့် လွိုင်လင်ရှိ အိုးစတားဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးကန်

**လွိုင်လင် ဇူလိုင် ၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ မင်းသားဖိုးချစ်ဦးဆောင်သည့် MAHAR UNITED ဘောလုံးအသင်းနှင့် လွိုင်လင်မြို့ရှိဌာနဆိုင်ရာများ၏ OLD STAR ဘောလုံးအသင်းတို့ ဇူလိုင် ၆ ရက် ညနေ ၄ နာရီက လွိုင်လင်မြို့အားကစားကွင်း၌ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲမစတင်မီ ရုပ်ရှင်ဗွီဒီယိုသရုပ်ဆောင် အေးမြတ်သူ၊ သူထူးစံနှင့် ဖိုက်စတား လူရွှင်တော်အဖွဲ့သားများက တေးသံသာများဖြင့် ဖျော်ဖြေညှော့ခံခဲ့ကြသည်။

ယင်းနောက် မင်းသားဖိုးချစ်ဦးဆောင်သည့် MAHAR UNITED ဘောလုံးအသင်းနှင့် လွိုင်လင်မြို့ရှိ ဌာနဆိုင်ရာများ၏ OLD STAR ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ MAHAR UNITED အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

ယင်းဘောလုံးပွဲတွင် ဘောလုံးပွဲကြေညာသူအဖြစ် ဖိုက်စတား လူရွှင်တော် အဖွဲ့မှ ဦးပေါ်လေးက ပါဝင်ကူညီအားဖြည့်ဆောင်ရွက်ပေးခဲ့သည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ပင်လည်ဘူးမြို့နယ်မှ လူထုဗဟိုပြုစီမံကိန်းကျေးရွာကော်မတီဝင်များ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့သို့ လာရောက်လေ့လာ



**တပ်ကုန်း ဇူလိုင် ၈**
နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်းကျေးရွာကော်မတီများနှင့် စီမံကိန်း ဒုတိယနှစ်လုပ်ငန်းများအတွက် ဝယ်ယူရေးနည်းစနစ်များနှင့် ဘဏ္ဍာရေးသုံးစွဲမှုပုံစံများကို နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမင်းဇော်ဦးဆောင်၍ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်မှ လူထုဗဟိုပြုစီမံကိန်းကျေးရွာကော်မတီဝင်အဖွဲ့ ဦးကောင်းမြတ်ဖြိုး ပါဝင်သော ၂၃ ဦးတို့ လာရောက်လေ့လာခဲ့ကြောင်းသိရသည်။

အဆိုပါအဖွဲ့သည် ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ် ပုဏ္ဏမာကျေးရွာ၊ သူဌေးကုန်းကျေးရွာများမှ လူထုဗဟိုပြုစီမံကိန်းကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး စီမံကိန်းဒုတိယနှစ်လုပ်ငန်းများအတွက် ဝယ်ယူရေးနည်းစနစ်များနှင့် ဘဏ္ဍာရေးသုံးစွဲမှုပုံစံများကို အပြန်အလှန်ဆွေးနွေးခဲ့ပြီး ပုဏ္ဏမာကျေးရွာအဝင်မှ ရန်ကုန်-မန္တလေးကားလမ်းဟောင်းထိ ကျောက်ချောလမ်းခင်းကျင်းထားမှုနှင့် သူဌေးကုန်းကျေးရွာ အခြေခံပညာကျောင်း ခြံစည်းရိုး အုတ်တံတိုင်းကာရံမှုများ ကြည့်ရှုလေ့လာခဲ့သည်။

ယင်းအဖွဲ့များသည် မြို့နယ်အတွင်းရှိလူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများအား ကျန်ရှိနေသေးသည့် ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး သုံးရက်ကြာ လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပန်းတနော် ဇူလိုင် ၈**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် သစ်တောဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်အတွက် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီက ဒေါင့်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ပန်းတနော်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီဇော်နှင့် ဝန်ထမ်းများ၊ ညောင်တုန်းမြို့နယ် သစ်တောဦးစီးမှူး ဦးလှစိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာနေပြည်သူများ အင်အား ၁၃၀ ခန့် တက်ရောက်ကြပြီး ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်ပင် စုစုပေါင်း ၂၅၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် မျှစ်များလှိုင်လှိုင်ပေါ်ကာ စားသုံးသူလည်းများပြား

**စစ်ကိုင်း ဇူလိုင် ၈**
သဘာဝတောင်တောင်များမှ အလေ့ကျပေါက်ရောက်လျက်ရှိသည့် မျှစ်များကို စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့ရှိ ဈေးများတွင် တစ်ပိဿာငွေကျပ် ၁၀၀၀ မှ ၁၂၀၀ ထိ ရောင်းချလျက်ရှိရာ ဝယ်ယူစားသုံးသူများလျက်ရှိကြောင်း သိရသည်။

မျှစ်သည် အရသာရှိသောအစားအစာဖြစ်သည်။ မျှစ်ကို ဟင်းလျာအဖြစ်ပြုတ်၍ တို့စရာအဖြစ်အမျိုးစားသုံးကြသည်။ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် မျှစ်ကို ဆေးအဖြစ် သုံးစွဲကြသည်။

မျှစ်ကိုစမ်းသပ်ကြည့်ရာ ပရိုတင်း၊ ကာဗိုဟိုက်ဒရိုဒ်နှင့် အဆီဓာတ်၊ ကယ်လိုရီဓာတ်၊ ထုံးဓာတ်သံဓာတ်၊ ဗီတာမင်းဓာတ်တို့ အချိုးကျပါဝင်သည်ဟုဆိုသည်။

မျှစ်ကို ဆေးဝါးအဖြစ် အသုံးပြုမည်ဆိုလျှင် မျှစ်နုစ်ကျပ်သားကို နုပ်နုပ်စင်း၍ သကြားအနည်းငယ်ထည့်ပြီး ကျိုချက်ပါ။ ထို့နောက် ကျိုချက်ပြီးသော အရည်ကိုစစ်ယူပြီး မကြာခဏသောက်သုံးပါက ချောင်းဆိုးရောဂါကို သက်သာစေသည်။

မျှစ်သည် အကြောတက်စေသော၊ အစာကြေခဲသော၊ အဆစ်အမြစ်ကိုက်စေသော အစာဖြစ်သောကြောင့် များများစားသုံးခြင်းမပြုမိစေရန် သတိပြုရမည်ဖြစ်ပေသည်။ လူအများ သတိပြုရန်အချက်မှာ အမြင့်နေရာမှ မတော်တဆလိမ့်ကျ၍ ထိခိုက်ဒဏ်ရာရသူ၊ အရိုးကျိုးသူ၊ အဆစ်လွဲဒဏ်ဖြစ်သူများ အသည်းရောဂါရှိသူများ၊ အနာပဆုပ်ပေါက်နေသူ၊ အစာအိမ်အနာရှိသောသူ စသည့်လူနာများသည် မျှစ်ကိုစားသုံးခြင်းမပြုရန် သတိပြုသင့်ကြောင်း သိရသည်။

**စိုင်းလှမင်း(မီဒီယာ)**



# တိမ်ကောနေသော မောင်ဆောင်းကန် လယ်ယာစိုက်ပျိုးရေးအတွက် အသုံးပြုနိုင်ရေး ပြန်လည်တူးဖော်ပေးရန် ဒေသခံများလိုလား



**မော်လူး ဇူလိုင် ၈**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအုပ်စု ပဲခူးကျေးရွာအနီး ကွင်း အမှတ်( ၅၅၁ )ဧရိယာအတွင်းရှိ တိမ်ကောနေသော မောင်ဆောင်းကန်ကို ပြန်လည်ပြုပြင်တူးဖော်နိုင်ရေးအတွက် ဒေသခံများ လိုလားလျက်ရှိကြောင်း သိရသည်။

မောင်ဆောင်းကန်သည် ကွင်းအမှတ်(၅၅၁) ပဲခူးကွင်းတွင်တည်ရှိပြီး နောင်ခမ်းကွင်း၊ ပေါက်ကုန်းကွင်းနှင့် ပဲခူးကွင်းစုစုပေါင်းလယ်စိုက်ဧက ၁၅၀၀ ခန့်ကို ရေပေးဝေနိုင်သည်။

ယင်းကန်မှာ အလျားပေ ၂၀၀၀၊ အနံပေ ၁၅၀၀၊ အနက် ၁၂ ပေ ခန့် ကျယ်ဝန်းပြီး ၁၉၅၃ ခုနှစ်ခန့်ကစတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းကန်မှာ ၁၉၈၉ ခုနှစ်ခန့်မှစတင်ကာ တဖြည်းဖြည်းတိမ်ကောလာခဲ့ရာ အင်းဘေးပတ်လည်များတွင်လယ်ယာမြေများ စိုက်ပျိုးချဲ့ထွင်လာကြသဖြင့် ကန်၏အကျယ်အဝန်းမှာ ကျဉ်းမြောင်းလာပြီး ဆက်လက်၍ ထိန်းသိမ်းပြုပြင်ရန်လိုအပ်ကြောင်း၊ ယခင်ကလယ်စိုက်ဧကစုစုပေါင်း ၁၅၀၀ ဧကခန့်ကို ရေပေးဝေနိုင်ခဲ့သော်လည်း ယခုအခါ လယ်စိုက်ဧကအနည်ငယ်ခန့်သာ ရေပေးဝေနိုင်တော့သဖြင့် တိမ်ကောနေသောအဆိုပါမောင်ဆောင်းကန်အားပြန်လည်ပြုပြင်တူးဖော်ပေးရန်လိုအပ်ကြောင်း မော်လူးအုပ်စုအုပ်ချုပ်ရေးမှူးဦးစိုးမြင့်၊ ပဲခူးကျေးရွာရပ်မိရပ်ဖများဖြစ်သော ဦးချစ်ဆွေ ဦးစိုးအောင်၊ ဦးတင်လှိုင်တို့ထံမှသိရသည်။

ဝ၅၈

## ငွေဆောင်၌ဟိုတယ်နှင့်တည်းခိုရိပ်သာများ လုံခြုံရေးဆိုင်ရာပညာပေးဟောပြော

**ငွေဆောင် ဇူလိုင် ၈**
ငွေဆောင်ကမ်းခြေတွင် လာရောက်အပန်းဖြေကြသည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ လုံခြုံစိတ်ချစွာ တည်းခိုနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ငွေဆောင်ရုံးခွဲ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု (ဧရာဝတီ)နှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဟိုတယ်နှင့် တည်းခိုရိပ်သာများ လုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲ ၂ နာရီက ငွေဆောင်ကမ်းခြေ AMBO Hotel ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ မန်နေဂျာများ၊ လုံခြုံရေးဝန်ထမ်းများ စုစုပေါင်း အင်အား ၆၅ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ ပညာပေးဆွေးနွေးဟောပြောပွဲတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ငွေဆောင်ရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးစိုးဝင်းက ဟိုတယ်၊ တည်းခိုရိပ်သာများ၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်နှင့် လုံခြုံရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ အမှတ် ၈ တပ်ဖွဲ့စု (ဧရာဝတီ)မှ ဒုရဲမှူးရဲထွန်းဦးက ငွေဆောင်-ချောင်းသာ ခရီးစဉ်ဒေသများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ခဲ့သော လုံခြုံရေးနှင့် မှုခင်းပိုင်းဆိုင်ရာ ကိစ္စများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**မူမူ (ပြန်/ဆက်)**

# ဘိန်းအစားထိုးသီးနှံ နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်များ အခမဲ့ဖြန့်ဝေ

**မန်တုံ ဇူလိုင် ၈**
ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် (မြောက်ပိုင်း) မန်တုံမြို့နယ်တွင် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်း နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်များ အခမဲ့ဖြန့်ဖြူးပေးအပ်ပွဲကို ဇူလိုင် ၇ ရက်က မြို့နယ်အထွေထွေအုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ပြုလုပ်သည်။

အဆိုပါပေးအပ်ပွဲတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အလုပ်အမှုဆောင် ဦးသိန်းဇော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်တို့က အမှာစကားများ ပြောကြားခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာမင်းမင်းအောင်က ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဘိန်းအစားထိုးသီးနှံများဖြစ်သော ချဉ်စော်ကားပင် ၅၀၀၊ ထောပတ်ပင် ၁၀၀၊ သီးညှပ်စိုက်ပျိုးရန်အတွက် လိမ္မော်ပင် ၅၀၀၊ သရက်ပင် ၁၀၀၀ နှင့် တောင်သူပညာပေး လက်ကမ်းစာစောင်များကို တောင်သူများထံသို့ ပေးအပ်ခဲ့သည်။

အဆိုပါပေးအပ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအယိုင်စဉ်၊ ဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူဦးကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင် (ပြန်/ဆက်)**



## မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များအား ငွေစာရင်းထိန်းသိမ်းခြင်း သင်တန်းဖွင့်လှစ်ပို့ချ

**ပွင့်ဖြူ ဇူလိုင် ၈**
ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်မည့် (ချောင်းဆုံ+လက်ယက်)၊ (မအူပင်+ရေရှင်)၊ လယ်ဖီလာ၊ရေဖြူတွင်း၊ ဂွေး၊သစ်တော်နှင့် သစ်ပုတီကုန်းကျေးရွာများမှ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များအား ငွေစာရင်းဆိုင်ရာစာရင်းဇယားများ ဖြည့်သွင်းထိန်းသိမ်းခြင်း၊ ချေးငွေလျှောက်လွှာများ စိစစ်လက်ခံခြင်းနှင့် ချေးငွေများစီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဇွန် ၂၉ ရက်က သင်တန်းဖွင့်လှစ်ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းအား ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နှင့် ဝန်ထမ်းများက ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် သင်တန်းပို့ချပေးခဲ့ပြီး မြစိမ်းရောင်ကော်မတီဝင် ၅၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုးပြည့်(မင်းဘူး)**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရက် ၁၀၀ စီမံချက်ပါ လုပ်ငန်းဆောင်ရွက်မှုအား ကွင်းဆင်းစစ်ဆေး

**ချောက် ဇူလိုင် ၈**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ရက် ၁၀၀ စီမံချက်လုပ်ငန်းဖြစ်သော အ-ထ-က(၂) ကျောင်းသို့သွားသောလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း(ပေ ၅၀၀× ၁၂ ပေ)အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးနေမျိုးသန်းတို့က ဇူလိုင် ၆ ရက် နံနက် ၉ နာရီခွဲက ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသိန်းဌေးနှင့် အငယ်တန်းအင်ဂျင်နီယာတို့က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အ-ထ-က(၂) ကျောင်းသို့သွားသောလမ်းအား ကတ္တရာထပ်ပိုးလွှာ လမ်းခင်းကျင်းပြီးပါက အဓိကကျောင်းသား၊ ကျောင်းသူများသွားလာရေးအဆင်ပြေချောမွေ့မှာဖြစ်၍ ရဟန်းရှင်လူ၊ ယာဉ်ကြီးယာဉ်ငယ်များပါ အဆင်ပြေချောမွေ့စွာ အသုံးပြုသွားလာနိုင်မှာဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



## တာချီလိတ်၌ကျောင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြော

**တာချီလိတ် ဇူလိုင် ၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကျောင်းသားလူငယ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာပြီး ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ မူးယစ်ဆေးဝါး ဆိုးကျိုးများ သိရှိစေရေးနှင့်စာဖတ်စွမ်းရည်မြင့်မားခြင်းဖြင့် အသိပညာဗဟုသုတများ တိုးတက်ရရှိကာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီခွဲက ဟောင်လိတ်အခြေခံပညာအထက်တန်း ကျောင်းရှိ ခန်းမဆောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာမဒေါ်ခင်မေလွင် က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး တာချီလိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး စိုးလွင် က မှုခင်းကျဆင်းရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ဇော်ဇော်ညွန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ အတွင်းရေးမှူး ဦးသိန်းထွန်းက မူးယစ်ဆေးဝါးသမိုင်းကြောင်းနှင့် အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအကြောင်းများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှဌေးက ကျောင်းသားလူငယ်နှင့် စာပေအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်အောင်ကျော်စိုးက မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်နှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မှု အကြောင်းများကိုလည်းကောင်း အသီးသီးအသိပညာပေးဟောပြောခဲ့ကြသည်။

ယင်းနောက် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ သိရှိရမည့်လမ်းညွှန်အမှတ်အသားများ၊ ယာဉ်မတော်တဆ ဖြစ်ပွားရသည့်အကြောင်းအရင်းများ ပါဝင်သည့် လက်ကမ်းစာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်ပြဘုတ်၊ ဓာတ်ပုံပြဘုတ်များနှင့် စာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ဝေယံလင်း (ပြန်/ဆက်)**

## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မိုးနဲမြို့နယ် သံဃာ့နာယကဆရာတော်များ ကြွရောက်ချီးမြှင့်



**မိုးနဲ ဇူလိုင် ၈**

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင်၊ မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စု စက်တော်ရေထွက် သဘာဝထိန်းသိမ်းရေးနယ်မြေ၌ ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ပြုလုပ်ရာ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌဆရာတော်၊ မဟာရန်အောင်အုဌ်ကျောင်းတိုက်ဆရာတော်၊ ကင်တုံကျောင်းတိုက်ဆရာတော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများ အင်အား ၇၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ဝိဇ္ဇာရိယ်ကျောင်းတိုက်ဆရာတော်ထံမှ စက်တော်ရေထွက်သဘာဝထိန်းသိမ်းရေးနယ်မြေ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့်ပတ်သက်၍ သြဝါဒခံတော်မူပြီး ဆရာတော်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက သတ်မှတ်နေရာများတွင် စိုက်ပျိုးရန်အတွက် ကျွန်းပင် ၇၅၊ ပျဉ်းကတိုး ၇၅ ပင်၊ ချယ်ရီပင် ၃၀၀၊ ခါတော်မီပင် ၃၀၀၊ ကော်ဖီပင် ၂၅၀ စုစုပေါင်းပျိုးပင် ၁၀၀၀ ကို တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူတို့က စုပေါင်းစိုက်ပျိုပေးခဲ့ကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနသည် ၂၀၁၆ ခုနှစ် မိုးရာသီကာလအတွင်း ပျိုးပင်ကိုးသောင်းကို ပျိုးထောင်ထားရှိပြီး မြို့နယ်တွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများနှင့် အဖွဲ့အစည်းများသို့ ဖြန့်ဝေစိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## အိမ်မဲ၌ စဉ်ဆက်မပြတ် နှစ်ပတ်လည် အိမ်ခြံဝင်း သီးနှံစိုက်ပျိုးခြင်းသင်တန်း ဖွင့်လှစ်

**အိမ်မဲ ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် World Vision Myanmar Einme ၏ ဦးဆောင်မှုဖြင့် စဉ်ဆက်မပြတ်နှစ်ပတ်လည် အိမ်ခြံဝင်း သီးနှံစိုက်ပျိုးခြင်းသင်တန်းကို အိမ်မဲမြို့ အိမ်မဲကြီးရပ်ကွက် မြန်မာနှစ်ခြင်းအသင်းတော်ဝင်းခန်းမဆောင်၌ ဇူလိုင် ၅ ရက်မှ ဇူလိုင် ၇ ရက်ထိ ၃ ရက် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် World Vision Myanmar ရန်ကုန်ရုံးချုပ်မှ သင်တန်းဆရာ ဦးကျော်မော်ဇံက ဦးဆောင်ဆွေးနွေးပို့ချခဲ့သည်။ သင်တန်းကို စာတွေ့လက်တွေ့ သင်ကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၇ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကျေးလက်နေပြည်သူများ သီးနှံစိုက်ပျိုးရေးမှာ ဦးဆောင် ဆောင်ရွက်နိုင်ရန်၊ မိသားစုဝင်ငွေတိုးစေရန်၊ သီးနှံများရွေးချယ်စိုက်ပျိုးတတ်စေရန်၊ စဉ်ဆက်မပြတ်စိုက်ပျိုးမှု စီမံခန့်ခွဲတတ်စေရန်၊ ကျန်းမာရေးအတွက် လတ်ဆတ်ပြီး အာဟာရပြည့်ဝသည့်သီးနှံများ ကိုယ်တိုင်စိုက်ပျိုးစားသုံးနိုင်ရန်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများဖြန့်ဝေနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**အိမ်မဲ(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်တွင် ရေကြီးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်

**ပွင့်ဖြူ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ဒေသခံပြည်သူများ ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်မည်ကို စိုးရိမ်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်သည် စေတုတ္တရာမြို့အထက်ဘက်ရှိ ရခိုင်ရိုးမမှစီးဆင်းလာသော မုန်းချောင်းအားမုန်းတမံနှင့် ကြီးအုံ-ကြီးဝ ဘက်စုံရေလှောင်တမံတို့မှတစ်ဆင့် မဲဇလီရေလွှဲဆည်ကို ဖြတ်သန်းစီးဆင်းလာသော မုန်းချောင်းမှ ယခင်နှစ်ဖြစ်စဉ်အရ ရေကြီး၊ ရေလျှံမှုဖြစ်ပွားမည်ကို စောင့်ကြည့်နေကြရသည်။

မင်းဘူးခရိုင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ဇူလိုင် ၆ ရက် ညနေ ၆ နာရီတိုင်းတာချက်အရ မုန်းချောင်းတမံက ကန်ရေပြည့် ပေ ၅၂၀ ရှိတယ်။ ယခု ၅၂၃ ပေ ၃ လက်မရှိတယ်။ စိုးရိမ်ရေအမှတ် မရှိပါဘူး။ ရေပိုလွှဲပေါက်ကနေ ပုံမှန်စီးဆင်းနေတယ်။ ကြီးအုံ-ကြီးဝတမံက ကန်ရေပြည့် ၃၄၄ ပေ ထိရှိတာ။ ယခု ၃၄၈ ပေရှိတော့ ၄ ပေလောက် ရေပိုလွှဲကနေ စီးဆင်းနေတယ်။ ကျွန်တော်တို့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး နေ့ညမပြတ် အမြဲစောင့်ကြည့်ပေးနေပါတယ်။ တမံကြံ့ခိုင်မှုအခြေအနေလည်း ကောင်းမွန်ပါတယ်။ မိုးအဆက်မပြတ်ရွာသွန်းလာရင် ရေဝင်ရောက်မှုပေါ်မူတည်ပြီး တမံအောက်ဘက်ရှိ ကျေးရွာတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်" ဟု ပြောသည်။

"ပွင့်ဖြူမြို့နယ်က ယခင်နှစ်က ရေကြီးတာကြုံဖူးထားတော့ မိုးအဆက်မပြတ်ရွာလာရင် ဒေသခံပြည်သူတွေက ရေကြီးမှာစိုးရိမ်လာတယ်။ ယခုနှစ်ကတော့ ယခင်နှစ်လို ဆုံးရှုံးမှုမများအောင် ကြိုတင်စီမံဆောင်ရွက်မှုတွေကို တိုင်းဒေသကြီးဝန်ကြီးချုပ်လမ်းညွှန်မှု၊ ခရိုင်အုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ စီမံမှုတွေနဲ့ ဆောင်ရွက်နေပါတယ်။ မုန်းချောင်းဝန်ကျင်ရှိ ရပ်ကွက်၊ ကျေးရွာနေ ပြည်သူတွေကို ကြိုတင်အသိပေးထားတယ်။ ကယ်ဆယ်ရေးစခန်းအနေနဲ့ အုပ်စု(၁)မှာ ရွှေဘိုရွာမကျေးရွာ၊ အုပ်စု(၂)မှာ တပ်မတော်ဝါစိုက်ခင်း၊ ထူးကုမ္ပဏီ၊ မြကျိုင်းတောင်၊ အုပ်စု(၃)မှာ ကျောင်းတော်ရာ ကြိုတင်နေရာချ စီမံထားပြီးပါပြီ။ သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်၊ ကယ်ဆယ်ရေး စပိဘုတ်၊ အမြန်ရေယာဉ် စသည်ဖြင့် ထားရှိပါတယ်။ ဌာနဆိုင်ရာတွေကိုလည်း အုပ်စုအလိုက် တာဝန်ယူကြီးကြပ်ဆောင်ရွက်ဖို့ စီမံထားပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများသည် မုန်းချောင်းကမ်းပါးအနီးတွင် အများစု မှီတင်းနေထိုင်လျက်ရှိရာ မုန်းချောင်းရေကြီးလာမည်ကို စိုးရိမ်လျက်ရှိပြီး ယခင်နှစ်ရေကြီးမှုအတွေ့အကြုံများအရ မျိုးစပါး၊ ပဲမျိုးစုံနှင့် အိမ်ထောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ကြိုတင်စီမံမှု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**



## မိုးရာသီကာလ၌ ခရီးသည်များ ပိုမိုစီးနင်းလိုက်ပါမှုများသဖြင့် ရေယာဉ်လိုင်းများ အဆင်ပြေလာ



**ဝါးခယ်မ ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်း ကျေးရွာများသို့ နေ့စဉ်ခုတ်မောင်းပြေးဆွဲနေသော ရေယာဉ်လိုင်းများတွင် ယခုလို မိုးရာသီကာလ၌ ခရီးသည်စီးနင်းလိုက်ပါမှု ပိုမိုများလာကြောင်း သိရသည်။

မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာသောကြောင့် နွေရာသီ၌ ဒေသခံပြည်သူများက ကား၊ ဆိုင်ကယ်၊ ထော်လာဂျီများဖြင့် ဆက်သွယ်သွားလာမှုများရှိကာ ရေယာဉ်လိုင်းဖြင့် မဖြစ်မနေ ဆက်သွယ်သွားလာရသော ကျေးရွာမှ ခရီးသွားပြည်သူများ စီးနင်းလိုက်ပါပြီး ကုန်သွယ်မှုစီးဆင်းရေးအတွက်သာ ရေယာဉ်လိုင်းများကို အလေးထားအသုံးပြုခဲ့ကြသည်။

ယခုအခါ မိုးရာသီကာလဖြစ်သည့်အတွက် ကျေးရွာအသီးသီးမှ တောင်သူလယ်သမားများ၏ ဒေသထွက်သီးနှံများ၊ ဒေသထွက်ကုန်များ တင်ပို့ရောင်းချမှု၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အိမ်ဆောက်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ၊ ရေနံဆီ၊ ဓာတ်ဆီ၊ လူသုံးကုန်များ၊ စားသောက်ကုန်များ သယ်ယူပို့ဆောင်မှု၊ ခရီးသည် ပိုမိုစီးနင်းလိုက်ပါမှုတို့ဖြင့် အဆင်ပြေလျက်ရှိကြောင်း ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## ဒေသအတွင်း သဘာဝဘေးအကူအညီပေးနိုင်ရေး မကွေးမီးသတ်တပ်ဖွဲ့လေ့ကျင့်

**မကွေး ဇူလိုင် ၈**

မိုးရာသီကာလအတွင်း ယမန်နှစ်ကကြုံတွေ့ခဲ့ရသော ဒေသတွင်း သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များအပေါ် အခြေခံ၍ ပြည်သူများအကူအညီလိုအပ်ပါက ချက်ချင်းအကူအညီပေးနိုင်ရန် မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ စီမံဆောင်ရွက်လျက်ရှိပြီး စွမ်းရည်ပြည့်ဝပြီး ထိရောက်သောကူညီမှုများပေးနိုင်ရန် မကွေးခရိုင်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးအား တာဝန်ရှိ ကြီးကြပ်ကွပ်ကဲသူများဦးဆောင်၍ ရေပြင်ကယ်ဆယ်ရေး လေ့ကျင့်မှုတစ်ရပ်ကို မကွေး ဧရာဝတီမြစ်ပြင်၌ ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ရုံးချုပ်ကလည်း ညွှန်ကြားတယ်။ မိုးဇလကလည်းသတင်းရတယ်။ မိုးရေချိန်များမယ်ပေါ့။ ကြီးအုံ-ကြီးဝဆည်တွေက ရေပိုလွှဲမှ ရေကျော်လာမယ်။ ရေများလာကြလာမယ်ဆိုရင် မနှစ်ကလို ရေကြီးလာနိုင်ပါတယ်။ အကယ်၍ ရေကြီးလာမယ်ဆိုရင် ပထမဆုံး သယ်ယူရွှေ့ပြောင်းရေးအစီအစဉ်လုပ်နိုင်ဖို့ မင်းဘူးမြို့နဲ့ မကွေးမြို့မှာ တပ်ဖွဲ့ဝင် ၃၅ ဦးပါဝင်တဲ့ တပ်စုတစ်စုဖွဲ့စည်းထားတယ်။ လှေတွေလည်း ကားပေါ်အသင့်တင်ထားတယ်။ Stand By အသင့်အနေအထားမျိုးထက် ပိုပြီး Stand To ချက်ချင်းဆောင်ရွက်နိုင်အောင် ယာဉ်အသင့်အနေအထားမျိုး ပြင်ဆင်ထားပါတယ်။ တပ်ဖွဲ့ဝင်တွေကလည်း လစဉ် ပုံမှန် ဧရာဝတီမြစ်ကြောင်းအတွင်းမှာ ရေဘေးကယ်ဆယ်ကူညီရေးအထောက်အကူပြုလေ့ကျင့်မှုတွေ ဆောင်ရွက်နေပါတယ်" ဟု မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဝင်းစိန်က ပြောသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းက သိန်း ၅၀၀၀ ခန့်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းကို နိုင်ငံတော်မှ ထောက်ပံ့ပေးခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် High Speed စက်တပ်အမြန်ရေယာဉ် ၁၀ စီး ထားရှိကြောင်း ယင်းကဆက်လက်ပြောကြားခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် ရေယာဉ်မောင်းနှင်မှုကျွမ်းကျင်စေရန်လေ့ကျင့်ခြင်း၊ နည်းပညာအထောက်အကူပြုပစ္စည်းများ အသုံးပြုမှုလေ့ကျင့်ခြင်း၊ ရေပြင်အသက်ကယ်နှင့် စွမ်းဆောင်ရည်တိုးတက်မှု လေ့ကျင့်ခန်းများကို လေ့ကျင့်ခဲ့ကြကြောင်း မြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

# သုတစွယ်စုံစာပေဆု (ဝိဇ္ဇာဘာသာရပ်) ရရှိခြင်းအတွက် "ဂုဏ်ယူဝမ်းမြောက်ခြင်း"

စွယ်စုံမီဒီယာဂရု(ပ်)၏ သုတစွယ်စုံ စာအုပ်တိုက်မှ ချီးမြှင့်သည့် (၁၁) ကြိမ်မြောက် (၂၀၁၄ခုနှစ်အတွက်) သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲတွင် **မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်၊ဒုတိယဥက္ကဋ္ဌ ဆရာဦးကျော်ကျော်လှိုင်(SMART)မှ "ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးကိုလေ့လာခြင်း (ပထမမြန်မာနိုင်ငံတော်)"** စာအုပ်ဖြင့် ၂၀၁၄ ခုနှစ် သုတစွယ်စုံစာပေဆု (ဝိဇ္ဇာဘာသာရပ်) ကို ချီးမြှင့်ခံရခြင်းအတွက် အထူးပင်လေးစားလျက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စာပေလောကတွင် ဆတက်ထမ်းပိုးတိုးတက်အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ နှင့် အမှုဆောင်များ**
**မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်**


**NK DO DO KO KO**
**Computer & Electronics Sales Centre**




32" Brand New
195,000Ks

နေ့ရာယူမှုနှင့် မီးစားအလွန်သက်သာပြီး ကြည်လင်ပြတ်သားမှု အမြင့်မားဆုံး

13" (12V) - 35,000-Ks
20" LCD - 50,000-Ks
32" LCD - 120,000-Ks

ရေခဲသေတ္တာ
2 Door (small) 60000/-
2 Door (medium) 70000/-
3/4 Door 100000/-



ရန်ကုန် (ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အပေါ်)။ ဖုန်း- ၃၈၀၆၅၄၊ ၃၈၉၀၈၅၊ ၀၉၅၁၃၀၈၃၂၊ ၀၉၅၁၃၀၅၈၀၁
ရန်ကုန် (ကျောက်တံတား) အမှတ်(၂၁၂)၊ ဆိပ်ကမ်းသာလမ်း(အလယ်)။ ဖုန်း- ၂၄၉၅၅၅၊ ၀၉၅၁၃၀၈၃၂၊ ၀၉၅၁၃၀၅၈၀၁ ( ဆိုင်ခွဲသစ် )
(တောင်ဥက္ကလာ) အမှတ်(၉၆၀)၊ သံသုမာလမ်း (စီမံကိန်းကားမှတ်တိုင်အနီး)ဖုန်း- ၀၉-၂၅၃၃၄၅၅၃၅၅၊ ၀၉-၅၃၁၁၈၁၄၁၅၊ ၀၉-၅၃၁၆၀၂၀၅
(တောင်ဥက္ကလာ) အမှတ်(၁၄၄)၊ ပါရမီလမ်း၊ ငုစ်ကွက် (ကေတုမာလာဈေး) ဖုန်း- ၀၉-၃၁၈၆၉၉၆၆၊ ၀၉-၉၆၀၂၄၉၉၆
မန္တလေး အမှတ်(၂၁၀)၊ (၃၁)လမ်း၊ ၈၃x၈၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း- ၀၂-၅၁၇၆၊ ၀၉-၆၀၁၁၆၆၅

ဈေးနှုန်းအချိုသဆုံး i7 Laptop
Satellite B550/B
289,000/-
* Core i7 2.8 GHz
* 4GB DDRIII
* HDD 250GB
* 1272 MB VGA
* DVD Rom
* LAN, Wifi, 15.6" TFT(Wide)



ကျောင်းသူ၊ ကျောင်းသားများအတွက် အချိုသဆုံး Laptop
D-530
129,000/-
* Core 2 Duo 2.0GHz (T7250)
* 1GB DDRII
* HDD 60GB
* 251MB VGA
* DVD Combo
* LAN, Wifi, 15" TFT



"ရွှေစည်"
အိမ်ပြောင်း အိမ်ရွှေ့နှင့် ကုန်သည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029, 09-8615420

လူထု
သံပန်း၊ သံတံခါး၊ လိပ်တံခါး၊ အလူမီနီယံ စတီးလုပ်ငန်း
ဖုန်း-09-5008411, 09-5031107, 09-5028986

တက်နေဝန်း
အိမ်ပြောင်း/ အိမ်ရွှေ့လုပ်ငန်း
(10'/14")Box ကားများဖြင့်
လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721


**ဖခင်အမည်မှန်**

လှိုင်သာယာမြို့နယ်၊ အထက (ခွဲ) ၃ ဒသမတန်းမှ မသဇ္ဈာထွန်းနှင့် နဝမတန်းမှ မောင်သီဟထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးကြည်စိုးအေး၁၄/ဝခမ(နိုင်)၀၇၅ ၃၉၈ ဖြစ်ပါကြောင်း။

ပြင်ဆင်ဖတ်ရှုပါရန်


(၂၈-၆-၂၀၁၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၇) ပါ အမွေသိစေရန် ကြေငြာချက်၌ ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၀) ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် (၅/၁၈) တိုက်ခန်းတွင် သိပ္ပံလမ်းအစား ပြည်ပိုလမ်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ်(၃၆၄)၊ မြေကွက်တည်နေရာအမှတ်(၃၆၄)၊ ရွှေနှင်းဆီ(၆)လမ်း (၂၅)ရပ်ကွက်၊ ဒဂုံ/တောင်မြို့နယ် ဦးစိန်မြင့် (CH-၀၀၂၀၅၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးစိန်မြင့်(ဖခင်)နှင့်ဒေါ်ညွန့်တင်(မိခင်)တို့ကွယ်လွန်သွားကြသောကြောင့် သမီးများဖြစ်သောဒေါ်ဥမ္မာဝင်း(၁၂/မဂတ(နိုင်)၀၃၃၀၀၁)နှင့် ဒေါ်သီတာမြင့်(၁၂/မဂတ(နိုင်)၀၀၀၇၃၇)တို့အမည်ပေါက်ခံပိုင်ခွင့်ရှိကြောင်းကတိသစ္စာပြုလွှာဖြင့် ... [illegible] ... ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


**ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော**
**MECHINICAL CAR PARKING**




TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.48.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

**COMPUTER VIDEO EDITING**

၂၂လည်း၊ ၈ဝ၊ ၈ ရက်၊ ကြာ၊ ငြိမ်းချမ်းရေးတောင်ကုန်း၊ မှုလောမြို့
Ph: 09-91006655, 09-33116655

**ဗီဒီယိုတည်းဖြတ် စာတွေ့၊ လက်တွေ့၊ အတတ်သင်တန်း**

- Adobe Premiere CS6
- Adobe Encore CS6
- စာတန်းထိုးခြင်း
- ကာရာအိုကေစာတန်းရေးထိုးခြင်း
- Ready made project များဖြင့် LOGO ပြုလုပ်ခြင်း

Motion background, Overlay, Audio File, Ready made project, Adobe Encore Menu

သင်တန်းကြေး - ၂၅၀,၀၀၀/-ကျပ်
သင်တန်းကာလ - ၂လ၊
သင်တန်းအချိန် - မနက် ၉း၀၀နာရီ မှ ၁၁း၀၀နာရီ၊ တနင်္လာနေ့ မှ သောကြာနေ့

၂၈-၇-၂၀၁၆

**Laser Care Clinic** Health & Aesthetic Centre



မျက်ခွံတွဲကျ၊ မျက်ခြီး ဘယ်ညာမညီမျှခြင်း
- ကိုရီးယားနည်းပညာဖြင့် အလှပဆုံး မျက်ခွံကို ရရှိစေရန် တာဝန်ယူပါသည်။

နှုတ်ခမ်းနီ၊ အမှောင်မျဉ်းများ၊ မျက်ခုံးမွေး နှင့် Eye Liner ပျော့အပြင်များအတွက်
- နှုတ်ခမ်းအရောင်သွင်းပေးခြင်း
3D မျက်ခုံးမွေးကို သဘာဝအတိုင်းလှပအောင် ဖန်တီးပေးခြင်း၊ Eye Liner ဆွဲပေးခြင်းများကို စိတ်ကျေနပ်အောင် ဆောင်ရွက်ပေးနေပါသည်။

- သဘာဝအတိုင်း အလှပဆုံးဖြစ်အောင် ပြန်လည်ပြုပြင်ပေးပါသည်။

- ဝက်ခြံ
- တင်းတိမ်
- မဲ့ခြောက်
- နေလောင်ကွက်
- ရွှေပေါက်ကျဉ်းခြင်း
- ဆေးမင်ကြောင်ဖျက်ခြင်း
- မဲ့ဖျက်ပေးခြင်းကို
ကုသပေးနေပါသည်။

10-30% discount

အမှတ် - ၂၅၊ အခန်း(၁၀၂)၊ ယုဇန Business တာဝါ၊ မွေစတီလမ်း၊ မြောက်ဥက္ကလာ၊ ရန်ကုန်။ Tel: 09 - 30 200 777, 09 - 30 200 888

ဗီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

**ကရုဏာစင်တာ ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှု ပညာဒါန၊ ဇီဝိတဒါန အလှူငွေပါဝင်လှူဒါန်းနိုင်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းဆရာတော် အရှင်တိက္ခ ဦးဆောင်သော ကရုဏာစင်တာမှ လူမျိုးဘာသာမရွေး ၂၀၀၇ ခုနှစ်ကစ၍ ပညာ၊ ကျန်းမာထောက်ပံ့စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဆင်းရဲနွမ်းပါး (၁၀)တန်း ကျောင်းသူ/သား (၆၅)ယောက်၊ တက္ကသိုလ်ကျောင်းသူ/သား (၂၀)ယောက်တို့နှင့် တောင်စွန်း တိုက်နယ်ဆေးရုံ ဘီးလင်းပြည်သူ့ဆေးရုံတို့၌ လူနာများအား လှူဒါန်းရေငွေကြေးသတ်မှတ်ကာ လစဉ်ထောက်ပံ့စောင့်ရှောက်လျက်ရှိပါသည်။ ပညာရေးပဒေသာပင်တစ်ပင်(၁၀၀၀၀)ကျပ်၊ ဆေးပဒေသာပင်တစ်ပင် (၂၀၀၀၀) ကျပ် စသည်ဖြင့် အချိန်အခါမရွေး ကုသိုလ်ပါဝင် စိတ်ထက်လှူဒါန်းနိုင်သည်။ လှူဒါန်းနိုင်ကြပါစေ။ (၁) ဦးဆောင်ဆရာတော်- 098626998 (၂)မင်းလှမ္မရိပ်သာကျောင်း၊ မဟာနီးဈေးအနီး၊ ရန်ကုန်မြို့။ ဖုန်း-0943116580, 0945006254 (၃) ကေဇာဝင်း ပုံနှိပ်တိုက်၊ (စိန်ပေါလ်မှတ်တိုင်အနီး) ဖုန်း 398440, 09448000520 (၄) ကမ္ဘောဇဘဏ်၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ အရှင်တိက္ခ (Account No. 00730100702498201) (၅) ကမ္ဘောဇဘဏ်၊ ကျိုက်ထိုဘဏ်ခွဲ၊ အရှင်တိက္ခ(Account No. 0731210012429)

**ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း မိန့်ကြားလွှာ**

ကရုဏာစင်တာ ဦးဆောင်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇမှ ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှုလုပ်ငန်းအတွက် ပြည်တွင်းပြည်ပ အလှူရှင်များသည် လစဉ်ပဒေသာပင်များ စိတ်ထက်လှူဒါန်းပေးပါသောကြောင့် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း အလေးထား၍ မိန့်ကြားတော်မူလိုက်ပါသည်။ သက်ရှည်၊ ကျန်းမာ၊ ချမ်းသာတော်မူကြပါစေသော် ...။ (ကရုဏာစင်တာ ပညာကျန်းမာ၊ နှမ်းဖြာဒါန ကျိုးရနှစ်ဖြာ၊ ဖြစ်ရာဘဝ ကြီးစွာပညာ၊ သက်ရှည်ခြင်း ထင်းရှင်းစွာရောဓီ။)

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်သီဟစိုး[၁၂/လမန(နိုင်)၁၀၉၈၉၀](ဘ)ဦးစိန်ဝင်း၏ Passport (No.မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၀၇၆၄၇

**ချေးသည်အသက်**

**လေကြောင်းလက်မှတ်**

**လပြည့်** 09-50-37438 532200
မြို့တွင်း/မြို့ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည်

**တရုတ်**
စကားပြောရုံမဆိုရင် (တရုတ်)စာမေးလည်းပြောလိုရတယ်။
Sayar.Yang

**ENGLISH**
**Conversation Practice**

Great Wall
TAMWE - 540714, 09 5183636
09 49 285182




**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

ဟင်္သာတမြို့၊ တာငါးဆယ်တောင်ရပ်ကွက်၊ ကြည့်ကန်ကျောင်းလမ်း၊ အမှတ်(၃၁၄)နေ ဦးလှမြင့်-ဒေါ်ခင်ရွှေဝင်းတို့၏ သား

**မောင်ခိုင်လင်းသော် (M.C Tech)**
**System Engineer (Bliss Stock Co.,Ltd)**
**Tokyo Japan**

နှင့်

ဖျာပုံမြို့၊ (၇)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၂၉)နေ ဦးမြင့်အောင်-ဒေါ်အေးအေးဝင်းတို့၏သမီးကြီး

**မဇင်မိုးသူ(B.Econ.Eco)**
**IT Management (ICI Co.,Ltd)**
**Tokyo, Japan**

တို့သည် ၂၈-၆-၂၀၁၆ ရက်(အင်္ဂါနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ခိုင်လင်းသော်-မဇင်မိုးသူ**

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ
**T.V (ရန်ကုန်)**
ကားမောင်း-စက်ပြင်သင်တန်း
09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
09-260111942, 09420066955
09-440051112, 09-44051113

**MALIKHA**
DIAGNOSTIC MEDICAL CENTRE
20% Discount
"Prevention is better than Cure"

| | Price | 20% Discount |
|---|---|---|
| Malikha Basic Package | 37,500 Ks | [illegible] |
| Malikha Standard Package | 87,600 Ks | [illegible] |
| Malikha Lifestyle Package | 145,200 Ks | [illegible] |
| Malikha Essential Package (Male) | 213,200 Ks | [illegible] |
| (Female) | 251,200 Ks | [illegible] |
| Malikha Elite Package (Male) | 248,200 Ks | [illegible] |
| (Female) | 304,200 Ks | [illegible] |

20% Discount (2016)
Ph:01-2304758,2304759,2304760
Hot Line:09-252280079
E-mail:malikha.healthcare@gmail.com
Website: www.Malikha.net
facebook
Malikha Diagnostic Medical Centre

**အများသိစေရန် အသိပေးကြေညာချက်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်(၉၇၁)၊ အကျယ်အဝန်း(၀. ၀၆၂)ဧကရှိ နှစ်(၆၀)ဂရန်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဗိုလ်ဂါမဏိလမ်း၊ အမှတ်(၉၇၁)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်တင်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၆၅၁/၂၀၁၃)ရရှိထားသော ဒေါ်တင်တင်လှိုင် [၁၂/ရကန(နိုင်)၀၇၄၂၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၀၇)**
**တိုက်အမှတ်(၁၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊**
**လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**










**မြေညီရောင်း**

12'x40'၊မြေညီ+မှန်စန်း၊ ကန်တော်လေး-တိုက်သစ်
သိန်း-၆၅၀(ပွဲစားမလို)
Ph:09-452465517

---

**ဖခင်အမည်မှန်**

လှည်းကူးမြို့နယ်၊ အထက ရဲမွန်ကျောင်း၊ နဝမတန်း(B)မှ စောနေလင်းဦး၏ ဖခင်အမည်မှန်မှာ ဦးလှမင်းဖြစ်ပါကြောင်း။
ဦးလှမင်း
[၁၂/လကန(နိုင်) ၀၄၈၅၆၈]

---

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ အထက ပုတီးကုန်း၊ နဝမတန်း(A)မှ မောင်မြတ်လွင်စိုး၏ ဖခင်အမည်မှန်မှာ ဦးကြည်ရွှင် [၇/ပတတ (နိုင်)၁၁၃၉၅၇]ဖြစ်ပါကြောင်း။

---

**ဦးအေးကြူနှင့် အများသိစေရန်**

ဦးအေးကြူ၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဒေါ်ခင်ခင်စိုးနှင့် ဒေါ်အိမြတ်မွန်တို့၏ (၅-၇-၂၀၁၆)နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၀)ပါ အများသိစေရန်ကြော်ငြာချက်၌ ဖော်ပြထားချက်သည် မှန်ကန်မှုမရှိပါ။ ရွှေပြည်သာမြို့နယ်၊ (၂၉/၂)ရပ်ကွက်၊ မင်းလမ်းသွယ်၊ အမှတ်(၂၆၆) လိပ်စာရှိ မြေနှင့်နေအိမ်ကို လက်ရှိပိုင်ဆိုင်သူ ဒေါ်မာလာထွန်းက ဦးအေးကြူထံမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသရယူလျက် ရောင်းချထားခြင်းမရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်မာလာထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မြိုးလတ်
LL.B, DL(101) LP WIPO (Switzerland)
ဘဏ်ဥပဒေအကျိုးဆောင် နှင့် အထက်တန်းရှေ့နေ (စဥ်-၃၃၀၆၃)
အမှတ်- ၅၄၂ ပထမထပ်၊ (A-1) May Shopping Centre
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း- ၀၉ ၂၅၄၃ ၂၀၅၂၇

---

**အိမ်ရောင်းမည်/ငှားမည်**

ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာအနီး (ညီနှိုင်းဈေး)ဖြင့် လုံးချင်းအိမ် ရောင်းမည်။
ဖုန်း-၀၉ ၃၀၀၉၄၉၈၂

---

**အများသိစေရန် ကြေညာချက်**

၁။ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ မနောဟရလမ်း၊ အမှတ်(၁၁၀)တွင် ဒနန်းတည်း (၆)ထပ်တိုက် အဆောက်အဦ (၂)လုံး ဆောက်လုပ်ခွင့်အား မြေရှင် ဦးအောင်ဇေ + ၂ လိုင်စင်ရ အင်ဂျင်နီယာ ဒေါ်မွန်မွန်သူ(1S-1130)၊ လိုင်စင်ရ ကန်ထရိုက်တာ ဦးဆန်းလွင် (LC-919)တို့မှ တင်ပြလျှောက်ထားလာပါသဖြင့် ဤဌာန၏ (၁၀-၃-၂၀၁၅)ရက်စွဲပါ စာအမှတ်၊ ၅၈၄၈/၅၈၅၀/ စည်ပင်-ယာ(၁၃) ခွင့်ပြုမိန့်ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ဒနန်းတည်း (၆)ထပ်တိုက် အဆောက်အဦ (၂)လုံးအနက် အဆောက်အဦ(၁)လုံး၏ ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာနှင့် လိုင်စင်ရအင်ဂျင်နီယာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက နိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

---

**အများသိစေရန်ကြေညာခြင်း**


ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်(မရမ်းစု)၊ မေတ္တာလမ်း၊ အမှတ်(၉၃၂) ဟုခေါ်တွင်သော အိမ်ခြံမြေသည် ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးဘညွန့်၊ ဒေါ်စန်းမြင့်တို့မှမွေးဖွားသော သားသမီးများဖြစ်ကြသည့် ဦးကျော်ဦး၊ ဒေါ်ယဉ်ယဉ်မြင့်၊ ဦးကြည်ဝင်း၊ ဒေါ်ခင်ခင်မြင့်၊ ဦးအောင်သိန်း၊ ဒေါ်ညွန့်ရီ၊ ဒေါ်တင်တင်နု၊ ဒေါ်မာမာခင်တို့ (၈)ဦးအနက် အမွေဝေစုရရှိပြီးဖြစ်သည့် ဦးကျော်ဦးမှလွဲ၍ ကျန်ညီအစ်ကိုမောင်နှမ (၇)ဦးတို့ အမွေဆိုင်အိမ်ခြံမြေဖြစ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ယဉ်ယဉ်မြင့် [၁၂/မရက(နိုင်)၁၀၃၁၇၅]ကိုင်ဆောင်သူသည်လည်း အမွေဆိုင်သော အိမ်ခြံမြေဖြစ်ပါသောကြောင့် အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်အမှုသည် ဒေါ်ယဉ်ယဉ်မြင့်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျန်အမွေဆိုင်များက လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ယဉ်ယဉ်မြင့်
[၁၂/မရက(နိုင်)၁၀၃၁၇၅]

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဌေးဝင်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၂၁၆)
အမှတ်(၁၅၉)၊ မြရတနာ(၇)လမ်း၊
(ခ)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။

---




**သင့်သွေးဖြင့် အသက်ကယ်ပါ**

ဆရာဒွေး နှင့်သမီး-ဆရာမ ဒွေးစန္ဒာလွင် B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသားသင်
Ph: 01-375970, 0951 72096, 09254541441

LCCI - EDI (UK)
စီးပွားပန်းဆောင်
LCCI Level 1-2-3
AutoCount Computerised Accounting
2016-December Series (July) (9.7.2016)
(15.7.2016) 10% Discounts
09-5118647-73009869-73013432-73028433

အာရှနဂါး
Asia Dragon
Ph: 01 707062, 09 799100100
01 703790, 09 797100100

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် အထူးခရီးစဉ်
ဘယား - လှိုင်ကော် နှင့် ရွှေ - ဝင့်ခွန်
၁၆ - ၇ - ၂၀၁၆ မှ ၁၉ - ၇ - ၂၀၁၆ အထိ
သုခမိန်ဧကဝ 09 51 55654 / 09 965155654 / 01 253079

MIHARA CAR RENTAL
Ph: 09-49218700, 09-5025400, 09-43124072

ABAC Offshore Myanmar Campus
Assumption University
MBA (Batch 15)
Master of Business Administration
Study at Myanmar Plaza
M.M.OD (Batch 1)
Master of Management in Organization Development
Ph.D.OD (Batch 4)
Doctor of Philosophy in Organization Development
Ph.D.BA (Batch 2)
Doctor of Philosophy in Business Administration
More New Professional Management Certificate Programs
Opening Soon...
- Marketing Management
- Financial Management
- General Management
- Technology Management
- Tourism Management
- Organization Development
- Automotive Dealer Management
Part Time Program (Mon-Fri: 6:00 PM ~ 9:00 PM / Sat & Sun: 9:00 AM ~ 4:00 PM / Block Teaching)
Martin's Learning Center: Unit 105B, Myanmar Plaza, Kabaaye Pagoda Road, Yankin Township, Yangon, Myanmar.
Website: www.grad.au.edu / www.au.edu
Email: admission.abacmartin@gmail.com
09-43109805 / 09-799657660 / 09-428154292

လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း
(Human Resource Management Training)
MYANMAR'S LAND
Success, Motivation and Management Institute
HR
24-7-2016 စမည်။
Every Sun : 2 pm to 5 pm (2 Months)
Limited Seats !
First ရရှိထားသော ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။

Lecturer
ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ)
ကုမ္ပဏီ အဖွဲ့အစည်းများအတွက် Corporate Training များ စီစဉ်သင်ကြားပေးသည်။
Campus - Taw Win Centre (3rd Floor) website : www.lynnthaiknyunt.com www.facebook.com/ltnmyanmarland
Can Contact : 01 503172, 09 259290274, 09 259290273, 09 32350785, 09 43121060

FORWARD CAR RENTAL
Ph: 09 5089800
09 252522200

SEVEN
Ph: 09 - 33 333 511
09 - 33 333 514
09 - 33 333 644

AN EASY GUIDE TO CHEMISTRY
တက္ကသိုလ်ဝင် စာမေးပွဲ
၂၀၁၆၊ ၂၀၁၇ (မြည်တွင်း၊ နိုင်ငံခြား)
ထွက်နေပြီ

IMA
Institute of Accounting & Finance
ဖွံ့ဖြိုးလာတော့မယ့် STOCK SHARE ဈေးကွက်အတွက်
သင်အသင့်ဖြစ်ပြီလား ?
☞ ရင်းနှီးမြှုပ်နှံလိုပါသလား ...?
☞ Share အကြောင်းသိလိုပါသလား ...?
☞ ဘဏ္ဍာရေးကဏ္ဍမှာ အဆင့်မြင့်ရာထူးရလိုပါသလား ...?
SECM အသိအမှတ်ပြု Yangon Stock Exchange
သင်တန်းမှ Short Courses များကို
1. Fundamentals of Stock Market
2. Financial Analysis
3. Fundamentals of Investments
4. Derivatives
5. Technical Analysis တို့နဲ့ အဘက်ဘက်က ရှုထောင့်ပေါင်းစုံနှင့် နိုင်ငံတကာ စတော့ရှယ်ယာဈေးကွက်တွင် အတွေ့အကြုံများစွာရှိထားသော ဝါရင့်ဆရာများဖြင့် သင်ကြားပေးနေပါပြီ ...
July တန်းခွဲလက်ခံပြီ...
Sat - 9am~4:30pm
Sun - 12:30~4:30pm
Fees - 98,000 ks
SECM
မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်
375 Bogyoke Aung San Road, Penthouse, IMA Building, Pabedan, Yangon, Myanmar. Tel : 09 4200 111 84, 01 376 901

Forever
Gems by
Up to 35% off
ရွှေနန်းတော်



Silver card,Gold card, Diamond card အကျိုးခံစားခွင့်များနှင့် 3D CAD/CAM ဖြင့် ကမ္ဘာ့အဆင့်မီ လက်ဝတ်ရတနာများကို ထုတ်လုပ်ရောင်းချပေးခြင်း၊ Order ထည်များကိုလည်းလက်ခံခြင်းများ ဆောင်ရွက်ပေးနေပါသည်။

ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၄)ဆိုင်၏
"ရွှေပြည်တစ်ဝန်း ရွှေရောင်လွှမ်းမယ့်နေ့ရက်များ"
၁-၇-၂၀၁၆ မှ ၃၀-၁၂-၂၀၁၆ အထိ

Toyota Brand New ကား (၃)စီး
(၂)ကျပ်သား ရွှေဆွဲကြိုး (၁၀)ကုံး
(၁)ကျပ်သား ရွှေဆွဲကြိုး (၁၀)ကုံး
(၅)မူးသား ရွှေဆွဲကြိုး (၂၀)ကုံး



ဈတ်ချင်းဝေါတ် ဈတ်ချင်းထုတလာမပါထံခမ်းမဲ
(၁) ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၁၂ပဲ) ရွှေဆွဲကြိုး (၅) ကုံး
(၈ပဲ) ရွှေဆွဲကြိုး (၁၀)ကုံး
ရွှေသားကံစမ်းမဲ(၁၅၀)ကျော်ချီးမြှင့်ပေးမည်။



အများဆုံးဝယ်ယူသူ(၂၅)ဦး (၃၀.၁၂.၂၀၁၆)အထိ
ရွှေ(၁၀)ကျပ်သား၊ ရွှေ(၇)ကျပ်သား၊
ရွှေ(၅)ကျပ်သားအပါအဝင်
ရွှေသားဆုမဲ(၂၅)ခု



Golden Palace Super Diamond card
GIA/HRD Certificate Available, Hongkong လက်ရာစိန်ထည်များ
MPU/Visa/Master/Debit Cards

ဆိုင်(၁)- PH: 01-210572,01-229409,01-227212
ဆိုင်(၂)- PH:01-211728, 01-226977,01-228751
ဆိုင်(၃)- မြို့ဦးပေါ်၊ JUNCTION SQUARE SHOPPING CENTRE PH:01-211728, 09-731 45462,09-731 45463
ဆိုင်(၄)- (G-05A), မြို့ဦးပေါ်၊ MYANMAR PLAZA (HAGL GROUP) NEAR SEDONA HOTEL), PH: 09-2653 99966, 09-2653 99977

Since 1996
Home
Think of House, Think of Home
ဈေးနှုန်း အသက်သာဆုံး
Kitchen Cabinets
မီးဖိုခန်းသုံး နံရံကပ် ဗီရိုများ



** စိတ်တိုင်းကျ ဒီဇိုင်းမျိုးစုံ ရရှိပါသည်

Since 1996
Home
READY MADE FLOOR
ပါကေးအစားထိုး ကြမ်းခင်း
> Grade A, B, C, D အစစ်များသာ ရောင်းပါသည်။
> ဈေးနှုန်းအနိမ့်ဆုံး အမြင့်ဆုံးထိရှိပါသည်။
> ကျင်းပြတ်နှင့် Skirting အပြီးအစီး။
(Stock Limited အတွင်းသာ)

Branch Showroom > အမှတ် E 11-A၊ လေးထောင့်ကန်လမ်းမ၊ ဘီအိုစီမှတ်တိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 79 700 7073, 09 79 700 7083

အမြန်ရောင်းမည်
သန်လျင် - GTC ကျောင်းနှင့်နီး
ပေ ၄၀ x ၆၀ မြေကွက်
သိမ်း (၃၁၀) ညီနှိုင်း
ကားနှင့် အလဲအထပ် လုပ်ချင်သည်။
Ph : 09 795 624 817, 09 420 179 378

ခင်မြို့ညွန့်
အငှားဝိုင်း
အိမ်ကာမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

အဝတ်တွေကို သန့်ရှင်းစင်ကြယ်စွာ လျှော်ဖွပ်ပေးမယ့်.....
NIBBAN အဝတ်လျှော်စက်
မြန်မာတို့ရဲ့ဂုဏ်ယူဖွယ်ရာ အမှတ်တံဆိပ်......
NIBBAN®



၂နှစ် အာမခံ
WM-SA100IGC NEW !
WM-SA95L
WM-FA90II
Semi Auto Washing Machine
* ရေသုံးစွဲမှု သက်သာခြင်း
* Pressure Pump တပ်ဆင်စရာမလိုပဲ ရေဘုံဘိုင်ခေါင်းနှင့် တိုက်ရိုက် ဆက်သွယ် အသုံးပြုနိုင်ခြင်း
* 3D Washing Function
* Zero Pressure Function
* Self-Clean Function
* Sterilize Function

1. Wash & Laundry Fair 2016 (1.7.2016 to 7.7.2016)
(Ocean ➡ North Point, Pazundaung,Shwe Gone Daing, Mawlamyine, Pathein Branch)
2. Wet Season Promotion (30.6.2016 to 11.7.2016)
Capital Hypermarket
3. Pro 1 Mart မိုးရာသီ Promotion (1.7.2016 to 31.7.2016)

Hot Line Ph: 09 500 1999
nibban electric & electronics




ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - TMR ၀၁၂၅၆၇ (၁၅၀၃)
လေငန်းပမ်း၍ ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တထထလ(တိုး)၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။




GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

**ရောင်းမည်**

တောင်ဥက္ကလာပမြို့နယ်တွင် နေရာသန့်၊ အရည်သွေးကောင်း အသင့်နေနိုင်၊ တိုက်သစ် ပေ (၁၈× ၅၂)၊ မြေညီ (ညှိနှိုင်း)၊ ဒုတိယထပ် (၄၉၅)သိန်း

စုံစမ်းရန်
ဖုန်း-၀၉-၇၉၉၆၉၉၁၆၉
၀၉-၅၁၅၉၈၂၂

**တစ်ဦးတည်းဖြစ်ပါကြောင်း**

သာစည်မြို့နယ်၊ အမှတ်(၁)ချမ်းသာကြီးရပ်ကွက်နေ ဦးဝင်းမောင်-ဒေါ်လှကျင်တို့၏သမီး ဒေါ်မိုးမိုး|၉/သစန(နိုင်)၀၀၁၆၆၀|နှင့် ဒေါ်တင်တင်မိုးမှာ တစ်ဦးတည်းဖြစ်ပါသည်။

ဒေါ်မိုးမိုး(ခ)ဒေါ်တင်တင်မိုး

**ပျောက်ဆုံးကြောင်း**

ကျွန်တော်များ JMKS Co.,Ltd. မှ ED No-209214 (02-06-2016) Original ထုတ်ကုန်ကြေညာလွှာမှာ လုပ်ငန်းလုပ်ကိုင်စဉ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၃၇၄၈၀၂

**ရောင်းမည်**

၁။ မှော်ဘီ၊ လှည်းကူးခရိုင်ချင်းဆက်လမ်းဘေး၊ ကျောက်ပြားစက်ရုံအနီး၊ တစ်ဧက သိန်း(၁၇၀)၊ ဧက(၃၀)ရှိ

၂။ ပိုးသတ်ဆေးစက်ရုံအနီး၊ ဖိုးဒေါနကုန်း၊ တစ်ဧက သိန်း(၁၀၀)၊ ဧက(၃၈)ရှိ

ဖုန်း-၀၉-၄၀၀၀၀၀၄၀၁
၀၉-၇၃၁၅၄၀၂၀

**ရောင်းမည်**

တောင်ဥက္ကလာပဘုရားအနီး၊ သစ္စာလမ်းထောင့်၊ အိပ်ခန်း ၂ခန်းဖွဲ့ ပြင်ဆင်ပြီး။ 2 AC၊ တတိယထပ်၊ (၄၅၅)သိန်း

Ph:09-5141080,
09-73166680

**တိုက်ခန်းရောင်းမည်**

သဃ်န်းကျွန်း၊ (12½'×50')၊ ပထပ်၊ ကြွေ ပါကေးခင်း၊AC(1)ပါ၊ အခန်း(၁)ပါ၊ သိန်း(၃၅၀)ညှိနှိုင်း

Ph:09-979538548,
09-974015906

အရည်အသွေးဆိုင်ရာတိုင်းရင်းဆေးအရည်အသွေးကမ္ဘာ့ရွှေကြယ်ပွင့်ဆု(ဂျီနီဗာ– ၂၀၁၀)နှင့် Certificate ရ
ပျံ့-၅-ကောင် တိုင်းရင်းဆေးခန်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဖြန့်ချိရေး
ပျံ့-၅-ကောင်အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေး၊ ပျံ့-၅-ကောင် အမှတ်တံဆိပ် သွေးတိုးကျဆေး၊ ရှားစောင်းလက်ပပ်ချက်ဆေး၊ နှလုံးဆေး၊ အသည်းဆေး၊ နှလုံးအားတိုးဆေး၊ အပြုဆင်းရောဂါသောက်ဆေးနှင့် ပြည်လုံးကျွန်းမာ မီးယပ်သွေးပုပ်ချဆေးများကို ရန်ကုန်မြို့ နှင့် မန္တလေးမြို့ ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။ ကြော်ငြာခွင့်ပြုချက်အမှတ် – တဆဝက(စာနယ်ဇင်း) ၀၇၅/၀၈၁၃
ပဓာနဆရာ – ဒေါက်တာစိုးမြင့်အောင် (ဓါးဆည်မ) Ph.D (Alternative Medicines)
အမှတ် – ၁၃၁(မြေညီထပ်)၄၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ဖုန်း – ၃၈၀၁၇၅ / ၃၉၂၅၉၄

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်ကျင်းပရန် ပြင်ဆင်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၈**

လာမည့် ဩဂုတ်လတွင် ကျင်းပရန်ပြင်ဆင်လျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ် (CSOs Forum)ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး(၂၁) ရာစုပင်လုံအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းလမ်းညွှန်မူကြမ်း TOR ကို ရေးဆွဲပြီးပြီဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ် (CSOs Forum)ကျင်းပရန် ပြင်ဆင်နေခြင်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel ၌ ပြုလုပ်ခဲ့သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်ဖြစ်မြောက်ရေး ယာယီကော်မတီအဖွဲ့ဝင် ဒေါ်ဖွေးယုမွန်က "ဇွန် ၁ ရက်ကစပြီး (၂၁)ရာစုပင်လုံအတွက် ကျွန်မတို့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ အစည်းအဝေးခေါ်ကြတယ်။ အဲဒီမှာ CSOs တွေရဲ့ အခန်းကဏ္ဍက ဘာတွေဖြစ်မလဲ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံမှာ ဘယ်လိုအခန်းကဏ္ဍကနေ ပူးပေါင်းပါဝင်ကြမလဲ၊ ဘာတွေကို လုပ်ဆောင်သွားမလဲ၊ ဘယ်လို ရပ်တည်ချက်နဲ့ သွားမလဲ၊ ဘယ်လိုအသံတွေကို လွှင့်သွားမလဲဆိုတာတွေ အဓိကထားပြီး ဆွေးနွေးကြပါတယ်။ အစည်းအဝေးတစ်လျှောက်မှာ ဘာအဖြေထွက်လာသလဲဆိုတော့ CSOs တွေရဲ့ လုပ်ငန်းလမ်းညွှန်ကို CSOs တွေကိုယ်တိုင်ရေးဆွဲသင့်တယ်ဆိုတဲ့အချက် ထွက်ပေါ်လာပါတယ်။ ကျွန်မတို့အရေးပေါ် အစည်းအဝေးလုပ်ပြီး ကွန်ရက် ၂၀ ကျော်ရဲ့ အဖွဲ့အစည်း ၄၀ ကျော်က အခုဇူလိုင်မတိုင်ခင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○



အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်ကျင်းပရန် ပြင်ဆင်နေခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ (ဓာတ်ပုံ-ဖိုးထောင်)

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုထားသည်။

အလားတူ ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် နှစ်ပေခန့်နှင့် မော်လိုက်မြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် ပေဝက်ခန့်နှင့် နောက်နှစ်ရက်အတွင်း မော်လိုက်မြို့တွင် နှစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။ **(ကြေးမုံ)**



## အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာနှင့် ဩစတြေးလျတွေ့ဆုံ

မြန်မာလူငယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၆ အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဩစတြေးလျအသင်းနှင့် အုပ်စုအဖွင့်ပွဲစဉ် ကစားရမည်ဖြစ်သည်။

အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်း ၁၁ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် ဩစတြေးလျ၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်တို့နှင့် တစ်အုပ်စုတည်းကျရောက်နေကာ အုပ်စု(ခ)တွင် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ တီမော၊ ဘရူနိုင်းအသင်းတို့ ပါဝင်လျက်ရှိသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၁၀ ရက်တွင် ဩစတြေးလျအသင်း၊ ဇူလိုင် ၁၂ ရက်တွင် စင်ကာပူအသင်း၊ ဇူလိုင် ၁၄ ရက်တွင် ဗီယက်နမ်အသင်း၊ ဇူလိုင် ၁၆ ရက်တွင် မလေးရှားအသင်း၊ ဇူလိုင် ၁၈ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြောက်သင်းအုပ်စုတွင် ပါဝင်နေသလို ခြေစွမ်းမြင့်မားသည့် ဩစတြေးလျ၊ ဗီယက်နမ်၊ မလေးရှားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် ခက်ခက်ခဲခဲရုန်းကန်ရဖွယ်ရှိနေသည်။

မြန်မာ ယူ-၁၉ အသင်းကို ယူ-၂၀

စာမျက်နှာ ၉ ကော်လံ ၅ သို့ □

